မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၁ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၄ ရက်၊ ၂၀၀၉ ခုနှစ်၊ စက်တင်ဘာ ၂၂ ရက်၊ အင်္ဂါနေ့၊ အတွဲ(၄၈)၊ အမှတ်(၃၅၂)

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သောနိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ရွှေဟသာ်ဆရာတော်ဘုရားကြီး၏ ဆုံးမသြဝါဒ

အများအကျိုး ရှက်သယ်ပိုးက၊
ခနိုးခနဲ့ ဆိုကဲ့ရဲ့လည်း၊
မဖဲ့စကောင်း၊ ကိုယ့်လမ်းကြောင်းကို၊
စိတ်ကောင်းနှင့်ယှဉ်၊ ရှေးရှုနှင်လော့။

သတင်းခရီးသည်	-	မောင်မောင်မြင့်ဆွေ
ဓာတ်ပုံမှတ်တမ်း	-	တင်စိုး (မြန်မာ့အလင်း)
စာမျက်နှာဖွဲ့စည်းမှု	-	တိုးလွင် (မြန်မာ့အလင်း)

နေပြည်တော်မှ ခရီးဝေးသွား အဆင့်မြင့်မော်တော်ယာဉ်ကြီးများ

နေပြည်တော် မြို့မဈေးတွင် အဆင့်မြင့် အဝေးပြေးမော်တော်ယာဉ်ကြီးများ ရပ်နားထားပြီး ခရီးသွားများ စီးနင်းနိုင်ရန် အသင့်ရှိနေသည်ကို ဤသို့ တွေ့ရသည်။
ဓာတ်ပုံမှတ်တမ်း-တင်စိုး (မြန်မာ့အလင်း)

ရန်ကုန် စက်တင်ဘာ ၂၁

နေပြည်တော် မြို့မဈေးတောင်ဘက်နှင့် အရှေ့ဘက်မျက်နှာစာတွင် အဝေးပြေး အဆင့်မြင့်မော်တော်ယာဉ်ကြီးများ တန်းစီဂိတ်ထိုးထားသည်။ အရောင်စုံ၊ ဒီဇိုင်းစုံဖြင့် ခေတ်မီလှပသည့် အဝေးပြေးခရီးသွား မော်တော်ယာဉ်ကြီးများက ခရီးသွားကြမည့် ဝန်ထမ်းများ၊ ပြည်သူများနှင့် ရောင်းဝယ်ရေးလုပ်ငန်းသမားများအတွက် အသင့်ရှိနေသည်။

စာမျက်နှာ ၈ ကော်လံ ၁ ❒

၂၀၀၉-၂၀၁၀ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲဝင်ခွင့် လျှောက်လွှာပုံစံနှင့် ငွေသွင်းတံဆိပ်ခေါင်း

အောက်တိုဘာ ၁ ရက်မှစတင်၍ ဖြန့်ချိပေးမည်

ရန်ကုန် စက်တင်ဘာ ၂၁

၂၀၀၉-၂၀၁၀ပညာသင်နှစ်အတွက် ကျင်းပပေးမည့် တက္ကသိုလ်ဝင်စာမေးပွဲကို ဝင်ရောက်ဖြေဆိုကြမည့် ကျောင်းသား ကျောင်းသူများအား တက္ကသိုလ်ဝင်စာမေးပွဲဝင်ခွင့် လျှောက်လွှာပုံစံနှင့် ငွေသွင်းတံဆိပ်ခေါင်းတို့ကို ရန်ကုန်မြို့ လှိုင်တက္ကသိုလ်နယ်မြေရှိ မြန်မာနိုင်ငံစာစစ်အဖွဲ့ရုံး (ဓွဲကပင်ဆောင်)၌ အောက်တိုဘာ ၁ရက်မှစတင်၍ သတ်မှတ်ထားသောနှုန်းထားဖြင့် ဖြန့်ချိပေးမည်ဖြစ်သည်။

ခွဲခြားသတ်မှတ်

စာမေးပွဲဝင်ခွင့် လျှောက်လွှာတင်သွင်းရာ၌ ဘာသာတွဲအမှတ်စဉ် (၁)၊ (၅)၊ (၆)၊ (၇)၊ (၈)များဖြင့် ဖြေဆိုမည့်သူများအတွက် အစိမ်းရောင်ဝင်ခွင့်လျှောက်လွှာနှင့် ကတ်ပြားပုံစံတို့ဖြင့်လည်းကောင်း၊ ဘာသာတွဲအမှတ်စဉ်(၂)၊ (၃)၊ (၄)များဖြင့် ဖြေဆိုမည့်သူများအတွက် ပန်းရောင်ဝင်ခွင့်လျှောက်လွှာနှင့် ကတ်ပြားပုံစံတို့ဖြင့်လည်းကောင်း တင်သွင်းရန် အရောင်နှစ်မျိုး ခွဲခြားသတ်မှတ်ထားသည်။

ပြင်ပဖြေဆိုရန် လျှောက်လွှာတင်သွင်းသူများသည် သက်ဆိုင်ရာ မြို့နယ်ပညာရေးမှူးရုံးများ၌ စာမေးပွဲဝင်ကြေးအတွက် ကျသင့်ငွေသွင်း တံဆိပ်ခေါင်းများ ဝယ်ယူပြီး ဝင်ခွင့်လျှောက်လွှာ၏ လက်ဝဲဘက်ထိပ်ပိုင်းတွင်ကပ်၍ မိမိတို့ အမှန်တကယ်နေထိုင်သည့် မြို့နယ်ပညာရေးမှူးရုံး၌ ၂၀၀၉ခုနှစ် အောက်တိုဘာ ၁ရက်မှ ၃၀ရက်အတွင်း တင်သွင်းကြရမည်ဖြစ်သည်။

စာမျက်နှာ ၃ ကော်လံ ၁ ●

ယနေ့ခေတ် မော်တော်ယာဉ်များနှင့် မြန်မာနိုင်ငံ၏လမ်းများ (၃)

သတင်းဆောင်းပါး-ခရမ်းစိုးမြင့်၊ ဓာတ်ပုံ-ဆောက်လုပ်ရေးဝန်ကြီးဌာန၊ စာမျက်နှာဖွဲ့စည်းမှု-လှဲ့လှဲ့ဝင်း(မြန်မာ့အလင်း)

ရန်ကုန် စက်တင်ဘာ ၂၁

ယနေ့ကာလတွင် ယခင်ကထက် လမ်းမိုင်ပေါင်းများစွာ တိုးတက်လာသကဲ့သို့ လမ်းပေါ်ဖြတ်သန်းသွားလာနေကြသော ယာဉ်အမျိုးအစားများနှင့် အရေအတွက်များသည်လည်း တိုးတက်များပြားလာလျက်ရှိသည်။ *စာမျက်နှာ ၇ ကော်လံ ၁* ■

ရန်ကုန်-ကျောက်ဖြူ ကားလမ်းပိုင်းတစ်နေရာကို ဤသို့တွေ့ရသည်။
ဓာတ်ပုံ-ဆောက်လုပ်ရေးဝန်ကြီးဌာန

22-9 (01).pmd 1 9/21/2009, 2:36 PM

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၉ ခုနှစ် စက်တင်ဘာ ၂၂ ရက်)

ဒို့တာဝန်အရေးသုံးပါးကို စောင့်ထိန်းကာကွယ် ရည်မှန်းချက်ပန်းတိုင်ရောက်ရှိရေး ကြိုးပမ်းအားထုတ်

မြန်မာနိုင်ငံသည် ရှည်လျားသောသမိုင်းတစ်လျှောက်လုံးတွင် အချုပ်အခြာအာဏာပိုင် လွတ်လပ်သောနိုင်ငံအဖြစ် ကမ္ဘာ့အလယ်တွင် ဝင့်ထည်စွာ ရပ်တည်လာခဲ့သည်။ ပြည်ထောင်စုဖွား တိုင်းရင်းသားသွေးချင်းညီအစ်ကိုများသည် ပြည်ထောင်စုကြီးအတွင်း တစ်မြေတည်းနေ၊ တစ်ရေတည်း သောက်ကြလျက် တစည်းတလုံးတည်း စုပေါင်းနေထိုင်ခဲ့ကြပြီး အချုပ်အခြာအာဏာကို ပူးပေါင်းကာကွယ်စောင့်ရှောက်ခဲ့ကြသည့် အစဉ်အလာ ကောင်းများရှိခဲ့သည်။

အချုပ်အခြာအာဏာတည်တံ့ရေးအတွက် အခြေခံအကျဆုံးလိုအပ်ချက်သည် ပြည်ထောင်စုစိတ်ဓာတ်ပင်ဖြစ်သည်။ ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်ကြသည်ဖြစ်စေ မြဲမြံသည့်ပြည်ထောင်စုစိတ်ဓာတ် မွေးမြူသွားကြရန် အရေးကြီးသည်။

နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများနှင့် ပြည်တွင်းရေး ဝင်ရောက်စွက်ဖက် ပြည်ပနိုင်ငံသားအားလုံးကို တိုင်းရင်းသားပြည်သူများက ဆန့်ကျင်တိုက်ဖျက်သွားကြရမည်ဖြစ်သည်။

နိုင်ငံတော်အစိုးရသည် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စစ်မှန်၍ စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ်ကြီး ပေါ်ထွန်းရေးကို အမျိုးသားရေးရည်မှန်းချက်ပန်းတိုင်အဖြစ် ခိုင်ကျည်စွာချမှတ်ပြီး အေးချမ်းသာယာရေးနှင့်တရားဥပဒေစိုးမိုးရေး၊ နိုင်ငံတော်နှင့် နိုင်ငံသားတို့၏ စီးပွားရေးအခြေခံအဆောက်အအုံများ တောင့်တင်းခိုင်မာရေးနှင့် လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးတို့ကို အကြားအလပ် မရှိ အကောင်အထည်ဖော်လျက်ရှိသည်။

ယင်းကဲ့သို့ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးကို ကြိုးပမ်းရာ၌ နိုင်ငံတော်တည်ငြိမ်အေးချမ်းမှသာ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်နိုင်မည်ဖြစ်သကဲ့သို့ ဒီမိုကရေစီကိုလည်း ဖော်ဆောင်နိုင်မည်ဖြစ်သည်။ မင်းမဲ့စရိုက်၊ ဆူပူမှုတို့သည် ဒီမိုကရေစီနှင့်ဆန့်ကျင်ဘက်ဖြစ်ပေရာ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီကိုရရှိနိုင်မည် ဖြစ်သည်။

သို့ဖြစ်ပေရာ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသော အမျိုးသားရေးမူဝါဒကို တိုင်းရင်းသားပြည်သူအပေါင်းက ကာကွယ်စောင့်ရှောက်သွားကြရမည်ဖြစ်ပြီး တိုင်းရင်းသားပြည်သူတို့၏ ရည်မှန်းချက် ပန်းတိုင်ဖြစ်သည့် ဒီမိုကရေစီနိုင်ငံတော်ကြီးသို့ စည်းလုံးညီညွတ်စွာ တက်လှမ်းရောက်ရှိနိုင်မည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက် စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

နေပြည်တော် မြန်မာ့အသံ

(ဗုဒ္ဓဟူးနေ့-နံနက်+နေ့လယ်+ည)

(၂၃-၉-၂၀၀၉)

၇:၀၀ အဖွင့်တီးလုံး + နှုတ်ခွန်းဆက် နိုင်ငံတော်သီချင်း+ကြေညာချက်
၇:၀၅ တရားတော် (ပုဗ္ဗဏှသုတ်) ဓမ္မပူဇာတေးပဒေသာ
၇:၃၀ (၃၈)ဖြာမင်္ဂလာ
၇:၃၅ နံနက်ခင်းတေးပဒေသာ
၈:၀၀ စံတော်ချိန် + သတင်း ဆောင်းပါး
၈:၁၀ နံနက်ခင်းတေးပဒေသာ
၉:၀၀ အစီအစဉ်ပြီး၏။
၁၀:၀၀ **(၁၇)ကြိမ်မြောက် အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲဝင်များ လေ့လာရန်** (ခေတ်ဟောင်း/ကာလပေါ်တေး) အမှတ်တရတေးလက်ဆောင်
၁၀:၃၀ သတင်းစာအာဘော်
၁၀:၃၅ တေးပဒေသာ
၁၁:၀၀ နေ့လယ်ခင်းသတင်း
၁၁:၁၀ ထူးဆန်းထွေလာ ဤမြေကမ္ဘာ-ဖ နေ့လယ်ခင်းတေးပဒေသာ
၁၁:၃၀ ဆိုကြပျော်ရွှင် တေးသံစဉ်(၃၁) တေးပဒေသာ
၁၂:၀၀ စံတော်ချိန် နိုင်ငံတကာအနုပညာ(၆၅) နေ့လယ်ခင်းတေးပဒေသာ
၁၂:၂၅ ဇာတ်လမ်းပမာနားဆင်စရာ (လူပျိုကြီးပဲလုပ်တော့မယ်)
၁၂:၄၅ တေးပဒေသာ
၁၃:၀၀ မွန်းလွဲပိုင်းသတင်း
၁၃:၁၀ တေးပဒေသာ
၁၃:၃၀ ချိုချစ်ဖွယ် အင်္ဂလိပ်တေးသီချင်းကဏ္ဍ
၁၄:၀၀ အစီအစဉ်ပြီး၏။
၁၆:၀၀ အဖွင့်တီးလုံး + ကြေညာချက် ညနေခင်းတေးပဒေသာ
၁၆:၂၀ ဆောင်းပါး
၁၆:၃၀ စစ်သည်အတွက်တေးလက်ဆောင်
၁၇:၀၀ ခံတွင်းမြိန်စရာ သူ့လက်ရာ (ငါးခူဆီပြန်၊ ကြောင်လျှာသီးသုပ်၊ ခဝဲသီးနဲ့ ပဲကြာဆံဟင်းချို)
၁၇:၁၀ ခံစားနားဆင်မြန်မာတေးသံစဉ်
၁၇:၂၅ သတင်းစာဆောင်းပါး
၁၇:၃၀ တေးပဒေသာ
၁၇:၄၀ သိမှတ်စရာ မြန်မာစကား မြန်မာစာ (ဇာတကနှင့်ရာမ)
၁၈:၀၀ ညနေခင်းသတင်း
၁၈:၁၀ ချစ်ခြင်းဖြေသိမ့် တေးသံငြိမ့်(၁၉)
၁၈:၂၀ ကျေးလက်ဇာတ်လမ်း (ဝင်ငွေလည်းရ မြေဆီဝ)
၁၈:၃၀ တူယှဉ်သီကြွေးစုံတွဲတေး
၁၉:၀၀ နိုင်ငံတကာသတင်း
၁၉:၀၅ သံစဉ်တေးသွားမေတ္တာစကား နိုင်ငံရေးဦးတည်ချက်
၁၉:၁၅ အနုအလှအစုံစုံ သူ့ဘာဝအဖုံဖုံ (စိုးပိုင်) တေးပဒေသာ
၂၀:၀၀ ပြည်တွင်းသတင်း စီးပွားရေးဦးတည်ချက်
၂၀:၅၀ ကျန်းမာရေးရာ သိကောင်းစရာ (အုန်းစိမ်းရည်ရဲ့ဂုဏ်သတ္တိ) လူမှုရေးဦးတည်ချက်
၂၁:၀၀ ခံစားနားဆင်မြန်မာတေးသံစဉ်
၂၁:၃၀ ညချမ်းချိန်ခါ တေးပဒေသာ
၂၂:၀၀ အစီအစဉ်ပြီး၏။

မြဝတီ ရုပ်မြင်သံကြား

၂၂-၉-၂၀၀၉ (အင်္ဂါနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ တရားတော်
၇:၁၀ ၃။ ဓမ္မပူဇာတေး
၇:၂၀ ၄။ မျိုးချစ်တပ်မတော်
၇:၂၅ ၅။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၆။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၅ ၇။ **မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
၇:၅၀ ၈။ သာယာသီကြွေး ခေတ်ဆန်းတေး
၇:၅၅ ၉။ အမျိုးသားရေးတေးကဗျာ
၈:၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၁၁။ အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ လျှပ်တစ်ပြက်
၄:၁၅ ၄။ အလွမ်းတေးပန်းချီချစ်သူဆီ
၄:၃၅ ၅။ အင်္ဂလိပ်စာသုတ
၄:၅၅ ၆။ မျိုးချစ်တပ်မတော်
၅:၀၀ ၇။ မြန်မာသံစဉ်ချိုနားဝင်
၅:၁၅ ၈။ မြဝတီရုပ်မြင်သံကြား မဂ္ဂဇင်းကဏ္ဍ
၅:၄၀ ၉။ သာယာသီကြွေး ခေတ်ဆန်းတေး
၆:၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၁၁။ အမျိုးသားရေးတေးကဗျာ
၆:၂၀ ၁၂။ လျှပ်တစ်ပြက်
၆:၄၀ ၁၃။ ကလေးတို့ကမ္ဘာ
၇:၀၀ ၁၄။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ကြီးမြတ်သူတို့နှလုံးသား** (အပိုင်း-၉၂)
၈:၀၀ ၁၅။ မြဝတီရုပ်မြင်သံကြားသတင်း
၁၆။ နိုင်ငံတကာသတင်း
၁၇။ မိုးလေဝသသတင်း
၁၈။ အမျိုးသားရေးတေးကဗျာ
၁၉။ မွေးမြူသုတ
၂၀။ ဟာသရုပ်စုံ
၂၁။ ဗွီစီဒီကျော်ကြားတေးများ
၂၂။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
၂၃။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **လူငယ်ပေါင်းချိန်** (တတိယတွဲ) (အပိုင်း-၉)

ကြွေရည်စိမ်နှင့် စတီးလ်အိမ်သုံးပစ္စည်းစက်ရုံ (မင်းစု) စက်မှု(၁)ဝန်ကြီး ဦးအောင်သောင်း ကြည့်ရှုစစ်ဆေး

နေပြည်တော် စက်တင်ဘာ ၂၁

အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းသည် စက်တင်ဘာ ၁၈ရက် မွန်းလွဲပိုင်းက မြန်မာ့အထွေထွေနှင့် ပြုပြင်ထိန်းသိမ်းရေးစက်မှုလုပ်ငန်း ကြွေရည်စိမ်နှင့်စတီးလ်အိမ်သုံးပစ္စည်းစက်ရုံ(မင်းစု)သို့ ရောက်ရှိပြီး ကြွေရည်သုတ်ခြင်း၊ ပန်းမှုတ် ပန်းကပ်ခြင်း၊ စတီးလ်အနားကွပ်ခြင်းလုပ်ငန်းများကိုလည်းကောင်း၊ အိမ်သုံးစတီးလ်ပစ္စည်းအမျိုးမျိုး ပြသထားမှုနှင့် ဆေးရုံသုံးစတီးလ်ပစ္စည်း များ၊ ပြင်ပပုဂ္ဂလိကနှင့် ဆေးရုံများမှ မှာယူထားသော ဆေးရုံသုံးစတီးလ်ခုတင်များ၊ ဆေးတင်စင်နှင့်ဘေစင်များ၊ စတီးလ်လင်ပန်းများ၊ စတီးလ်ပန်းအိုးများ၊ စတီးလ်ပိုက်များထုတ်လုပ်မှု လုပ်ငန်းအဆင့်ဆင့်ကိုလည်းကောင်း ကြည့်ရှုစစ်ဆေး၍ လုပ်ငန်းလိုအပ်ချက်များ မှာကြား သည်။ (အပေါ်ပုံ)

ကြည့်ရှုစစ်ဆေး

ထိုမှတစ်ဆင့် ဝန်ကြီးသည် ကျောက်ဆည်မြို့နယ် မင်းစုစံပြကျေးရွာ အခြေခံပညာအထက်တန်းကျောင်းသို့ ရောက်ရှိပြီး တိုးချဲ့တည်ဆောက်မည့် စာသင်ဆောင်နှင့် ခန်းမဆောင်တို့ကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် မင်းစုစံပြကျေးရွာ တိုက်နယ်ဆေးရုံသို့ရောက်ရှိပြီး လူနာများအား ထောက်ပံ့ငွေများကိုပေးအပ်၍ ခွဲစိတ်ခန်း၊ ဓာတ်မှန်ခန်း၊ ဓာတ်ခွဲခန်းနှင့်ဆေးသိုလှောင်ခန်းများကို ကြည့်ရှုစစ်ဆေးကာ တိုက်နယ်ဆေးရုံအတွက် ဆေးရုံသုံးပစ္စည်းများ ပေးအပ်လှူဒါန်းသည်။

ယင်းနောက် ဝန်ကြီးသည် ဝင်းသူဇာ အရောင်းဆိုင်(ကျောက်ဆည်)ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



ပင်လုံမြို့ စည်ပင်သာယာရေးအဖွဲ့ဆောင်ရွက်သော ပန်မုန့်ကျေးရွာ သန့်ရှင်းသော သောက်သုံးရေရရှိမှုအခြေအနေကို မြို့တာဝန်ခံ ဦးစီးအရာရှိ ဦးသောင်းထွန်းဇော်နှင့် တာဝန်ခံအင်ဂျင်နီယာတို့ စက်တင်ဘာ ၁၅ရက်က ကွင်းဆင်းစစ်ဆေးစဉ်။

(မြို့နယ် ပြန်/ဆက်)

နမ့်ဆန်မြို့နယ် ပြန်/ဆက်ဦးစီးဌာန ရုံးသစ်ဖွင့်

ကျောက်မဲ စက်တင်ဘာ ၂၁

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲခရိုင် နမ့်ဆန်မြို့နယ်တွင် စက်တင်ဘာ ၅ရက် နံနက် ၉နာရီက ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ရုံးသစ်ဖွင့်ပွဲ အခမ်း အနား ကျင်းပသည်။

*အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသန်းလွင်၊ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်နန်းဆိုင်လီခမ်း တို့က ရုံးသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး **(ယာပုံ)** ခရိုင်ဦးစီးအရာရှိ ဒေါ်နန်းဆိုင်လီခမ်း က ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏ လုပ်ငန်းများကို ရှင်းလင်းပြောကြား သည်။*

(ခရိုင် ပြန်/ဆက်)

နေပြည်တော် ပျဉ်းမနားအရှေ့ဘက်ခြမ်း တောင်ပေါ်ဒေသ ဆိတ်ဖူးတောင်ကျေးရွာ၌ နယ်မြေခံပြည်သူများအား ဆန်၊ ရေသွယ်ပိုက်များနှင့် လယ်ယာသုံးပစ္စည်းများ ထောက်ပံ့ပေးအပ်ပွဲကျင်းပ

နေပြည်တော် စက်တင်ဘာ ၂၁

နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်သည် စက်တင်ဘာ ၂၀ရက် နံနက်ပိုင်းတွင် နေပြည်တော်ခရိုင်မှ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များလိုက်ပါ၍ နေပြည်တော်ပျဉ်းမနားအရှေ့ဘက်ခြမ်း တောင်ပေါ်ဒေသ ဆိတ်ဖူးတောင်ကျေးရွာသို့ သွားရောက်ပြီး နယ်မြေခံပြည်သူများအား တွေ့ဆုံနှုတ်ဆက်ကာ ဆန်၊ ရေသွယ်ပိုက်များနှင့် လယ်ယာသုံး ပစ္စည်းများ ထောက်ပံ့ပေးအပ်ပွဲအခမ်းအနားသို့ တက်ရောက်သည်။

ပေးအပ်လှူဒါန်း

ရှေးဦးစွာ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူးက အဖွင့်အမှာစကားပြောကြားပြီး တိုင်းမှူးနှင့် တာဝန်ရှိသူတို့က အလှူငွေနှင့် ထောက်ပံ့ပစ္စည်းများကို ကျေးရွာအသီးသီးသို့ ပေးအပ်လှူဒါန်းကြသည်။ **(အပေါ်ပုံ)**

ထို့နောက် တောင်ပေါ်ကျေးရွာနေ ဒေသခံပြည်သူတစ်ဦးက ကျေးဇူးတင်စကား ပြောကြားသည်။

ယင်းနောက် တိုင်းမှူးသည် ဆိတ်ဖူးတောင်ကျေးရွာ မယ်ဟော်ချောင်းဖြတ်ကူး တံတား တည်ဆောက်ရေးလုပ်ငန်းခွင်သို့ရောက်ရှိရာ တာဝန်ခံအင်ဂျင်နီယာက မယ်ဟော်ချောင်းဆောက်လုပ်မည့်အခြေအနေကို ရှင်းလင်းတင်ပြပြီး တိုင်းမှူးက လိုအပ်သည်များကို မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အနောက်တောင်မုတ်သုံလေ မြန်မာနိုင်ငံအလယ်ပိုင်းဒေသများမှဆုတ်ခွာနိုင်

ရန်ကုန် စက်တင်ဘာ ၂၁

ယနေ့နံနက် ၉နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄နာရီအတွင်းက ကယားပြည်နယ်တွင်တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး၊ကရင်ပြည်နယ်၊ စစ်ကိုင်းတိုင်းအောက်ပိုင်း၊ ဧရာဝတီတိုင်းနှင့်တနင်္သာရီတိုင်းတို့တွင် နေရာကွက်ကျား၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ မန္တလေးတိုင်း၊ မကွေးတိုင်း၊ ပဲခူးတိုင်းနှင့် ရန်ကုန်တိုင်း တို့တွင် နေရာကျဲကျဲနှင့် ကျန်ဒေသများတွင် နေရာစိပ်စိပ် မိုးထစ်ချုန်းရွာခဲ့သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ် အော်တို့တွင် မုတ်သုံလေ အားနည်းနေသည်။

စက်တင်ဘာ ၂၂ရက်ညနေအထိခန့်မှန်းချက်မှာ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် စစ်ကိုင်းတိုင်းအထက်ပိုင်းနှင့် ပဲခူးတိုင်းတို့တွင် နေရာစိပ်စိပ်၊ ရှမ်းပြည်နယ်၊ မွန်ပြည်နယ်၊ စစ်ကိုင်းတိုင်းအောက်ပိုင်း၊ မန္တလေးတိုင်း၊ ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်း၊ တနင်္သာရီတိုင်းတို့တွင် နေရာကျဲကျဲ၊ ကျန်ပြည်နယ်နှင့် တိုင်းတို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၈၀ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ အနောက်တောင်မုတ်သုံလေသည် မြန်မာနိုင်ငံအလယ်ပိုင်းဒေသများမှ ဆုတ်ခွာနိုင်သည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ဖြစ်သည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ဖြစ်သည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ဖြစ်သည်။

● *ရှေ့ဖုံးမှ*

တင်သွင်း

အခြေခံပညာအထက်တန်းကျောင်းများ၊ ကျောင်းခွဲများနှင့် တွဲဖက်ကျောင်းများမှ ဖြေဆိုရန် လျှောက်လွှာတင်သွင်းမည့် ကျောင်းသား ကျောင်းသူများ၏ ကျောင်းအုပ်ကြီးများသည် စာမေးပွဲဝင်ကြေး ကျသင့်ငွေသွင်းတံဆိပ်ခေါင်းများ ဝယ်ယူပြီး လျှောက်လွှာ တစ်စောင်ချင်းတွင်ကပ်၍ စုပေါင်းပြီး မြန်မာနိုင်ငံစာစစ်အဖွဲ့ရုံးသို့ ၂၀၀၉ခုနှစ် အောက်တိုဘာ ၁ရက်မှ နိုဝင်ဘာ၁၃ရက်အတွင်း သတ်မှတ်ရက်အမီ တင်သွင်းကြရမည်ဖြစ်သည်။

ဖြည့်စွက်ပေးပို့

သတ်မှတ်ထားသော ရက်များအတွင်း အချိန်မီပေးပို့ခြင်း မရှိသူများသည် စာမေးပွဲဖြေဆိုခွင့် ရရှိကြမည်မဟုတ်ကြောင်းနှင့် စာဖြေသူတင်သွင်းသည့် စာမေးပွဲဝင်ခွင့်လျှောက်လွှာနှင့် ကတ်ပြားတွင် ဖော်ပြပါရှိသည့် ဘာသာတွဲမှအပ အခြားဘာသာတွဲသို့ ပြောင်းလဲဖြေဆိုခွင့်ပြုမည် မဟုတ်သဖြင့် မိမိဖြေဆိုမည့် ဘာသာတွဲအလိုက် ပုံစံများ မှန်ကန်မှု ရှိ/မရှိ သေချာစွာစစ်ဆေးပြီး မှန်ကန်စွာ ဖြည့်စွက်ပေးပို့ကြရန်ဖြစ်ကြောင်း မြန်မာနိုင်ငံစာစစ်အဖွဲ့က ကြေညာထားသည်။ (သတင်းစဉ်)

ဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်း သာဂရစက်မှုနယ်မြေစစ်ဆေး စက်မှုနိုင်ငံတည်ဆောက်ရေး ဝန်ထမ်းများအားသွန်ခွန်စိုက်အားထုတ်

နေပြည်တော် စက်တင်ဘာ ၂၁

အမှတ်(၂)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်းသည် စက်တင်ဘာ၂၀ရက် နံနက်ပိုင်းတွင် သာဂရစက်မှုနယ်မြေ၌ အကောင်အထည်ဖော် တည်ဆောက်လျက်ရှိသော ရေအားလျှပ်စစ်တာဘိုင်နှင့် ဂျင်နရေတာထုတ်လုပ်မှုစက်ရုံစီမံကိန်း၊ ဘက်စုံသုံး ဒီဇယ်အင်ဂျင်ထုတ်လုပ်မှုစက်ရုံစီမံကိန်း၊ မြေထိုး မြေတူးယန္တရားထုတ်လုပ်မှုစက်ရုံနှင့် စက်မှုသင်တန်းကျောင်း(သာဂရ) Industrial Training Center တို့ကို ကြည့်ရှုစစ်ဆေးသည်။

ရှင်းလင်းတင်ပြ

ထို့နောက် ဝန်ကြီးအား စက်မှုနယ်မြေရှင်းလင်းဆောင်၌ သာဂရစက်မှုနယ်မြေရှိ စက်ရုံများနှင့် စီမံကိန်းများမှတာဝန်ရှိသူများက မိမိတို့လုပ်ငန်းများအလိုက် အကောင်အထည်ဖော်ဆောင်ရွက်နေမှုများ၊ စက်များ တပ်ဆင်ပြီးစီးမှုအခြေအနေများ၊ တိုးတက်မှုအခြေအနေများနှင့် ထုတ်လုပ်မှုအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

မှာကြား

ယင်းနောက် ဝန်ကြီးက စက်မှုနယ်မြေတွင် တာဝန်ထမ်းဆောင်လျက်ရှိသော အရာထမ်း၊ အမှုထမ်းများအား တွေ့ဆုံ၍ စက်မှုနိုင်ငံတော်အဖြစ် ကြိုးပမ်းတည်ဆောက်ရေးတွင် မိမိတို့၏အခန်းကဏ္ဍအလိုက် အားသွန်ခွန်စိုက် ကြိုးပမ်းအားထုတ် ဆောင်ရွက်သွားကြရန် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

စက်တင်ဘာ ၂၀ရက်က မြောက်ဥက္ကလာပမြို့နယ် အမှတ်(၄၃) အခြေခံပညာမူလတန်းကျောင်း၌ ၂၀၀၈-၂၀၀၉ ပညာသင်နှစ် ပညာရည်ချွန်ဆုပေးပွဲနှင့် အလှူရှင်ဂုဏ်ပြုပွဲအခမ်းအနားကျင်းပရာ ပထမတန်းမှ အထူးဆုရရှိသော မသိမ့်နေဇာအား ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်ဆွေက ဆုချီးမြှင့်စဉ်။

(ပညာရေး)

မြန်မာနယူးစ်ဝိခ်ဂျာနယ် ယခုအပတ်ဖြန့်ချိ

ရန်ကုန် စက်တင်ဘာ ၂၁

စင်ကာပူ ဘဏ်ကြီးနှစ်ခု ငြင်းဆိုချက် သတင်းပါရှိသည့် မြန်မာနယူးစ်ဝိခ် ဂျာနယ် အတွဲ(၂)၊ အမှတ်စဉ် (၉၅)ကို ယနေ့ဖြန့်ချိလိုက်သည်။

ရန်ကုန်တိုင်းအတွင်း ပေါက်ကွဲမှုခုနစ်ခုဖြစ်ပွား ချိန်ကိုက်မိုင်းတစ်လုံးရှာဖွေတွေ့ရှိ၊ သေဆုံးထိခိုက်ဒဏ်ရာရရှိမှုမရှိ၊ မြန်မာ့ဗေဒင်လောက၌ ထင်ပေါ်ကျော်ကြားခဲ့သော စာရေးဆရာ ဗေဒင်ဆရာကြီးဒေါက်တာမင်းသိခ် ကွယ်လွန်သွားပြီးနောက် သူ၏တပည့်များနှင့် အင်တာဗျူးခြင်း၊ ကားလေလံတင်ပွဲများကို တချို့က အကောင်းမမြင်၊ မြန်မာနိုင်ငံ၏ ရေကာတာတည်ဆောက်ရေးလေ့လာမှုတွင် အိန္ဒိယအစိုးရက အကူအညီပေးမည်၊ သင် စင်ကာပူသွားမှာလား၊ ဒါလေးတော့ သိထားသင့်၊ မြန်မာအိမ်အကူကို စိတ်နှလုံးညှိုးနွမ်းစေခဲ့သူ စင်ကာပူအိမ်ရှင် တရားစွဲခံရ၊ တစ်လုံးလျှင် ငွေကျပ် ၁၃၀၀၀ နှုန်းဖြင့် နေပြည်တော်ဝန်ထမ်းအိမ်ရာ၌ လိုင်းခွဲဖုန်းများ တပ်ဆင်ပေးလျက်ရှိ၊ ရတနာပုံ FCမှ ဘောလုံး အကယ်ဒမီကျောင်း ဖွင့်လှစ်မည်၊ ပင်လုံခုံးကျော်တံတားအောက်က လူသေအလောင်းနှင့်ပတ်သက်သော လူသတ်တရားခံအား ဖမ်းဆီးရမိ၊ မြန်မာနိုင်ငံတွင် လေဆင်နှာမောင်းတိုက်ခတ်မှုများ ပို၍ကြုံတွေ့နေကြရ၊ ဦးပဥ္စင်းဦးကိတ္တိသာရ (ယခင် ရုပ်ရှင်သရုပ်ဆောင်ကျော်ဟိန်း) ပဲခူးမြို့ ဦးကိတ္တိပရဟိတကျောင်းတိုက်၌ သီတင်းသုံးနေ၊ ဆွေမျိုးပေါက်ဖော်ပွဲတွေ ကျောက်မျက်ပြပွဲတွေနဲ့ဝေစည် မြို့ရွှေလီ၊ မဲဆောက်ထက် ကော့သောင်းတွင် ကဏန်းဈေး ပိုမိုရရှိ၊ ပြင်သစ်နာမည်ကျော်ဂစ်တာပညာရှင်၏ တစ်ကိုယ်တော်ဖျော်ဖြေပွဲ မြန်မာနိုင်ငံ၌ ကျင်းပမည်၊ ကြယ်စင်မော်ကွန်းရုပ်ရှင် ဇာတ်ကားကြီး ကန်တော့ပွဲပေး စတင်ရိုက်ကူး၊ သရုပ်ဆောင်ခရစ္စတီးနား ကျန်းမာရေး ပြန်လည်ကောင်းမွန်လာ၍ အနုပညာလုပ်ငန်းများ ပြန်လည်လှုပ်ရှားလျက်ရှိ၊ ရောသမ္မေ သားစိုး အမေရိကားမှာ ဆက်မွေ့ဦးမည်၊ နယူးယောက်မြို့တွင် သွားရောက်ဖျော်ဖြေသည့် ပြည်တွင်းအဆိုရှင်များ အောက်တိုဘာလ ၂၀ရက်ကျော်တွင် ပြန်လည်ရောက်ရှိမည်၊ မြွေနှစ်ကောင်ကို နှာခေါင်းပေါက်ကသွင်းပြီး ပါးစပ်က ပြန်ထုတ်ပြသူ၊ အီရန်နှင့် စစ်ဖြစ်ရန် မည်သူက မည်သူ့ကို ဦးဆောင်နေသနည်း၊ ကြယ်တာရာစစ်ပွဲ အမြင်နှင့်မတူသည့် အိုဘားမား၏ ဒုံးကျည်ကာကွယ်ရေးစနစ်၊ တရုတ်၏ လက်နက်သစ်များ အမေရိကန်အခြေစိုက်စခန်းနှင့် သင်္ဘောများကို ခြိမ်းခြောက်လာနိုင်ဟု ရောဘတ်ဂိတ် ပြောကြား စသည့်နောက်ဆုံးရ ပြည်တွင်း ပြည်ပသတင်းများနှင့်အတူ ထုတ်ဝေဖြန့်ချိလိုက်ပြီဖြစ်သည်။

မြန်မာနယူးစ်ဝိခ်ဂျာနယ်ကို အပတ်စဉ် အင်္ဂါနေ့တိုင်း ထုတ်ဝေလိုက်ပြီဖြစ်သည်။ **(သတင်းစဉ်)**

အုတ်ဖိုမြို့ (၁၁)ကြိမ်မြောက်အာစရိယပူဇော်ပွဲ

ရန်ကုန် စက်တင်ဘာ ၂၁

ပဲခူးတိုင်းအနောက်ပိုင်း အုတ်ဖိုမြို့အထကတွင် နှစ်စဉ် ကျင်းပမြဲဖြစ်သော အသက်၆၀အထက် အငြိမ်းစားဆရာကြီး၊ ဆရာမကြီးများအား ပူဇော်ကန်တော့ပွဲကို နိုဝင်ဘာ ၁ရက် (တနင်္ဂနွေနေ့) နံနက် ၈နာရီတွင် ယင်းကျောင်း ဧရာခန်းမ၌ ကျင်းပမည်ဖြစ်သည်။ ရပ်နီး၊ ရပ်ဝေးရောက် ကျောင်းသား ကျောင်းသူဟောင်းများ မပျက်မကွက် တက်ရောက်ကြရန်နှင့် အလှူငွေနှင့် လှူဖွယ်ပစ္စည်းများကို ဦးသောင်း (ရန်ကုန်) ဖုန်း-၅၀၅၀၅၀၊ ဦးခင်မောင်ဇော် (ရန်ကုန်) ဖုန်း-၆၆၂၅၀၇၊ ဦးတင့်လွင် (အုတ်ဖို) ဖုန်း-၀၉-၅၃-၇၃၂၃၂၊ ဦးသန်းနိုင်(အုတ်ဖို) ဖုန်း-၀၉-၅၃-၇၃၃၆၇တို့သို့ ဆက်သွယ်စုံစမ်းလှူဒါန်းကြရန် ဖိတ်ကြားနိုးဆော်ထားကြောင်း သိရသည်။

(သတင်းစဉ်)

ဧရာဝတီမြစ်အတွင်း ငါးမျိုးစိုက်ထည့်ပွဲ ရွှေကူ၌ကျင်းပ

ရွှေကူ စက်တင်ဘာ ၂၁

ကချင်ပြည်နယ် ငါးလုပ်ငန်းဦးစီးဌာနက ကြီးမှူး၍ ဒေသတွင်း ငါးမျိုး မပြုန်းတီးစေရေး၊ မြစ်ချောင်းအင်းအိုင်နှင့် သဘာဝရေပြင်များတွင် ငါးသယံဇာတ ပေါကြွယ်ဝ၍ ပြည်သူများ ငါးစားသုံးမှု ဖူလုံစေရေးအတွက် ရွှေကူမြို့နယ် ဧရာဝတီမြစ် အတွင်းသို့ ငါးမျိုးစိုက်ထည့်ခြင်း အခမ်းအနားကို စက်တင်ဘာ ၁၁ရက် နံနက် ၈နာရီက ရွှေကူမြို့နယ် ပို့ဆောင်ဆက်သွယ်ရေး ညှိနှိုင်းမှုကော်မတီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

တက်ရောက်

အခမ်းအနားသို့ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကြည်ဝင်းနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ငါးလုပ်ငန်းဦးစီးဌာနမှ ပြည်နယ်ဦးစီးမှူး ဦးအယ်လ်တူးရိန်၊ မြို့နယ်ဦးစီးမှူး ဦးသန်းအောင်မော်နှင့် ဝန်ထမ်းများ၊ အင်းလုပ်သားများ တက်ရောက်ကြသည်။

ငါးမျိုးစိုက်ထည့်

ရှေးဦးစွာ မြို့နယ်ဥက္ကဋ္ဌ ဦးကြည်ဝင်းက အဖွင့်အမှာစကားပြောကြားပြီး ကချင်ပြည်နယ် ငါးလုပ်ငန်း ဦးစီးဌာနမှူး ဦးအယ်လ်တူးရိန်က ဧရာဝတီမြစ်အတွင်းသို့ နှစ်အလိုက် ငါးမျိုးစိုက်ထည့်မှု အခြေအနေနှင့်၂၀၀၉-၂၀၁၀တွင် ဧရာဝတီမြစ်အတွင်း ငါးသားပေါက်ထည့်သွင်းမည့် အခြေအနေကို ရှင်းလင်းတင်ပြပြီး ငါးမြစ်ချင်းသားပေါက်ကောင်ရေ လေးသိန်း ငါးသောင်းကို ရွှေကူမြို့နယ် ဧရာဝတီမြစ် အတွင်းသို့ ငါးမျိုးစိုက်ထည့်ကြသည်။

(ဝဲပုံ) (မြို့နယ် ပြန်/ဆက်)

ဒုံးခွင်းဒုံး ပယ်ဖျက်မှု အမေရိကန် ကာကွယ်ရေးဝန်ကြီး ကာကွယ်ပြောကြား

ဝါရှင်တန် စက်တင်ဘာ ၂၁

ဥရောပဒေသတွင် အမေရိကန်က ဒုံးခွင်းဒုံးစနစ် ပယ်ဖျက်မှုအပေါ် ဝေဖန်သူများအား အမေရိကန်ကာကွယ်ရေးဝန်ကြီး ရောဘတ်ဂိတ်က ပြစ်တင်ပြောကြားပြီး ယင်းအစီအစဉ်သည် အချို့ကစွပ်စွဲသလို ရုရှားအား လိုက်လျောခြင်းမဟုတ်ဟု အခိုင်အမာ ပြောကြားသည်။

ဝေဖန်မှုလွဲမှား

ရောဘတ်ဂိတ်သည် သမ္မတဟောင်းနှစ်ဦးဖြစ်သည့် ဘုရှ်သားအဖလက်အောက်၌ စီပတ်ဘလီကင် အဆင့်မြင့်ရာထူးတွင် တာဝန်ထမ်းဆောင်ခဲ့သူဖြစ်သည်။ ဒုံးခွင်းဒုံးစနစ်အပေါ် ဝေဖန်မှုသည် လွဲမှားနေကြသည်ဟု ရောဘတ်ဂိတ်က နယူးယောက်တိုင်းမ်သတင်းစာတွင် ဆောင်းပါးရေးသားခဲ့သည်။

ရည်ရွယ်ချက်

ဥရောပဒေသတွင် ဒုံးခွင်းဒုံး ဖြန့်ကြက်မည့်အစီအစဉ်၏ရည်ရွယ်ချက်သည် အီရန်မှဒုံးကျည်ဖြင့် ပစ်ခတ်မည့်အန္တရာယ်ကို ဟန့်တားရန်ဖြစ်ပြီး ရုရှားနှင့်သက်ဆိုင်မှုမရှိကြောင်း၊ သမ္မတဟောင်းဘုရှ်၏အစီအစဉ်က အီရန်မှ တာဝေးပစ်ဒုံးကျည်အား ကြားဖြတ်ဟန့်တားရန်ဖြစ်ကြောင်း၊ အီရန်က ယင်းလက်နက်မျိုးကို ၂၀၁၅ခုနှစ်နှင့်၂၀၂၀ပြည့်နှစ်အတွင်း ထုတ်လုပ်နိုင်ဖွယ်မရှိဟု အမေရိကန် ထောက်လှမ်းရေးဌာနက ယူဆထားကြောင်း၊ ထို့ကြောင့် တာတိုနှင့် တာလတ်ပစ်ဒုံးကျည်များ အန္တရာယ်ပေါ်ပေါက်လာနိုင်သည့်အခါ ရင်ဆိုင်ရန် အစီအစဉ်ကို ပြောင်းလိုက်ရကြောင်း ဂိတ်ကရှင်းလင်းပြောကြားသည်။ (အင်တာနက်)



သိပ္ပံနှင့်နည်းပညာပြပွဲ

တရုတ်နိုင်ငံအရှေ့ပိုင်း ကျန်စုပြည်နယ် နန်ကျင်းမြို့၌ ဒုတိယအကြိမ် ကျန်စု သိပ္ပံနှင့်နည်းပညာပြပွဲ ကျင်းပလျက်ရှိသည်ကို စက်တင်ဘာ ၂၀ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

နိုင်ငံတကာ ပြဇာတ်ပွဲတော် ပေကျင်း၌ဖွင့်လှစ်

ပေကျင်း စက်တင်ဘာ ၂၁

ကမ္ဘာလုံးဆိုင်ရာ အနုပညာကျောင်းများ မဟာမိတ်အဖွဲ့က ပူးပေါင်းတင်ဆက်ကပြသည့် ပထမဆုံးအကြိမ် နိုင်ငံတကာ ပြဇာတ်ပွဲတော်ကို တရုတ်နိုင်ငံ ပေကျင်းမြို့၌ စက်တင်ဘာ ၂၀ ရက်တွင်ဖွင့်လှစ်ခဲ့သည်။ အဆိုပါပွဲတော်တွင် ကမ္ဘာကျော် ပြဇာတ်ဆရာကြီး ဝီလျံရှိတ်စပီးယား၏ အပြောင်မြောက်ဆုံး ပြဇာတ်လက်ရာများကို နိုင်ငံရှစ်နိုင်ငံမှ အနုပညာကျောင်း ကိုးကျောင်းက တင်ဆက်ဖျော်ဖြေ ကပြမည်ဖြစ်သည်။

၁၁ရက်ကြာကျင်းပမည့် ပြဇာတ်ပွဲတော်တွင် အနုပညာ ကျောင်းသားများက ရှိတ်စပီးယား၏ လက်ရာပြဇာတ်တစ်ခုနှင့် စိတ်ကြိုက်ပြဇာတ်တစ်ခုကို တင်ဆက်ယှဉ်ပြိုင်ရန် စီစဉ်ထားသည်ဟု တရုတ်အနုပညာအကယ်ဒမီမှ ဥက္ကဋ္ဌကျူးကျန့်က ပြောကြားသည်။

ဆုချီးမြှင့်

အဆိုပါ ပြဇာတ်ပွဲတော်တွင် ဆုနှစ်မျိုး ချီးမြှင့်မည်ဖြစ်ပြီး နိုင်ငံခြား ကျောင်းများအနက် ဆုရရှိသူများအနေဖြင့် တရုတ်အနုပညာအကယ်ဒမီသို့ တက်ရောက်ခွင့်ရရှိမည်ဖြစ်သည့်အပြင် တရုတ်ကျောင်းသားများကိုမူ ဆုငွေယွမ် ၃၀၀၀ ချီးမြှင့်မည်ဟု သိရသည်။ (အင်တာနက်)

ဩစတြေးလျနိုင်ငံ ဆစ်ဒနီမြို့၌ ၂၀၀၉ခုနှစ် ဩစတြေးလျ အလှမယ်အဖြစ် ရွေးချယ်ခြင်းခံရသည့် အသက် ၂၄ နှစ်အရွယ် မီလန်ဒါပါဟီဖာနန်အား စက်တင်ဘာ ၁၉ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

ပနားမားတူးမြောင်း ချဲ့ထွင်ရေး ကန်ဒေါ်လာ ၇၉၂ သန်း အသုံးပြုမည်

ပနားမားစီးတီး စက်တင်ဘာ ၂၁

ပနားမားတူးမြောင်း ထိန်းသိမ်းရေးအာဏာပိုင်အဖွဲ့အနေဖြင့် ၂၀၁၀ ပြည့်နှစ်အတွင်း တူးမြောင်းပြုပြင်ထိန်းသိမ်းရေးအတွက် အမေရိကန်ဒေါ်လာ ၇၉၂ သန်းကို ရင်းနှီးမြှုပ်နှံသွားမည်ဖြစ်ကြောင်း ဆင်ဟွာသတင်းတွင် ဖော်ပြသည်။

၂၀၀၉ ခုနှစ် အောက်တိုဘာ၁ရက်မှ ၂၀၁၀ပြည့်နှစ် စက်တင်ဘာ၃၀ရက် ကာလအတွင်း ပနားမားတူးမြောင်းကို ပိုမိုခေတ်မီစေရန်နှင့် တူးမြောင်းချဲ့ထွင်ရေးလုပ်ငန်းများတွင် အဆိုပါငွေကြေးများကို အသုံးပြုသွားမည်ဟု ပနားမားတူးမြောင်း ထိန်းသိမ်းရေး အာဏာပိုင်အဖွဲ့ (အေစီပီ) ဥက္ကဋ္ဌ ရိုမူလိုရိုစ်က ပြောကြားသည်။

အတည်ပြု

ပနားမားတူးမြောင်းအတွက် အသုံးစရိတ် ခွင့်ပြုချက်အား စက်တင်ဘာ ၁၆ ရက်တွင် ပနားမားအမျိုးသားလွှတ်တော်က အတည်ပြုပေးခဲ့ခြင်း ဖြစ်သည်။

မျှော်မှန်း

၂၀၁၀ ပြည့်နှစ်အရောက်တွင် ပနားမားတူးမြောင်းမှ သင်္ဘော ၁၄၂၅၉ စင်း ဖြတ်သန်းမောင်းနှင်ပြီး အမေရိကန် ဒေါ်လာ၁ဒသမ ၅၂၅ဘီလီယံရရှိရန် အေစီပီအဖွဲ့က မျှော်မှန်းထားကြောင်း သိရသည်။ (အင်တာနက်)

ပါကစ္စတန်၌ အကြမ်းဖက်သမား ရှစ်ဦးသေဆုံး

အစ္စလမ္မာဘတ် စက်တင်ဘာ ၂၁

ပါကစ္စတန်နိုင်ငံ အနောက်မြောက်ပိုင်း ဆွက်တောင်ကြားဒေသ၌ ပါကစ္စတန်တပ်ဖွဲ့ဝင်များ ထိုးစစ်ဆင်တိုက်ခိုက်မှုများပြုလုပ်ခဲ့ရာ အကြမ်းဖက်သမား ရှစ်ဦးသေဆုံးပြီး ၄၄ဦး လက်နက်ချ အညံ့ခံခဲ့ကြကြောင်း ပါကစ္စတန်စစ်ဘက်က စက်တင်ဘာ ၂၀ရက်တွင် သတင်းထုတ်ပြန်သည်။

ယင်းစစ်ဆင်ရေး၌ အကြမ်းဖက်အဖွဲ့ခေါင်းဆောင်တစ်ဦး သေဆုံးခဲ့ပြီး တာလီဘန်ပြောရေးဆိုခွင့်ရှိသူ တစ်ဦးကိုလည်း ဖမ်းဆီးနိုင်ခဲ့သည်။

ယခုနှစ် မေလမှစတင်၍ အကြမ်းဖက်မှုတိုက်ဖျက်ရေး စစ်ဆင်ရေးများပြုလုပ်ခဲ့ရာ အကြမ်းဖက်သမား၁၈၀၀ကျော် သေဆုံးခဲ့ပြီးဖြစ်သည်။ (အင်တာနက်)

ဇဝရက်တောင်သို့ တက်ရောက်မည့် နီပေါနိုင်ငံသား မစ္စတာ ပူရှကာရှားအား စက်တင်ဘာ ၁၉ ရက်ကတွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

ကမ္ဘာကိုစက်ဘီးစီးလှည့်ပတ်ခဲ့သူ နီပေါနိုင်ငံသား ဧဝရက်တောင်ထိပ်သို့ နိုင်ငံအလံများနှင့်အတူတက်ရောက်မည်

ခတ္တမန္ဒူ စက်တင်ဘာ ၂၁

၁၉၉၈ ခုနှစ်မှစပြီး နိုင်ငံပေါင်း၁၅၀ခန့်ကို စက်ဘီးစီးလှည့်လည်သွားလာခဲ့သူ နီပေါနိုင်ငံသားတစ်ဦးသည် ကမ္ဘာ့ငြိမ်းချမ်းရေးတိုးတက်မှု ဆောင်ရွက်ချက်အဖြစ် ၂၀၁၀ ပြည့်နှစ်တွင် ဧဝရက်တောင်ထိပ်သို့တက်၍ နိုင်ငံအားလုံး၏အလံများ စိုက်ထူသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

အဆိုပါစက်ဘီးဖြင့် ကမ္ဘာလှည့်သူမှာ ပူရှကာရှားဆိုသူဖြစ်သည်။ မစ္စတာ ပူရှကာရှားသည် စက်ဘီးဖြင့် ကမ္ဘာ့နိုင်ငံများသို့ သွားရောက်ပြီး ငြိမ်းချမ်းရေးစာများ ဖြန့်ဝေပေးခဲ့သည်။ ၎င်းသည် အာဖရိက၊ အမေရိကနှင့် ဥရောပသို့ စက်ဘီးနှင့် လှည့်လည်ခဲ့သည်။ မစ္စတာရှားသည် လာမည့်နှစ် ဧဝရက်တောင်ထိပ်တက်ပြီးလျှင် ကမ္ဘာတစ်ပတ် ခရီးမိုင်ပေါင်း ၂၄၂၃၄ မိုင် ခရီးဆန့်နိုင်မည်ဖြစ်သည်။

မိမိ၏ခရီးစဉ်သည် ၁၀နှစ်ရှိသွားပြီဖြစ်ကြောင်း၊ နိုင်ငံပေါင်း ၁၅၀ လှည့်လည်ခဲ့ပြီးဖြစ်ကြောင်း၊ ၁၁နှစ်အတွင်း ကမ္ဘာတစ်ပတ်ပတ်နိုင်မည်ဖြစ်ကြောင်း၊ ခရီးစဉ်အတွင်း ကျောင်းများ၊ လူမှုရေးအသင်းအဖွဲ့များသို့ သွားရောက်ကာ ငြိမ်းချမ်းရေးစကားများ ပြောကြားခဲ့ကြောင်း ရှားက ပြောကြားသည်။ (အင်တာနက်)

ဂါဇာမြောက်ပိုင်းသို့ အစ္စရေးတို့ အမြောက်ဖြင့်ပစ်ခတ်

ဂါဇာ စက်တင်ဘာ ၂၁

အစ္စရေးတို့၏ အမြောက်ဖြင့် ပစ်ခတ်တိုက်ခိုက်မှုကြောင့် ဂါဇာဒေသမြောက်ပိုင်း ဂျာဘာလီယာမြို့အရှေ့ပိုင်းတွင် ဟားမတ်စ်စစ်သွေးကြွနှစ်ဦး သေဆုံးကြောင်း သတင်းထောက်များနှင့် မျက်မြင်တွေ့ရှိသူများက ပြောကြားသည်။ ယင်းဖြစ်စဉ်အတွင်း ပါလက်စတိုင်းတစ်ဦး ဒဏ်ရာရရှိသည်ဟု ဆိုသည်။

ပစ်ခတ်

ဂါဇာဒေသမြောက်ပိုင်းမှ ဟားမတ်စ်စစ်သွေးကြွများက အစ္စရေးနိုင်ငံအတွင်းသို့ စက်တင်ဘာ ၂၀ရက် အစောပိုင်းက လက်လုပ်ဒုံးကျည်များဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ပြီးနောက်ပိုင်းတွင် အစ္စရေးတို့က ယခုကဲ့သို့ ပစ်ခတ်တိုက်ခိုက်ခြင်းဖြစ်သည်။ ဟားမတ်စ်စစ်သွေးကြွများ၏ ဒုံးကျည်ဖြင့် ပစ်ခတ်မှုအတွင်း ဒဏ်ရာရရှိမှုနှင့် ပျက်စီးမှုတို့မရှိကြောင်း သိရသည်။ (အင်တာနက်)

ဗီယက်နမ်၌ A(H1N1) ဖြင့် သေဆုံးသူ ခုနစ်ဦးရှိသွားပြီ

ဟန္နွိုင်း စက်တင်ဘာ ၂၁

ဗီယက်နမ်နိုင်ငံအတွင်း အသက် ၄၀ အရွယ်ရှိအမျိုးသားတစ်ဦးသည် A(H1N1) တုပ်ကွေးရောဂါဖြင့် သေဆုံးသွားရာ နိုင်ငံအတွင်း ယင်းရောဂါဖြင့် သေဆုံးသူ ဦးရေမှာ ခုနစ်ဦးရှိသွားပြီဟု စက်တင်ဘာ ၂၀ရက်တွင် ကျန်းမာရေး ဝန်ကြီးဌာနက သတင်းထုတ် ပြန်သည်။

တက်ရောက်ကုသ

အဆိုပါ အမျိုးသားမှာ ဗီယက်နမ်အလယ်ပိုင်း ဒါနန်ပြည်နယ်၌ နေထိုင်သူဖြစ်ကာ စက်တင်ဘာ ၁၆ရက်က အဖျားတက်ခြင်း၊ အသက်ရှူကျပ်ခြင်းရောဂါဝေဒနာများကို ခံစားခဲ့ရ၍ အမှတ်(၇)စစ်ဆေးရုံသို့ တက်ရောက်ကုသမှု ခံယူခဲ့သည်။

သူ၏အခြေအနေမှာ ပိုမိုဆိုးရွားလာသဖြင့် ဒါနန်ဆေးရုံကြီးသို့ ပြောင်းရွှေ့ကုသမှုခံယူစေခဲ့သော်လည်း ယင်းနေ့ ညနေပိုင်း၌ပင် သေဆုံးသွားခဲ့ကြောင်း ဆင်ဟွာက ဖော်ပြသည်။

ပြောကြား

ဗီယက်နမ်နိုင်ငံ တစ်ဝန်းလုံး၌ A(H1N1) ရောဂါဖြစ်ပွားသူ ဦးရေမှာ ၆၈၈၃ဦးရှိသွားပြီဟု စက်တင်ဘာ ၂၀ ရက်တွင် ကျန်းမာရေးဝန်ကြီးဌာနက အတည်ပြုပြောကြားခဲ့သည်။ (အင်တာနက်)

အာဖဂန်နစ္စတန်နိုင်ငံ ကဘူးလ်မြို့၌ အသေခံကားဗုံးခွဲမှု ဖြစ်ပွားပြီးနောက် အပျက်အစီးများကို စက်တင်ဘာ ၂၀ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

ဆီးရီးယားအဝေးပြေး လမ်းမပေါ်၌ ဘတ်စ်ကားနှစ်စီး မျက်နှာချင်းဆိုင်တိုက်မိ

ဒမတ်စကတ် စက်တင်ဘာ ၂၁

ဆီးရီးယားနိုင်ငံ အလီပိုမြို့နှင့် အာဖန်မြို့အကြား အဝေးပြေးလမ်းပေါ်၌ စက်တင်ဘာ ၂၀ရက်က မီနီဘတ်စ်ကားနှစ်စီး မျက်နှာချင်းဆိုင်တိုက်မိခဲ့ရာ နှစ်ဦးသေဆုံးပြီး ကိုးဦးဒဏ်ရာရရှိသွားခဲ့ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

ဆေးရုံတင်ပို့

ဆီးရီးယားနိုင်ငံ၏ ဒုတိယအကြီးဆုံးမြို့တော် အလီပိုမြို့မှ မောင်းနှင်လာသည့် မီနီဘတ်စ်ကားနှင့် အာဖန်မြို့မှ မောင်းနှင်လာသည့် မီနီဘတ်စ်ကားတို့ တိုက်မိခဲ့ခြင်းဖြစ်ကြောင်း၊ ဒဏ်ရာရရှိသူများအား ဆေးရုံသို့တင်ပို့ပေးခဲ့ကြောင်း ရဲတပ်ဖွဲ့ကပြောကြားသည်။ အရှိန်လွန်မောင်းနှင်ခြင်းကြောင့် ယင်းယာဉ်တိုက်မှု ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ (အင်တာနက်)

သမိုင်းဝင် သတင်းသုတအဖြာဖြာ

ဒုတိယကမ္ဘာစစ်၏ စစ်ရိပ်လက္ခဏာများ

ဤလ ဤသမယသည် ဒုတိယကမ္ဘာစစ်ကြီး အစပျိုးသည့် နှစ်ပေါင်း ၇၀ပြည့်သည့် အချိန်ဖြစ်ပါသည်။ ဂျာမနီနိုင်ငံက ၁၉၃၉ ခုနှစ် စက်တင်ဘာ ၁ရက်တွင် စစ်မကြေညာ၊ တစ်စုံတစ်ရာ ကြိုတင်သတိပေးခြင်းမရှိဘဲ ပိုလန်နိုင်ငံကို ကျူးကျော်လိုက်သည်။

အင်အား ၁၁သမ ၅သန်းရှိ ဂျာမန်တပ်များသည် ထိုနေ့ အရုဏ်မတက်မီတွင် ပိုလန်ကို စစ်မျက်နှာသုံး၊ လေးခုဖွင့်ကာ ဝင်ရောက်တိုက်ခိုက်ခြင်း ဖြစ်သည်။ ယင်းနောက် မကြာမီ၌ပင် ဂျာမန်စစ်လေယာဉ်များက ဝါဆောမြို့တော်အပါအဝင် ပိုလန်မြို့ကြီးများကို ဗုံးကြဲတိုက်ခိုက်ခဲ့သည်။

ရာဇသံပေး

ထိုအချိန်တွင် ဗြိတိန်နှင့် ပြင်သစ်တို့က ဂျာမနီကို တိုက်ရန် တပ်လှန့်နှိုးဆော် အသင့်ပြင်ထားသည်။ ထို့ပြင် နာဇီဂျာမန်တပ်များ ပိုလန်မှ ထွက်ခွာမပေးလျှင် ပိုလန်ကို ပေးထားသည့် ကတိအတိုင်း ကူညီရလိမ့်မည်ဖြစ်ကြောင်း ဘာလင်ရှိ ဗြိတိန်နှင့် ပြင်သစ် သံအမတ်များမှတစ်ဆင့် ဂျာမနီကို ရာဇသံပေးလိုက်သည်။

သို့သော် ၁၉၄၀ပြည့်နှစ် ဇွန် ၁၄ရက် နံနက်စောစောပိုင်းတွင် ပြင်သစ်နိုင်ငံ ပါရီမြို့တော်သို့ ဂျာမန်တပ်များ ဝင်ရောက်သည်။ ထိုအချိန်တွင် ပြင်သစ်နှင့် မဟာမိတ်တပ်များက မြို့တော်တောင်ဘက်မှ ခုခံတိုက်ခိုက်ရန် ဆုတ်ပေးလိုက်သည်။ ပါရီမြို့တော်ကို စစ်ဘေးစစ်ဒဏ်မှ အတတ်နိုင်ဆုံး သက်သာစေရန် ဖြစ်သည်ဆို၏။ ဒန်းကပ်ကို လွန်ခဲ့သည့် ၁၀ရက်က သိမ်းပြီးနောက် ဂျာမန်တပ်များက ပါရီမြို့တော်ကို အရောက်ချီတက် သိမ်းပိုက်လိုက်ခြင်းဖြစ်ပါ၏။ မဟာမိတ်တပ်များ ထောင်နှင့်ချီ၍ ကျဆုံးကုန်ပြီး ဒဏ်ရာရသူများလည်း ဒုနှင့်ဒေး များပြားလှသည်ဆို၏။

မေတ္တာရပ်ခံ

ဂျာမန်တပ်များ ချဉ်းကပ်လာသည့်အချိန်တွင် ပြင်သစ်နိုင်ငံရှိ လှည်းနေလှေအောင်း မြင်းဇောင်းမကျန် လူလွတ်မှန်သမျှ နိုင်ငံတော်ကာကွယ်ရေးအတွက် လက်တွဲတိုက်ပွဲဝင်ကြရန် ပြင်သစ်ဝန်ကြီးချုပ် ပေါလ်ရေးနိုးက မေတ္တာပန်ကြားလိုက်သည်။

ချီတက်လာသည့် ဂျာမန်တပ်များ ရှေ့မတိုးနိုင်အောင် ဗြိတိန်တပ်များ ပါရီမြို့တောင်ဘက်သို့ ရောက်လာပြီး ပြင်သစ်မဟာမိတ်တပ်များနှင့်အတူ နေ့ရောညပါ ခုခံတိုက်ခိုက်ကြသည်။ ဗြိတိန်လေတပ်ကလည်း ရန်သူ့စစ်ကြောင်း၊ ထောက်ပံ့ရေးလမ်းကြောင်း၊ ဆက်သွယ်ရေးလမ်းကြောင်းများကို ဗုံးကြဲဖြတ်တောက်ပေးသည်။ ဂျာမန်လေတပ်ကလည်း တုံ့ပြန်တိုက်ခိုက်သည်။

ဂျပန်တပ်က ပုလဲဆိပ်ကမ်းကို ဤသို့ ဗုံးကြဲတိုက်ခိုက်ခဲ့သည်။ (အင်တာနက်ဓာတ်ပုံ)

ချိုးဖောက်

၁၉၄၁ခုနှစ် ဇွန် ၂၂ရက်တွင် ဟစ်တလာ၏ နာဇီတပ်များက ဆိုဗီယက်ပြည်ထောင်စုကို ကျူးကျော်တိုက်ခိုက်သည်။ ထိုနေ့အရုဏ်မတက်မီတွင် ဂျာမန်တပ်များသည် ဆိုဗီယက်ပြည်ထောင်စုကို အနောက်ဘက်နှင့် တောင်ဘက်တို့မှလည်းကောင်း၊ လီနင်ဂရက်မြို့ကို ဦးတည်သည့်တပ်များက မြောက်ဘက်မှလည်းကောင်း ချီတက်တိုက်ခိုက်သည်။ ဤကျူးကျော်တိုက်ခိုက်မှုမှာ ၁၉၃၉ခုနှစ်က ဂျာမနီနှင့် ဆိုဗီယက်ပြည်ထောင်စုတို့ ချုပ်ဆိုခဲ့သည့် မကျူးကျော်ရေးစာချုပ်ကို ဂျာမနီက ချိုးဖောက်လိုက်ခြင်းဖြစ်သည်။

ဆိုဗီယက်ခေါင်းဆောင် ဂျိုးဇက်စတာလင်မှာ လုံးဝအံ့အားသင့်သည့် လက္ခဏာရှိသည်။ စစ်ဖြစ်တော့မည်ဟု ဗြိတိန်နှင့် ထောက်လှမ်းရေးသတင်းများက သတိပေးသည့်ကြားမှပင် စတာလင်က စစ်အတွက် ပြင်ဆင်ထားရန် ငြင်းဆိုသည်။ လာမည့် နွေရာသီအတွင်း စစ်မဖြစ်နိုင်ဟု စွဲမြဲစွာတွက်ဆထားသည်။

ထုတ်ဖော်

လန်ဒန်၌ ထိုနေ့တွင်ပင် အစိုးရအဖွဲ့ အစည်းအဝေးကျင်းပသည်။ ဝန်ကြီးချုပ် ချာချီက ဆိုဗီယက်ပြည်ထောင်စုအပေါ် ဂျာမန်ကျူးကျော်တိုက်ခိုက်ခြင်းကို ပြစ်တင်ရှုတ်ချပြီး ဆိုဗီယက်ပြည်ထောင်စု၏ အန္တရာယ်မှာ မိမိတို့၏ အန္တရာယ်ပင်ဖြစ်ကြောင်း ထုတ်ဖော်ကြေညာလိုက်သည်။

၁၉၄၁ခုနှစ် ဩဂုတ် ၁၄ရက်တွင် ဗြိတိန်ဝန်ကြီးချုပ် ဝင်စတန်ချာချီနှင့် အမေရိကန်သမ္မတ ဖရင်ကလင်ဒီရုစဘဲ့တို့က နှစ်နိုင်ငံ မဟာမိတ်ဖွဲ့လိုက်သည်။ ထိုနေ့မတိုင်မီ ရက်အနည်းငယ်အတွင်း ခေါင်းဆောင်နှစ်ဦး လျှို့ဝှက်စွာ တွေ့ဆုံညှိနှိုင်းခဲ့သည်။

၁၉၄၁ခုနှစ် ဒီဇင်ဘာ ၁၁ရက်တွင် ဂျာမနီနှင့် အီတလီတို့က အမေရိကန်ကို စစ်ကြေညာသည်။

မဟာမိတ်

အမေရိကန်နိုင်ငံကလည်း အဆိုပါ ဝင်ရိုးတန်းနှစ်နိုင်ငံကို ချက်ချင်းပင် တုံ့ပြန်စစ်ကြေညာလိုက်သည်။ ပုလဲဆိပ်ကမ်းကို ဂျပန်တို့က ရုတ်တရက်တိုက်ခိုက်ပြီးနောက် အမေရိကန်သမ္မတ ဖရင်ကလင်ဒီရုစဘဲ့က ဂျပန်ကို စစ်ကြေညာသည်။ ဂျပန်သည် ဂျာမနီ၊ အီတလီတို့နှင့်အတူ တတိယဝင်ရိုးတန်း မဟာမိတ်နိုင်ငံ ဖြစ်သည်။

ကြေညာ

အီတလီအာဏာရှင် မူဆိုလီနီက အမေရိကန်ကို ရှေးဦးစွာ စစ်ကြေညာပြီးနောက် ဟစ်တလာက အမေရိကန်ကို စစ်ကြေညာသည်။

၁၉၄၀ပြည့်နှစ် စက်တင်ဘာ ၂၇ရက်တွင် သုံးနိုင်ငံသဘောတူစာချုပ်အရ မဟာမိတ်ဂျပန်ကို ကာကွယ်ရန် အီတလီနှင့် လက်တွဲဖို့ ဂျာမနီနိုင်ငံ၌ တာဝန်ရှိကြောင်း ဟစ်တလာက ပြောကြားသည်။ ။

ကုလသမဂ္ဂ၏ ပထမဆုံးအတွင်းရေးမှူးချုပ်

ကုလသမဂ္ဂအဖွဲ့ကြီး ပထမဆုံးအတွင်းရေးမှူးချုပ်မှာ ထရီဗီလိုင်း **(အပေါ်ပုံ)** ဖြစ်သည်။ ၁၉၄၆ခုနှစ် ဖေဖော်ဝါရီ ၂ရက်မှ ၁၉၅၂ ခုနှစ် နိုဝင်ဘာ ၁၀ရက်အထိ ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်အဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။

ထရီဗီလိုင်းကို နော်ဝေနိုင်ငံ အော့စလိုမြို့၌ ၁၈၉၆ခုနှစ် ဇူလိုင် ၁၆ရက်တွင် မွေးဖွားသည်။ သူ့ဖခင် မာတင်လိုင်းသည် ၁၉၀၂ခုနှစ်တွင် အမေရိကန်နိုင်ငံသို့ ပြောင်းရွှေ့သွားပြီး သူ့အကြောင်းကို ထပ်မံမကြားရတော့ပေ။ ထရီဗီလိုင်းသည် ၁၉၁၁ခုနှစ်တွင် လေဘာပါတီသို့ ဝင်ရောက်သည်။ ၁၉၁၉ခုနှစ်တွင် အော့စဖို့တက္ကသိုလ်မှ ဥပဒေဘွဲ့ရပြီးနောက် မကြာမီ ပါတီ အတွင်းရေးမှူး ဖြစ်လာသည်။

စတင်ထမ်းဆောင်

၁၉၂၁ခုနှစ်တွင် ဂျော်ဂင်ဆင်နှင့်လက်ထပ်ပြီး သမီး သုံးဦးရရှိခဲ့သည်။ ၁၉၄၆ခုနှစ် ဖေဖော်ဝါရီလဆန်းတွင် ကုလသမဂ္ဂ၏ ပထမဆုံး အတွင်းရေးမှူးချုပ်ရာထူးကို စတင်ထမ်းဆောင်သည်။ ၁၉၆၈ခုနှစ် ဒီဇင်ဘာ ၃၀ရက်တွင် နော်ဝေနိုင်ငံ ဂဲလို၌ အသက်၇၂နှစ်တွင် ကွယ်လွန်ခဲ့သည်။ ။

ကိုးကား-အင်တာနက်

တိုး-ရေးသားသည်

နောက်ဆုံးရ နိုင်ငံတကာသတင်းများ

မောင်ချစ်ကြည် - စုစည်းတင်ပြသည်

ဂါဇာကမ်းမြောင်ဒေသတောင်ပိုင်းသို့ အစ္စရေးတိုက်လေယာဉ်ပစ်ခတ်တိုက်ခိုက်

ပါလက်စတိုင်းရှိ ဂါဇာကမ်းမြောင်ဒေသတောင်ပိုင်းသို့ စက်တင်ဘာ၂၁ရက်က အစ္စရေးတိုက်လေယာဉ်များက ပစ်ခတ်တိုက်ခိုက်ခဲ့ကြောင်း၊ အထူးသဖြင့် မြေအောက်ဥမင်များအား ပစ်မှတ်ထားတိုက်ခိုက်ခဲ့ခြင်းဖြစ်ကြောင်း၊ ထိခိုက်ပျက်စီးမှုများရှိခဲ့ကြောင်း ပါလက်စတိုင်းအရာရှိများက ပြောကြားသည်။

တရုတ်အနောက်တောင်ပိုင်း ချုံကျင်းမြို့၌ မိုးသည်းထန်ပြီး ရေလွှမ်းမှုဖြစ်ပွား

တရုတ်နိုင်ငံ အနောက်တောင်ပိုင်း ချုံကျင်းမြို့တွင် စက်တင်ဘာ၂၁ရက်က မိုးသည်းထန်စွာ အဆက်မပြတ်ရွာသွန်းမှုကြောင့် ရေလွှမ်းမှုများဖြစ်ပွားပြီး သုံးဦးသေဆုံးခဲ့ကြောင်း ဆင်ဟွာသတင်းဌာနက ထုတ်ပြန်သည်။ ***(အောက်ပုံ)***

၂၀၁၀ ကမ္ဘာ့စီးပွားရေးဖိုရမ် တန်ဇန်းနီးယား၌ ကျင်းပမည်

၂၀၁၀ကမ္ဘာ့စီးပွားရေးဖိုရမ်ကို တန်ဇန်းနီးယားနိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပရန် စက်တင်ဘာ၂၁ရက်က ဆုံးဖြတ်လိုက်ပြီဖြစ်ကြောင်း၊ အာဖရိကတိုက်၌ ပထမဆုံးအိမ်ရှင်အဖြစ် ကျင်းပခွင့်ရသည့်နိုင်ငံဖြစ်ကြောင်း တန်ဇန်းနီးယားသမ္မတ ကစ်ဝီတီကပြောကြားသည်။

ဘင်္ဂလားဒေ့ရှ် အရှေ့မြောက်ပိုင်း၌ ရစ်ချ်တာစကေး ၆ ဒသမ ၄ ရှိ ငလျင်လှုပ်

ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဒါကာမြို့ အရှေ့မြောက်ပိုင်း ကီလိုမီတာ ၄၆၀ကျော် အကွာအဝေးကို ဗဟိုပြု၍ စက်တင်ဘာ၂၁ရက်က ရစ်ချ်တာစကေး ၆ ဒသမ ၄ ရှိ အင်အားပြင်းငလျင်လှုပ်ခဲ့ကြောင်း၊ ဒေသခံများ နေအိမ်များမှ ပြေးထွက်ခဲ့ကြရကြောင်း၊ နေအိမ် အဆောက်အအုံများ အနည်းငယ်ပျက်စီးခဲ့ကြောင်း ဘင်္ဂလားဒေ့ရှ်အရာရှိများက ပြောကြားသည်။

အိုင်အေအီးအေအဖွဲ့ ဥက္ကဋ္ဌအဖြစ် မလေးရှားမှ အမ်ဟူစိန် ရွေးချယ်ခံရ

နိုင်ငံတကာ အဏုမြူစွမ်းအင်အေဂျင်စီ (အိုင်အေအီးအေ)၏ ၂၀၀၉-၂၀၁၀ကာလအတွက် ဥက္ကဋ္ဌအဖြစ် မလေးရှားနိုင်ငံမှ အမ်ဟူစိန်အား ရွေးချယ်ခဲ့ရကြောင်း၊ အမ်ဟူစိန်သည် လက်ရှိ၌ ဩစတြီးယားဆိုင်ရာ မလေးရှားသံအမတ်အဖြစ် တာဝန်ထမ်းဆောင်နေသူဖြစ်ကြောင်း မလေးရှားနိုင်ငံခြားရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်သည်။

ကမ္ဘာ့ဈေးကွက်၌ ရွှေဈေးနှုန်းကျဆင်း

ကမ္ဘာ့ရွှေဈေးကွက်၌ ရွှေဈေးနှုန်းများကျဆင်းလျက်ရှိရာ တရုတ်နိုင်ငံ၌ စက်တင်ဘာ ၂၁ရက် ဈေးကွက်ပိတ်ချိန်တွင် ရွှေတစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၁၀၀၃ ဒသမ ၄ ဒေါ်လာအထိ ကျဆင်းခဲ့ကြောင်း တရုတ်ရွှေလုပ်ငန်းရှင်များက ပြောကြားသည်။



နိုင်ငံတကာ အာကာသယာဉ်စခန်းမှ ခေတ်မမီတော့သည့် ယာဉ်အားဖယ်ရှားခဲ့

နိုင်ငံတကာ အာကာသယာဉ်စခန်းရှိ ခေတ်မမီတော့သည့် ထိန်းချုပ်ရေးစနစ်ပါရှိသည့် ရုရှားယာဉ်အား နိုင်ငံတကာ အာကာသယာဉ်စခန်းမှ စက်တင်ဘာ ၂၁ရက်က အောင်မြင်စွာ ဖယ်ရှားနိုင်ခဲ့ပြီဖြစ်ကြောင်း ရုရှားမြေပြင်အာကာသယာဉ်စခန်းမှ အရာရှိတစ်ဦးက ပြောကြားသည်။ (အပေါ်ပုံ)

ဘူတန်နိုင်ငံ တမ်ဘူမြို့ အရှေ့ဘက်၌ အင်အားပြင်းငလျင်လှုပ်ခဲ့

ဘူတန်နိုင်ငံ တမ်ဘူမြို့အရှေ့ဘက် ကီလိုမီတာ ၁၈၀ ခန့်အကွာကို ဗဟိုပြု၍ စက်တင်ဘာ ၂၁ရက်က ရစ်ချ်တာစကေး ၆ ဒသမ ၃ ရှိ အင်အားပြင်းငလျင်လှုပ်ခဲ့ကြောင်း တမ်ဘူမြို့တွင် နေအိမ်အဆောက်အအုံများ အနည်းငယ်ပျက်စီးခဲ့ကြောင်း ဘူတန်အရာရှိများက ပြောကြားသည်။ ။

(အင်တာနက်)

မျက်စိအထူးကုဆရာဝန်ကြီးက မြင်းခြံမြို့နယ်၊ နွားထိုးကြီးမြို့နယ်နှင့် တောင်သာမြို့နယ်အတွင်းရှိ မျက်စိဝေဒနာရှင်များအား မျက်စိကျန်းမာရေး စောင့်ရှောက်မှု ပညာပေး ဟောပြောစဉ်။ (သတင်းစဉ်)

တောင်သာမြို့နယ်အတွင်းရှိ မျက်စိဝေဒနာရှင်များအား ဇီဝိတဒါန အခမဲ့မျက်စိစမ်းသပ်စစ်ဆေး ခွဲစိတ်ကုသမှု မျက်စိအထူးကုဆရာဝန်ကြီးများအဖွဲ့ ကွင်းဆင်းဆောင်ရွက်

နေပြည်တော် စက်တင်ဘာ ၂၁

အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်း၏ စီစဉ်ကြီးကြပ်မှုဖြင့် အမှတ်(၁)စက်မှုဝန်ကြီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာနနှင့် မန္တလေးတိုင်း မြင်းခြံခရိုင် တောင်သာမြို့နယ်မှ လူမှုရေးအသင်းအဖွဲ့များပူးပေါင်း၍ မြင်းခြံမြို့နယ်၊ နွားထိုးကြီးမြို့နယ်နှင့် တောင်သာမြို့နယ်အတွင်းရှိ မျက်စိဝေဒနာရှင်များအား ဒုတိယအကြိမ် ဇီဝိတဒါန အခမဲ့ မျက်စိစမ်းသပ်စစ်ဆေး ခွဲစိတ်ကုသမှုလုပ်ငန်းများကို စက်တင်ဘာ ၁၆ရက်မှ ၂၀ရက်အထိ တောင်သာမြို့နယ် ပြည်သူ့ဆေးရုံကြီး၌ ကွင်းဆင်းဆောင်ရွက်ခဲ့ကြသည်။

အဆိုပါ ဇီဝိတဒါနအခမဲ့ကွင်းဆင်း ခွဲစိတ်ကုသမှုအစီအစဉ်တွင် ရန်ကုန်မြို့မှ မျက်စိအထူးကုဆရာဝန်ကြီး ပါမောက္ခ ဒေါက်တာဦးတင်ဝင်း၊ ရန်ကုန်မျက်စိ အထူးကုဆေးရုံ ဆေးရုံအုပ်ကြီး ဒေါက်တာ ဦးသန်းလွင်တို့ ဦးဆောင်၍ ဒေါက်တာ ညွှန့်အောင်၊ ဒေါက်တာနီလာသိန်းနှင့် အထူးကု ဆရာဝန်များ ဖြစ်ကြသော ဒေါက်တာခင်အုန်းမြင့်၊ ဒေါက်တာနုနုယဉ်၊ ဒေါက်တာသိန်းဇော်၊ ဒေါက်တာသိန်းထွဋ်၊ ဒေါက်တာချောဝေလွင်၊ ဒေါက်တာအောင်နေဦး၊ ဒေါက်တာနှင်းယုချစ်ဆိုင်၊ ဒေါက်တာ ကိုကိုလင်း၊ ဒေါက်တာမာလာကြိုင်၊ ဒေါက်တာယုယုသိန်း၊ ဒေါက်တာလှိုင်းလှိုင်း၊ ဒေါက်တာရွှေဝါအေး၊ ဒေါက်တာဥမ္မာဇင်၊ ဒေါက်တာမေကိုကိုသက်၊ ဒေါက်တာ သီဂီဝင်း(၁)၊ ဒေါက်တာဇင်မာမြင့်၊ ဒေါက်တာအိကေသွယ်ဟန်၊ ဒေါက်တာ သီဂီဝင်း(၂)၊ ဒေါက်တာဇင်မေထွန်း၊ ဒေါက်တာသိန်းသန်းထိုက်၊ ဒေါက်တာ အောင်ကျော်ထူး၊ ဒေါက်တာမျိုးမင်းဝင်း၊ ဒေါက်တာအေးချမ်း၊ ဒေါက်တာအောင်ကိုကို ထက်နှင့် သူနာပြုဆရာမ ၁၄ဦး၊ Alcon ကုမ္ပဏီမှ ကျွမ်းကျင်ပညာရှင် ဦးသန်းထိုက်တို့ ပါဝင်ကြသည်။

ပညာပေးဟောပြော

မျက်စိ အထူးကုဆရာဝန်ကြီးများ အဖွဲ့သည် တောင်သာမြို့နယ် ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာတင်မောင်ဦးနှင့် ဆရာဝန်များ၊ သူနာပြုများ၊ ကျန်းမာရေး ဝန်ထမ်းများ၊ အမှတ်(၁) စက်မှုဝန်ကြီး ဌာနမှ တာဝန်ရှိသူများနှင့် လူမှုရေးအသင်း အဖွဲ့များ၏ ပူးပေါင်းကူညီမှုဖြင့် စက်တင် ဘာ ၁၆ရက်မှ စတင်၍ မြင်းခြံမြို့နယ်၊ နွားထိုးကြီးမြို့နယ်နှင့် တောင်သာမြို့နယ် အတွင်းရှိ မြို့မ၊ မြင်းတဲ၊ ဆီမီးကန်၊ ဝဲလောင်၊ ရုံးစည်ကြီး၊ ကျောဇီ၊ တစ်မိုက်သာ၊ ဇဂျမ်းစသည့် ရပ်ကွက်နှင့်ကျေးရွာ အုပ်စုပေါင်း ၈၃စုတို့မှ မျက်စိဝေဒနာရှင်များအား စမ်းသပ်စစ်ဆေးခြင်း၊ ခွဲစိတ်ကုသခြင်း၊ ပါဝါမျက်မှန်များ ပေးအပ်ခြင်း၊ ခွဲစိတ်ပြီးဝေဒနာရှင်များအား မျက်စဉ်း ဆေးဝါးနှင့် နေကာမျက်မှန်များ ပေးအပ်ခြင်း၊ မျက်စိခွဲစိတ်ပြီးနောက် ဆောင်ရန်၊ ရှောင်ရန် အချက်အလက်များနှင့် မျက်စိ ကျန်းမာရေးစောင့်ရှောက်မှု ပညာပေး ဟောပြောခြင်း စသည်တို့ကို ဆောင်ရွက် ကြသည်။

မျက်စိအထူးကုဆရာဝန်ကြီး ပါမောက္ခ ဒေါက်တာဦးတင်ဝင်းနှင့် အထူးကု ဆရာဝန်များအဖွဲ့ မြင်းခြံမြို့နယ်၊ နွားထိုးကြီးမြို့နယ်နှင့် တောင်သာမြို့နယ်အတွင်းရှိ မျက်စိဝေဒနာရှင်များအား ဒုတိယအကြိမ် ဇီဝိတဒါန အခမဲ့မျက်စိစမ်းသပ် စစ်ဆေးခွဲစိတ်ကုသမှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။ (သတင်းစဉ်)

မျက်စိ အထူးကုဆရာဝန်ကြီးများ အဖွဲ့၏ မျက်စိဝေဒနာရှင်များအား ခွဲစိတ် ကုသမှု အလင်းအောင်ပွဲနှင့် ဂုဏ်ပြုပွဲ အခမ်းအနားကို စက်တင်ဘာ ၂၀ရက် နံနက် စနာရီတွင် တောင်သာမြို့နယ် အခြေခံပညာအလယ်တန်းကျောင်း (မင်းစု) ဝင်းအတွင်းရှိမဏ္ဍပ်၌ကျင်းပရာ အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်း တက်ရောက်၍ ဒုတိယအကြိမ် ဇီဝိတဒါန အခမဲ့ မျက်စိခွဲစိတ်ကုသမှုလုပ်ငန်းဆောင် ရွက်မှု အခြေအနေနှင့် ပတ်သက်၍ ဂုဏ်ပြု အမှာစကား ပြောကြားသည်။

ရှင်းလင်းပြောကြား

ထို့နောက်မျက်စိအထူးကုဆရာဝန်ကြီး များအဖွဲ့ ခေါင်းဆောင် ပါမောက္ခ ဒေါက်တာဦးတင်ဝင်းက မျက်စိခွဲစိတ်ကုသ ခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြား သည်။

ယင်းနောက် လူမှုရေးအသင်းအဖွဲ့ များမှ ကိုယ်စားလှယ်တစ်ဦးနှင့် မျက်စိ ဝေဒနာရှင်တစ်ဦးတို့က ကျေးဇူးတင်စကား ပြောကြားကြသည်။

ဆက်လက်၍ ဝန်ကြီးဦးအောင်သောင်း၊ မျက်စိအထူးကုဆရာဝန်ကြီးများ အဖွဲ့နှင့် အလှူရှင်တို့က မျက်စိခွဲစိတ်ပြီး ဝေဒနာ ရှင်များအား နေကာမျက်မှန်များကို တပ်ဆင် ပေးပြီး အခမ်းအနားကို ရုပ်သိမ်းလိုက် သည်။

အခမဲ့လှူဒါန်း

မျက်စိအထူးကုဆရာဝန်ကြီးများ အဖွဲ့ သည် မြင်းခြံမြို့နယ်၊ နွားထိုးကြီးမြို့နယ် နှင့် တောင်သာမြို့နယ်အတွင်းရှိ ရပ်ကွက် နှင့် ကျေးရွာအုပ်စုပေါင်း ၈၃စုတို့မှ မျက်စိ အတွင်းတိမ်၊ ရေတိမ်၊ မျက်မှန်လိုအပ်သည့် ဝေဒနာရှင်များနှင့် အခြား မျက်စိရောဂါ ဝေဒနာရှင်ပေါင်း ၅၁၄၀ တို့အား ဇီဝိတ ဒါန အခမဲ့စမ်းသပ်စစ်ဆေး ကုသပေးခဲ့ပြီး မွေးရာပါ မျက်စိစွေဝေဒနာရှင် မြင်းခြံ မြို့နယ် ချောင်းထောင်းကျေးရွာနေ မအင်ကြင်းခိုင် အသက်ငါးနှစ်၊ သစ်ကိုင်း ထိခိုက်မှုကြောင့် ညာဘက်မျက်စိအတွင်း တိမ်ဝေဒနာရှင် တောင်သာမြို့နယ် မကျည်း ကုန်းကျေးရွာနေ မောင်ကျော်မျိုးခိုင် အသက်ခြောက်နှစ်၊ မွေးရာပါမျက်စိ အတွင်းတိမ်ဝေဒနာရှင် နွားထိုးကြီးမြို့နယ် ရွာကြီးရွာကျေးရွာနေ မခိုင်ဖြိုးသွယ် အသက် ခုနစ်နှစ်၊ ဆူးခက်ထိခိုက်မှုကြောင့် ဘယ်ဘက်မျက်စိ အတွင်းတိမ်ဝေဒနာရှင် တောင်သာမြို့နယ် ဖက်တောကျေးရွာနေ မစန္ဒာဝင်း အသက် ရှစ်နှစ်၊ မွေးရာပါ မျက်စိ အတွင်းတိမ်ဝေဒနာရှင် တောင်သာ မြို့နယ် ကျွန်းရွာကျေးရွာနေ မောင်မင်းခန့် ကျော် အသက်ရှစ်နှစ်၊ ခဲလုံးထိခိုက်မှုကြောင့် ညာဘက်မျက်စိအတွင်းတိမ် ဝေဒနာရှင် မြင်းခြံမြို့နယ် သမွန်းခိုင်ကျေးရွာနေ မောင်အောင်ခိုင်မျိုး အသက် ၁၀နှစ်၊ မွေး ရာပါ မျက်စိအတွင်းတိမ်ဝေဒနာရှင် မြင်းခြံ မြို့နယ် လဲယဉ်တန်းရပ် ဘောလုံးကျေးရွာ နေ မောင်မျိုးမင်းသန်း အသက် ၂၂နှစ်နှင့် မွေးရာပါ မျက်စိစွေ ဝေဒနာရှင် တောင်သာ မြို့နယ် ကန်နီကျေးရွာနေ စွပ်ကျယ်စက်ရုံ (တောင်သာ) ဝန်ထမ်း မမြင့်မြင့်ဌေး အသက် ၂၄နှစ်တို့ အပါအဝင် အတွင်းတိမ် ဝေဒနာရှင် ၇၅၇ဦးနှင့် အသေးစား ခွဲစိတ် ကုသမှု ၁၀၄ ဦး၊ စုစုပေါင်း ၈၆၁ တို့အား အောင်မြင်စွာ ခွဲစိတ်ကုသပေးခဲ့ကြပြီး မျက်မှန်ပါဝါလိုအပ်သူ ၁၂၉၈ ဦးတို့ကို အခမဲ့လှူဒါန်းပေးအပ်ခဲ့ကြသည်။

အဆိုပါ ခွဲစိတ်ကုသ ကွင်းဆင်း ဆောင်ရွက်မှုအတွက် လိုအပ်သော ဆေးဝါး ပစ္စည်းများနှင့် ကုန်ကျစရိတ်အဝဝတို့ကို ဦးအောင်မြတ် (မန်နေဂျင်းဒါရိုက်တာ၊ Mother Trading Co.,Ltd.) က အဓိက ပံ့ပိုးလှူဒါန်းခဲ့ပြီး ဦးဝင်းလွင်- ဒေါ်မြတ်မြတ်မော် (ကျော်သာကုမ္ပဏီ)၊ ဦးကျော်မိုးနိုင်(မြန်မာမိုးနိုင်ကုမ္ပဏီ)နှင့် စန္ဒာမြိုင်ဆေးကုမ္ပဏီတို့ကလည်း ပါဝင် လှူဒါန်းခဲ့ကြသည်။ **(သတင်းစဉ်)**

ပြည်မြန်မာသတင်းဂျာနယ် ယခုအပတ်ဖြန့်ချီ

ရန်ကုန် စက်တင်ဘာ ၂၁

ပြည်မြန်မာသတင်းဂျာနယ် အမှတ်(၆၈၄)ကို ရန်ကုန်မြို့ အနော်ရထာလမ်း (၃၉လမ်းထောင့်) Central Tower ပထမထပ်ရှိ Swesone Media Group မှ တစ်ပြည်လုံးသို့ ဖြန့်ချိလိုက်ပြီဖြစ်သည်။

ယခုအပတ်ထုတ် ပြည်မြန်မာသတင်းဂျာနယ်၌ "စင်ကာပူစီးပွားရေး တိုးတက်လာပြီဖြစ်သော်လည်း သွားရောက်လုပ်ကိုင်လိုသူများအတွက် အခြေအနေ မကောင်းသေး၊ နှစ်ပေါင်း ၂၀အတွင်း အကျဉ်းသားပေါင်း ၁၁၅၀၀၀ခန့်ကို လွတ်ငြိမ်းချမ်းသာခွင့်ပေးခဲ့၊ ဗီယက်နမ်က မြန်မာမှ ငါးနှင့် ကျောက်ပုစွန်ဝယ်မည်၊ အိန္ဒိယ၏ မြန်မာ့ပဲမျိုးစုံဝယ်လိုအား မြင့်တက်လာနိုင်၊ အိုင်တီပြဿနာများကို အွန်လိုင်းမှတစ်ဆင့် တိုက်ရိုက်အကြံပြု ဆွေးနွေးနိုင်၊ ပြည်တွင်းထုတ် အရက်၊ ဘီယာ၊ ဝိုင်၊ ဝီစကီတို့ကို သတ်မှတ်စံချိန်စံညွှန်း မီ မမီ စစ်ဆေးနေပြီ၊ ပြည်တွင်း ဆန်ဈေးကွက်အတွင်း ပေါင်းဆန်ထုတ်လုပ်ဖြန့်ချိတော့မည်၊ မြစ်ကွေးများကို ဖြောင့်ပေးခြင်းဖြင့် စိုက်ပျိုးမြေများ ပိုမိုဖြစ်ထွန်းလာနိုင်ဟုဆို၊ ပွဲသွားသော တန်ဖိုးကြီး စက်ပစ္စည်းများကို ခေတ်မီနည်းပညာဖြင့် အသားပြန်ဖြည့်ပေးနိုင်ပြီ၊ အာရုံခံစနစ် ဖြင့် ဖုန်းပိတ်နိုင်သည့် ဟန်းဆက်တစ်မျိုး ဈေးကွက်အတွင်းသို့ ရောက်ရှိလာ၊ ဝက်အူချောင်း၊ အသားလုံး၊ အသားပြားများတွင် နိုက်ထရပ်နှင့် ဖော်မလင်ပါဝင်မှု ကို စစ်ဆေးတော့မည်၊ အိမ်ထောင်သက် ကိုးနှစ်ခန့်အကြာတွင် ထပ်ဆင့်အကယ် ဒမီ စိုးမြတ်သူဇာ ခင်ပွန်းဖြစ်သူနှင့် ကွာရှင်းကြောင်းကြေညာ၊ ဂျင်ဆင်းမြေရောက် ကင်မ်ချီနေ့ရက်များ၊ အမျိုးသမီးငယ်တစ်ဦး လှလွန်းချောလွန်း ဆွဲဆောင်မှုရှိလွန်း၍ အလုပ်မှထုတ်ခံရ၊ တူရကီမှ အရပ်ရှစ်ပေတစ်လက်မရှိသူ ကမ္ဘာ့အရပ် အရှည်ဆုံး လူသားဖြစ်လာ၊ မလေးရှားမှ ၁၀၇နှစ်ရှိ အဘွားအိုက ထပ်မံလက်ထပ်ရန် ၂၃ယောက် မြောက် ခင်ပွန်းကို ရှာဖွေ၊ ဓားသိုင်းကစားပြသည့် သမ္မတ အိုဘားမား၊ မြစ်ရေက ညတွင်းချင်း လိမ္မော်ရောင်ပြောင်းသွား၊ ချယ်လ်ဆီးသူဌေး၏ ကမ္ဘာ့အကြီးဆုံး ဇိမ်ခံ သင်္ဘောကို စမ်းသပ်မောင်းနှင်၊ အိုစမာဘင်လာဒင်၏ အသံသွင်း တိပ်ခွေသစ် ပေါ်ထွက်လာ၊ ရတနာဆိုင်ကို လုယက်ထွက်ပြေးသွားသည့် ကားကို မောင်းသူမှာ လက်နှစ်ဖက်ပြတ်နေသော်လည်း ရဲကားက လိုက်မမီ၊ ဒဏ္ဍာရီထဲမှ အကောင်ကြီး တွေ့ရှိ၊ ရေခဲများ အရည်ပျော်ကျမှုကြောင့် အာရှမှ ဥရောပသို့သွားရန် အာတိတ် သမုဒ္ဒရာ၌ လမ်းကြောင်းသစ်နှစ်ခုဖြစ်ပေါ်လာ၊ ဂြိုဟ်သားများ နေထိုင်နိုင်ဖွယ်ရှိသည့် ကျောက်တုံးများဖြင့် ဖွဲ့စည်းထားသည့်ဂြိုဟ်ကို တွေ့ရှိ၊ အခွန်ကြွေးကျန်နေသည့် မာရာဒိုနာထံမှ ရဲများက စိန်နားဆွဲများကိုသိမ်းယူ...." စသည့် စိတ်ဝင်စားဖွယ် သတင်းများနှင့် ပါဝင်နေကျ ကဏ္ဍမျိုးစုံအပြင် စာမျက်နှာ ရှစ်မျက်နှာ တိုးမြှင့်ထား သော်လည်း ဈေးနှုန်းမတက်ဘဲ မေတ္တာလက်ဆောင် အချပ်ပိုများနှင့်အတူ အပတ်စဉ် အင်္ဂါနေ့တိုင်း ဖြန့်ချိလျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကျောင်းနေကလေးသူငယ်များနှင့် လူငယ်လူရွယ်များ ကမ္ဘာ့လူတုပ်ကွေးကပ်ရောဂါမဖြစ်ပွားရေး သတိပေးနှိုးဆော်ချက်

ကျောင်းများတွင် ဆောင်ရွက်ရမည့်လုပ်ငန်းများ-

ကျောင်းပရဝဏ်နှင့် စာသင်ခန်းများ

- **ကျောင်းပရဝဏ် ပတ်ဝန်းကျင် သန့်ရှင်းရေးနှင့် စာသင်ခန်းများ လေဝင်လေထွက်ကောင်းမွန်ရေးကို ဂရုပြုဆောင်ရွက်ခြင်း၊**
- **အမှိုက်နှင့် အညစ်အကြေးများ စနစ်တကျစွန့်ပစ်ခြင်း၊**
- **ကျောင်းသား ကျောင်းသူများ မကြာခဏလက်ဆေးနိုင်ရေးအတွက် ရေနှင့်ဆပ်ပြာကို စီစဉ်ဆောင်ရွက်ထားခြင်း၊ တတ်နိုင်ပါက အရက်ပြန်နှင့် ဂွမ်းကိုစီစဉ်ပေးခြင်း၊**
- **စာသင်ခန်းများ၊ စာသင်ခုံနှင့် ထိုင်ခုံများ၊ တံခါးလက်ကိုင်များ၊ လှေကားလက်ရန်း၊ ကျောင်းတွင်းပရိဘောဂများ၊ ပြတင်းပေါက်များ၊ ခန်းဆီးများ၊ တယ်လီဖုန်းနှင့် ကျောင်းရှိလူ့အသုံးအဆောင်ပစ္စည်း များကို အနည်းဆုံး တစ်နေ့နှစ်ကြိမ်မှ သုံးကြိမ်အထိ ပိုးသန့်စင်ခြင်း။**

ပခုက္ကူဦးအုံးဖေစာပေဆု ၂၀၀၉ခုနှစ်အတွက် စာမူများ အောက်တိုဘာလကုန်အထိ တင်သွင်းနိုင်

ရန်ကုန် စက်တင်ဘာ ၂၁

ပခုက္ကူဦးအုံးဖေ စာပေဆုပြိုင်ပွဲကို နှစ်စဉ်ကျင်းပလျက်ရှိရာ ဝတ္ထုရှည်၊ ဝတ္ထုတိုပေါင်းချုပ်၊ ကဗျာပေါင်းချုပ်၊ ကျမ်းစာပေနှင့် သုတေသနစာပေ ဘာသာရပ် ငါးမျိုးအတွက် စာမူများ လက်ခံလျက်ရှိသည်။

ဝယ်ယူနိုင်

ပြိုင်ပွဲဝင်စာမူအတွက် သတ်မှတ်ထားသည့်ပုံစံဖြင့် လက်ခံမည်ဖြစ်ပြီး ပုံစံနှင့် စည်းကမ်းချက်များကို စာပေဗိမာန် စီမံရေးရာဌာနတွင် ငွေကျပ်၁၀၀ဖြင့် ဝယ်ယူနိုင် သည်။ နယ်မှ မှာယူလိုသူများသည် ငွေကျပ်၂၀၀ကို ငွေသားဖြင့် ပေးပို့မှာယူ နိုင်ကြောင်း သိရသည်။

တင်သွင်း

၂၀၀၉ခုနှစ်အတွက် ပြိုင်ပွဲဝင်မည့်စာမူများကို အောက်တိုဘာ၃၁ရက် နောက်ဆုံးထား၍ အတွင်းရေးမှူး ပခုက္ကူဦးအုံးဖေစာပေဆု စိစစ်ရွေးချယ်ရေးအဖွဲ့ အမှတ် ၅၂၉-၅၃၁ ကုန်သည်လမ်း စာပေဗိမာန်ရုံး ရန်ကုန်သို့ တင်သွင်းနိုင်ကြောင်း သတင်းရရှိသည်။ ***(သတင်းစဉ်)***

အင်အားပြင်း ငလျင်တစ်ခုလှုပ်

နေပြည်တော် စက်တင်ဘာ ၂၁

စက်တင်ဘာ ၂၁ရက် ညနေ ၃နာရီ ၂၅မိနစ် ၅၇စက္ကန့်တွင် ကမ္ဘာ့အေး မြေငလျင်စခန်းမှ အနောက်မြောက်ဘက် မိုင် ၈၀၀ခန့် ကွာဝေးသော မြန်မာနိုင်ငံ ပြင်ပ(ဘူတန်နိုင်ငံ)တစ်နေရာကို ဗဟိုပြု၍ အင်အားရစ်ချ်တာစကေး ၆ ဒသမ ၃ အဆင့်ရှိ အင်အားပြင်းထန်သော မြေငလျင်တစ်ခု လှုပ်သွားသည်ဟု တိုင်းထွာရရှိ ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထား သည်။ (သတင်းစဉ်)

■ *ရှေ့ဖုံးမှ*

မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် မှတ်ပုံတင်ထားသော ယာဉ်စာရင်းမှာ ၂၀၀၉ခုနှစ် ဩဂုတ်လအထိ စုစုပေါင်း မော်တော်ယာဉ် ၂၀၁၅၅၃၁ စီးရှိပြီး ထိုယာဉ်စီးရေအနက် ယာဉ်ကြီးများဖြစ်သည့် ကုန်တင်ဝန်ပေါ့နှင့် ကုန်တင်ဝန်လေးယာဉ် စုစုပေါင်းမှာ ၇၉၂၄၆ ဖြစ်သည်။ အသေးစိတ်မှာ အောက်ပါဇယားအတိုင်း ဖြစ်ပါသည်-

စဉ်	ယာဉ်အမျိုးအစား	ရန်ကုန်တိုင်း			ကျန်ပြည်နယ်/တိုင်း	စုစုပေါင်း
		စည်ပင်အတွင်း	စည်ပင်ပြင်ပ	ပေါင်း		
၁။	လူစီး	၁၄၀၉၈၈	၄၃၁၂	၁၄၅၃၀၀	၈၂၆၅၂	၂၃၇၉၅၂
၂။	ကုန်တင်(ဝန်ပေါ့)	၁၃၃၅၂	၇၅၃	၁၄၁၀၅	၁၁၁၀၀	၂၅၂၀၅
၃။	ကုန်တင်(ဝန်လေး)	၉၀၀၅	၈၅၅	၉၈၆၀	၂၄၄၄၆	၃၄၃၀၆
၄။	ခရီးသည်တင်	၉၅၃၇	၁၁၆၄	၁၀၇၀၁	၉၀၃၄	၁၉၇၃၅
၅။	အခြား	၉၉၆၄	၂၆၇	၁၀၂၃၁	၄၀၃၁	၁၄၂၆၂
(၁ မှ ၅ အထိပေါင်း)		၁၈၂၈၄၆	၇၃၅၁	၁၉၀၁၉၇	၁၄၁၂၆၃	၃၃၁၄၆၀
၆။	နှစ်ဘီးတပ်	၈၈၄	၄၁၄၅၇	၄၂၃၄၁	၁၅၈၁၃၈၀	၁၆၂၃၇၂၁
၇။	သုံးဘီးတပ်	၀	၁၀၂	၁၀၂	၇၇၇၇	၇၈၇၉
၈။	ထော်လာဂျီ	၄၈၉	၁၀၅၅	၁၅၄၄	၅၀၉၂၇	၅၂၄၇၁
(၆ မှ ၈ အထိပေါင်း)		၁၃၇၃	၄၂၆၁၄	၄၃၉၈၇	၁၆၄၀၀၈၄	၁၆၈၄၀၇၁
	စုစုပေါင်း	၁၈၄၂၁၉	၄၉၉၆၅	၂၃၄၁၈၄	၁၇၈၁၃၄၇	၂၀၁၅၅၃၁

ပြည်ပမှတင်သွင်းသော မော်တော်ယာဉ်များသာမက ပြည်တွင်းမှထုတ်လုပ်သော မော်တော်ယာဉ်များကိုပါ အသုံးပြုနေကြပြီ ဖြစ်သည်။ ထိုသို့အသုံးပြုရာ၌ ယာဉ်များ အန္တရာယ်ကင်းရှင်းရေး၊ ခရီးသည်များနှင့် လမ်းအသုံးပြုနေသူများ အန္တရာယ်ကင်းရှင်းရေးနှင့် လမ်းပျက်ယွင်းမှုများနည်းစေရန် ရထားပို့ဆောင်ရေးဝန်ကြီးဌာန ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနက လမ်းပေါ်သွားလာမည့်ယာဉ်များတွင် ရှိရမည့် စံချိန်စံညွှန်းနှင့် လမ်းစည်းမျဉ်းစည်းကမ်းများကို အောက်ဖော်ပြပါအတိုင်း သတ်မှတ်ပေးထားသည်-

ယာဉ်အမျိုးအစားအလိုက် ယေဘုယျသတ်မှတ်ချက်များ

မြန်မာနိုင်ငံတွင် ယာဉ်အမျိုးအစားအလိုက် ယေဘုယျသတ်မှတ်ချက်များမှာ-

(က) Truck(Drop Side Body)
(အလုံပိတ်ကြမ်းခင်း၊ ခိုင်မာသောရှေ့ သက်ကယ်ပေါင်၊ ဘေးကာနောက်ပိတ်အရှင်၊ အမိုးဖွင့်)

(ခ) Dump Truck
(အလုံပိတ်ကြမ်းခင်း၊ ခိုင်မာသောရှေ့ သက်ကယ်ပေါင်၊ ဘေးကာနောက်ပိတ်အရှင်၊ အမိုးဖွင့်၊ ကုန်များ Hydraulic စနစ်ဖြင့် လှန်ချနိုင်)

(ဂ) Truck With Crane
(အလုံပိတ်ကြမ်းခင်း၊ ခိုင်မာသောရှေ့ သက်ကယ်ပေါင်၊ ဘေးကာနောက်ပိတ်အရှင်၊ Crane ပါ)

(ဃ) Van
(အလုံပိတ်ယာဉ်၊ အမိုးနှင့် ဘေးကာအရှင် သို့မဟုတ် အသေ၊ တံခါးပါ)

(င) Bowser
(ဓာတ်ဆီ၊ ဒီဇယ်၊ Acid၊ Alcohol၊ Oil၊ ရေတို့၏ သယ်ဆောင်နိုင်သော ပမာဏပေါ် မူတည် Tank ပါ။ လုံခြုံရေးကိရိယာ၊ အရေးပေါ်သုံးအခန်းငယ်တွင် Value ပါ၊ Tank ယာဉ်၏ ညွှန်ကြားချက် ၁၁/၀၈ ဖြင့် သတ်မှတ်)

(စ) Logging Truck
(ကြမ်းခင်း၌ သတ်မှတ်ဆင့်တိုး၊ သတ်မှတ်သံတိုးပြား အကွက်သေး၊ မိကျောင်းတိုး နှစ်တိုး ၆လက်မx၃လက်မ သစ်မာပါ၊ ခိုင်ခံ့သောဘေးတိုင် သုံးတိုင်၊ ခိုင်မာသော ရှေ့သက်ကယ်ပေါင်၊ သစ်လုံးများကို ခိုင်ခံ့သောကြိုးဖြင့် ရှေ့နောက် ချည်နှောင်၊ သစ်လုံးအရှည် ယာဉ်မောင်းခန်း သက်ကယ်ပေါင် ရှေ့အစွန်းမထွက်ရ)

ရှမ်းပြည်နယ်(အရှေ့ပိုင်း)ရှိ တာကော်-မိုင်းပြင်း-ကျိုင်းတုံ ကားလမ်းကို တွေ့ရစဉ်။
(ဓာတ်ပုံမှတ်တမ်း-ဆောက်လုပ်ရေး)

သစ်ခွဲသားများ အလွန်အကျွံတင်ဆောင်ကာ မောင်းနှင်လျက်ရှိသော ကားများကိုလည်း လမ်းပေါ်၌ တွေ့နေရသည်။
(ဓာတ်ပုံမှတ်တမ်း-ဆောက်လုပ်ရေး)

(ဆ) Container Carrier
(ကုန်သေတ္တာသာတင်ရန်၊ ဘေးကာနှင့် နောက်ပိတ် မတပ်ဆင်ရ၊ အန္တရာယ်ကင်းရန် Locking Device ပါ၊ သက်ကယ်ပေါင်နှင့် ဘေးအထိန်းအကွပ်များပါရမည့် ပက်လက်ကိုယ်ထည်၊ အမာခံထောင့် လေးထောင့်ပါ၊ ကြမ်းခင်းသည် ဆင့်တိုးပေါ်တွင် ၆လက်မ x ၁လက်မခွဲ ပျဉ်ပြားအပြည့် သို့မဟုတ် သံပြားအထူ 3.175 mm)

(ဇ) Transporter
(ယာဉ်ယန္တရားများတင်ရန် Lifter ပါ၊ သိမ်းဆည်းနိုင်သော လှေကားပါ၊ ကြံ့ခိုင်သော ကိုယ်ထည်ကြမ်းခင်း ဆင့်တိုးများပါ၊ ဝဲယာ၌ ယန္တရားများထိန်းရန် ချိတ်များပါ)

(ဈ) Tractor Head and Semi Trailer
(ချိတ်ဆွဲယာဉ် Tractor Head နှင့် တစ်ပိုင်းနောက်တွဲ Semi Trailer တို့ ယာဉ်တစ်စီးအသွင် ပေါင်းစပ်ထားသော ယာဉ်တွဲဖြစ်ပါသည်။)

Tractor Head and Semi Trailer
- ဘီးငါးခုပါသော ဝန်ဆွဲနိုင်သည့်ယာဉ်
- စက်မဲ့ဝန်တင်ယာဉ်
- Semi Trailer (Container)
- Semi Trailer (Logging)
- Semi Trailer (Transporter)

နောက်တွဲယာဉ်တင်အား (၀ဒသမ၇၅တန် မှ ၁၀တန်) - Brake(Dual Circuit System)
(၁၀တန်အတွက်) - Brake (Dual Circuit System, Automatic Retarder)

ရပ်တန့်ဘရိတ် (Parking Brake)တပ်ဆင်ရမည်။
ချိတ်ဆွဲယာဉ်မှ ဖြုတ်ထားချိန်တွင် Gradient ၁၆° တွင် ရပ်နိုင်
ချိတ်ဆွဲယာဉ်မှတပ်ထားချိန်တွင် Gradient ၁၂° တွင် ရပ်နိုင်
သတ်မှတ်အကာအတန်းများ ဒေါက်တိုင်နောက်ဘက် ၆လက်မအကွာတွင် တပ်ဆင်ချိတ်ဆွဲကိရိယာ Fifth Wheel Coupling, Draw Bar နှင့် Safety Lock များ ကောင်းမွန်ရပါမည်။

အထက်ပါ ယေဘုယျသတ်မှတ်ချက်များနှင့်ပြည့်စုံသော ယာဉ်များကို အသုံးပြုမှသာလျှင် အန္တရာယ်ကင်းပြီး စိတ်ချစွာ သွားလာနိုင်မည် ဖြစ်သည်။

မော်တော်ယာဉ်နည်းဥပဒေများ

မော်တော်ယာဉ်ဥပဒေနှင့် ၁၉၈၉ခုနှစ် မော်တော်ယာဉ်နည်းဥပဒေများပါ လမ်းမနှင့် ကုန်တင်ယာဉ်ကြီးများသက်ဆိုင်သော လမ်းစည်းမျဉ်း၊ စည်းကမ်းများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) မည်သူမျှ ပြည်သူတို့ဆိုင်ရာ နေရာတစ်ခုခုတွင် မော်တော်ယာဉ်ကို သတ်မှတ်ထားသည့် အများဆုံး အမြန်နှုန်းထက် ပို၍မမောင်းနှင်ရ၊ သို့မဟုတ် မမောင်းနှင်စေရ၊ သို့မဟုတ် မောင်းနှင်ခွင့်မပြုရ။ (၁၉၆၄ မော်တော်ယာဉ်ဥပဒေ၊ အခန်း-၅၊ ပုဒ်မ-၁၇)

(ခ) မော်တော်ယာဉ်အလေးချိန်နှင့် တင်ဆောင်သည့်ဝန် ကြီးကြပ်ရေးနှင့်စပ်လျဉ်း၍ နည်းဥပဒေပြုနိုင်သည်။ (၁၉၆၄ မော်တော်ယာဉ်ဥပဒေ၊ အခန်း-၇၊ ပုဒ်မ-၁၇(၂) ည)

(ဂ) မော်တော်ယာဉ် (သို့မဟုတ်) နောက်တွဲ (သို့မဟုတ်) ချိတ်ဆွဲယာဉ်တို့၏ ဝန်မပါအလေးချိန်နှင့် ဝန်ပါအလေးချိန် စုစုပေါင်းသည် ယာဉ်ထုတ်လုပ်သူက သတ်မှတ်သည့်အတိုင်း ဖြစ်ရမည်။ ဝန်ပါအလေးချိန် စုစုပေါင်း (Gross Vehicle Weight) သည် 18000kg (၁၈)တန်ထက် မပိုစေရ။ ၎င်းအလေးချိန်ထက်ပိုလျှင် ဗဟိုမှတ်ပုံတင်အဖွဲ့သည် လမ်းအန္တရာယ်ကင်းရှင်းစေရန် ရေးရှုပြီး နယ်မြေဒေသ၊ မြန်နှုန်း၊ အချိန် စသည့် ကန့်သတ်ချက်တို့ဖြင့် ခွင့်ပြုနိုင်သည်။ [၁၉၈၉ မော်တော်ယာဉ်ဥပဒေ၊ အခန်း-၃၊ ပုဒ်မ-၃၁(က)]

(ဃ) လမ်းအခြေအနေကောင်းလျှင် သာမန်အားဖြင့် မြို့၏ နယ်နိမိတ်အတွင်း၌ မော်တော်ယာဉ်မောင်းနှင်မှု အမြန်နှုန်းကို တစ်နာရီလျှင် ၄၈ ကီလိုမီတာ (မိုင် ၃၀)ထက် ပို၍လည်းကောင်း၊ မြို့၏ နယ်နိမိတ်ပြင်ပ၌ မြို့နယ်တစ်ခုနှင့် တစ်ခုကို ဆက်သွယ်ထားသည့် လမ်းမကြီးပေါ်တွင် တစ်နာရီလျှင် ကီလိုမီတာ ၈၀ (မိုင် ၅၀)ထက် ပို၍လည်းကောင်း မမောင်းရ။ [၁၉၈၉ မော်တော်ယာဉ်ဥပဒေ၊ အခန်း-၇၊ ပုဒ်မ-၁၄၃(က)]

(င) နောက်တွဲပါသော ယာဉ်(သို့) မီးလောင်ပေါက်ကွဲတတ်သောပစ္စည်းများ တင်ဆောင်သောယာဉ်အတွက် အမြန်နှုန်းကို မြို့၏ နယ်နိမိတ်အတွင်း၌ တစ်နာရီလျှင် ၃၂ ကီလိုမီတာ (မိုင် ၂၀)ထက် ပို၍လည်းကောင်း မမောင်းရ။ [၁၉၈၉ မော်တော်ယာဉ်ဥပဒေ၊ အခန်း-၇၊ ပုဒ်မ-၁၄၃(ခ)]

(စ) ရထားပို့ဆောင်ရေးဝန်ကြီးဌာနက အမိန့်ကြော်ငြာစာအဖြစ် ဖွဲ့စည်းထားသော ပြည်နယ်/တိုင်းအဆင့်ရှိ အဖွဲ့သည် လမ်းအခြေအနေအရ အမြန်နှုန်းများကို နည်းဥပဒေခွဲ(က)နှင့် (ခ)ပါ ပြဋ္ဌာန်းချက်များအတွင်း လိုအပ်သလို သတ်မှတ်နိုင်သည်။ [၁၉၈၉ မော်တော်ယာဉ်ဥပဒေ၊ အခန်း-၇၊ ပုဒ်မ-၁၄၃(ဂ)]

(ဆ) မြို့၏ နယ်နိမိတ်အတွင်း၌ နှစ်လမ်းမောင်းလမ်း၏ တစ်ဖက်တစ်ချက်တွင် ယာဉ်ကြောသုံးခုစီရှိပါက လက်ဝဲစွန်း ယာဉ်ကြောတွင် တစ်နာရီလျှင် ၆၄ ကီလိုမီတာ (မိုင် ၄၀)အထိ မောင်းနှင်ခွင့်ပြုသည်။ [၁၉၈၉ မော်တော်ယာဉ်ဥပဒေ၊ အခန်း-၇၊ ပုဒ်မ-၁၄၃(ဃ)]

(ဇ) ယာဉ်မောင်းသူသည် သတ်မှတ်ထားသည့် အမြန်နှုန်းထက်ပို၍ မိမိယာဉ်ကို မမောင်းနှင်ရ။ [၁၉၈၉ မော်တော်ယာဉ်ဥပဒေ၊ အခန်း-၇၊ ပုဒ်မ-၁၄၃(င)]

လမ်းညွှန် လမ်းအမှတ်အသားများနှင့် အချက်ပြများ

ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် လမ်းများ ပျက်စီးမှုနည်းပါးရေးအတွက် ၁၉၆၈ခု၊ ဩစတြီးယားနိုင်ငံ ဗီယင်နာ ယာဉ်သွားလာမှုဆိုင်ရာ ကုလသမဂ္ဂညီလာခံ အပြီးသတ်အတည်ပြုဆောင်ရွက်ချက်အရလည်းကောင်း၊ ၁၉၈၉ခုနှစ် မော်တော်ယာဉ်နည်းဥပဒေများပါ လမ်းညွှန်များ၊ လမ်းအမှတ်အသားများနှင့် အချက်ပြများအရလည်းကောင်း လိုအပ်သည့်နေရာများတွင် အန္တရာယ်သတိပေးလမ်းညွှန်များ တားမြစ်ခြင်းနှင့် ကန့်သတ်ခြင်းလမ်းညွှန်များ အမိန့်ပေးခြင်းလမ်းညွှန်များ စိုက်ထူထားသလို လမ်းညွှန် လမ်းအမှတ်အသားများကိုလည်း သတ်မှတ်ပေးထားကြောင်း သိရသည်။

(ဆက်လက်ဖော်ပြပါမည်)

ပဲခူးယ်ကုန်းမြို့ အထက အာစရိယပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် စက်တင်ဘာ ၂၁

ပဲနွယ်ကုန်းမြို့ အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူဟောင်းများ၏ (၂၇)ကြိမ်မြောက် အာစရိယပူဇော်ပွဲကို အောက်တိုဘာ ၄ ရက် (၁၃၇၁ ခုနှစ် သီတင်းကျွတ်လပြည့်ကျော် ၁ရက်) တနင်္ဂနွေနေ့ မွန်းလွဲ ၁နာရီတွင် ပဲနွယ်ကုန်းမြို့ အထက ခန်းမဆောင်၌ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ရာ ကျောင်းသား ကျောင်းသူဟောင်းများ မပျက်မကွက်တက်ရောက်ကြပါရန်နှင့် လှူဒါန်းလိုပါက ဦးငွေဝင်း ဖုန်း-၀၉-၅၁-၁၈၁၉၄ ၊ ဒေါ်ခင်စန်းရီ ဖုန်း-၀၁-၂၂၃၉၀၄ (မင်္ဂလာဈေး)၊ ဦးသန်းထွန်း (ဂမုန်းပွင့်)ဖုန်း-၀၉-၅၁-၇၅၅၁၀၊ ဦးရဲထွန်းနိုင် ဖုန်း-၀၉-၅၀-၂၀၁၀၄၊ ဒေါက်တာသိန်းထွန်း ဖုန်း-၀၅၄-၅၅၀၃၅ ၊ ဦးနေဝင်း (ဇေယျာညွန့်) ဖုန်း-၀၅၄-၅၅၂၅၁ ၊ ဦးမိုးကျော်စွာ(ဓာတိက) ဖုန်း-၀၉-၅၁-၇၀၇၅၆ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(သတင်းစဉ်)

နေပြည်တော်မြို့မဈေး အရှေ့ဘက်တန်းမျက်နှာစာ ကားလမ်းတစ်ဖက်ခြမ်း၌ တွေ့မြင်ရသော နေပြည်တော်အတွင်း ပြေးဆွဲသည့် ဘတ်စ်ကားရပ်စခန်းကို ဤသို့ တွေ့ရသည်။

(မြန်မာ့အလင်း)

❐ ရွှေဖုံးမှ

ဖြည့်ဆည်း

နေပြည်တော်တွင် တာဝန်ထမ်းဆောင်နေကြသော ဌာနဆိုင်ရာဝန်ထမ်းများအတွက် နေ့စဉ်၊ သီတင်းအပတ်စဉ် ခရီးသွားလာရေး လွယ်ကူလျင်မြန်စေရန် ရထား၊ မော်တော်ယာဉ်များကို အတတ်နိုင်ဆုံးဖြည့်ဆည်းပေးထားသည်။ ထို့အတူ နေပြည်တော်သို့ တည်ဆောက်ရေးလုပ်ငန်းများ လာရောက် လုပ်ကိုင်နေကြသည့် ကုမ္ပဏီများ၊ ပုဂ္ဂလိကလုပ်ငန်းများမှ ဝန်ထမ်းများအတွက်လည်း နေ့စဉ်အဆင်ပြေစွာ သွားလာလုပ်ကိုင်နိုင်ရေးအတွက်လည်း မော်တော်ယာဉ်နှင့် ရထား ခရီးစဉ်များကို ဖြည့်ဆည်းဆောင်ရွက်ပေးထားသည်ကို တွေ့ရသည်။

အဆင့်မြင့်

ပြည်သူများနှင့် ဝန်ထမ်းများ ခရီးသွားလာရာတွင် အဆင့်အတန်းမြင့်စွာ သွားလာနိုင်ကြရန် အဆင့်မြင့် ခရီးသွားလုပ်ငန်း ဆောင်ရွက်ခွင့်ပြုပေးထားသည်ဖြစ်ရာ လေအေးစက်တပ် ဆိုဖာထိုင်ခုံများနှင့် ဖျော်ဖြေရေးအစီအစဉ်ဖြစ်သည့် ရုပ်မြင်သံကြားနှင့် အသံလွှင့်အစီအစဉ်များ အပါအဝင် တေးဂီတသံစဉ်များထည့်သွင်းပေးထားမှုကို အဆင့်မြင့်ခရီးဝေးသွားမော်တော်ယာဉ်ကြီးတိုင်း၌ တွေ့မြင်ရသည်။

မော်တော်ယာဉ်လိုင်းများ

နေပြည်တော်မှတစ်ဆင့် ခရီးဆက်လက်ထွက်ခွာလိုသူများ၊ နေပြည်တော်သို့လာရောက်လိုသူများ၊ နေပြည်တော်မှ မြန်မာနိုင်ငံအနှံ့ သွားရောက်လိုသည့် ဝန်ထမ်းများနှင့် ပြည်သူများအတွက် ပုဂ္ဂလိက အဝေးပြေးမော်တော်ယာဉ်လိုင်းများ ပြေးဆွဲခွင့်ပြုပေးထားသည်။ ယင်းတို့မှာ ရွှေမန်းသူ၊ ညောင်ဦးမန်း၊ ပအိုဝ်းရတနာ၊ အာရှ၊ နန်းထိုက်စံ၊ ဇာနည်ဘွား၊ ရွှေခေတ်မန်း၊ ရိုးမ၊ နှင်းရတနာ၊ ကျော်၊ အောင်စိုးမိုး၊ ရာဇာမင်း၊ ကြယ်စင်ဟိန်းစသည့် အဆင့်မြင့်ခရီးသွားလုပ်ငန်းများ ဖြစ်ကြသည်။

စီးနင်းနိုင်သည့်နေရာ

နေပြည်တော်မှ ခရီးသွားများအနေဖြင့် မိမိသွားလိုသော ခရီးကို အလွယ်ကူဆုံးနှင့် အဆင်ပြေဆုံး စတင်စီးနင်းနိုင်သည့်နေရာမှာ နေပြည်တော်ရှိ မြို့မဈေးဂိတ်ဖြစ်သည်။ မြို့မဈေးတောင်ဘက်နှင့် အရှေ့ဘက်တန်းမျက်နှာစာလမ်းတစ်ဖက်တွင် အဆင့်မြင့်မော်တော်ယာဉ်များစီးနိုင်ရန် လက်မှတ်အရောင်းဌာနများ ဖွင့်လှစ်ပေးထားသည်။ မိမိကြိုက်နှစ်သက်သည့် မော်တော်ယာဉ်လိုင်းဖြင့် လက်မှတ်ဝယ်ယူကာ ခရီးသွားလာနိုင်ကြသည်။

လက်မှတ်ဝယ်ယူမှု

အဆင့်မြင့် မော်တော်ယာဉ်ကြီးများဖြင့် ခရီးသွားလိုသူများသည် မိမိစီးနင်းသွားလာမည့် မော်တော်ယာဉ်လက်မှတ်အရောင်းဌာနများသို့ တယ်လီဖုန်းဖြင့်ဆက်သွယ် ဝယ်ယူနိုင်သည်။ ကိုယ်တိုင်လည်းသွားရောက်ဝယ်ယူနိုင်သည်။ ထို့အတူ နေပြည်တော်သပြေကုန်းဈေးအတွင်းရှိ အဝေးပြေးမော်တော်ယာဉ်ဂိတ်များ၌လည်း ဝယ်ယူနိုင်သည်။ ထို့အပြင် ခရီးသွားပြည်သူများ အဆင်ပြေစွာ လက်မှတ် ဝယ်ယူနိုင်ရန် နေပြည်တော် စည်ပင်သာယာ ဧည့်ရိပ်သာဝင်းအတွင်း စားသောက်ဆိုင်များ၌လည်းဝယ်ယူနိုင်ရန်စီစဉ်ပေးထားသည်။

နေပြည်တော် - ရန်ကုန် အဆင့်မြင့် အဝေးပြေး မော်တော်ယာဉ်ကြီးတစ်စီးပေါ်သို့ ခရီးသည်များ တက်ရောက်နေကြစဉ်။

(မြန်မာ့အလင်း)

ခရီးစဉ်များ

အဆင့်မြင့်ခရီးသွား မော်တော်ယာဉ်များအနေဖြင့် နေပြည်တော်-ရန်ကုန်၊ နေပြည်တော် - မန္တလေး၊ နေပြည်တော် - ပြည်၊ နေပြည်တော်-တောင်ကြီး၊နေပြည်တော်-မော်လမြိုင်-ကျိုက္ကမီစသည့် ခရီးများကို နေ့စဉ်သယ်ယူပို့ဆောင်ပြေးဆွဲ ပေးလျက်ရှိသည်။ ထိုသို့ အဆင့်မြင့်မော်တော်ယာဉ်ကြီးများပြေးဆွဲပေးရာတွင် မူလရန်ကုန် - မန္တလေး ကားလမ်းအပြင် အသစ်ဖောက်လုပ်ထားသော ပြည်ထောင်စုလမ်းမကြီးမှာလည်း မောင်းနှင်သွားလာလျက်ရှိနေပြီ ဖြစ်သည်။ ပြည်ထောင်စုလမ်းမကြီးမှ မောင်းနှင်လျှင် နေပြည်တော်နှင့် ရန်ကုန်အကြား အချိန်လေးနာရီခန့်မျှသာ ကြာမြင့်သည်။

မော်တော်ယာဉ်များထွက်ခွာမှု

နေပြည်တော် မြို့မဈေးဂိတ်များမှနေ၍ အဆင့်မြင့် မော်တော်ယာဉ်ကြီးများ ခရီးစဉ်အသီးသီးသို့ ထွက်ခွာချိန်သည် ညနေ ၆နာရီ၊ ၆နာရီခွဲ၊ ၇နာရီနှင့် ၇နာရီခွဲတို့တွင် အများဆုံးဖြစ်ပြီး နံနက်ပိုင်းခရီးစဉ်ကို ကားဂိတ်အချို့က စတင်ပြေးဆွဲလျက်ရှိသည်။

ရွေးချယ်စီစဉ်

ထိုသို့ ညနေပိုင်းအချိန်များကို အများစု ရွေးချယ်စီစဉ်ထားခြင်းမှာ နေပြည်တော်တွင် တာဝန်ထမ်းဆောင်နေသော ဝန်ထမ်းများ တစ်နေ့တာအလုပ်ပြီးချိန်၊ ထို့အပြင် တခြားကိစ္စအဝဝဖြင့် နေပြည်တော်တွင် လာရောက်လုပ်ကိုင်ကြသူများ အလုပ်ကိစ္စများ ပြီးပြတ်ချိန်တို့ကို ရွေးချယ်သတ်မှတ်စီစဉ်ထားပေးခြင်းဖြစ်သည့်အပြင် ညအချိန် ခရီးသွားခြင်းက ခရီးသည်နှင့် ယာဉ်အတွက်ပါသက်သောင့်သက်သာရှိသောကြောင့်ဖြစ်သည်။

ချောမွေ့

နေပြည်တော်ရှိ မြို့မဈေးမှ ခရီးသည်များ တင်ဆောင်လျက် ဝင်ထွက်သွားလာနေကြသည့် အဆင့်မြင့် မော်တော်ယာဉ်ကြီးများကို ကြည့်ရင်း မြန်မာနိုင်ငံ အလယ်ဗဟိုမှ အရပ်မျက်နှာပေါင်းစုံသို့ အချိန်တိုအတွင်း ဖြောင့်ဖြူးစွာသွားလာနိုင်ရေး စီစဉ်ဆောင်ရွက်ပေးထားမှုများကို ဝမ်းမြောက်ကြည်နူး မှတ်တမ်းပြုမိပါတော့သည်။ ။

(မြန်မာ့အလင်း)

မြန်မာ့အလင်း သတင်းပဒေသာအတိုအထွာ

ရန်ကုန် စက်တင်ဘာ ၂၁

ငါးသိုင်းချောင်းအသင်း(ရန်ကုန်)သက်ကြီးပူဇော်ပွဲ

ရန်ကုန်မြို့နေ ငါးသိုင်းချောင်းမြို့နယ်အသင်း၏ မိသားစုဝင် အသက်၈၀နှင့်အထက် သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုချီးမြှင့်ပွဲကို အောက်တိုဘာ ၃ရက်(စနေနေ့) နံနက် ၉နာရီတွင် စမ်းချောင်းမြို့နယ် ဗားဂရာလမ်း ဦးဘိုးမောင်ကျောင်းတိုက်တွင် ကျင်းပမည်ဖြစ်ရာ ဖုန်း-၃၈၁၉၄၇နှင့် ၅၄၃၂၈၅တို့သို့ ဆက်သွယ်လှူဒါန်းနိုင်သည်။

ပြည်နယ်နှင့်တိုင်း မြန်မာအိုးပင်းစစ်တုရင်ပြိုင်ပွဲ

အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံ စစ်တုရင်အဖွဲ့ချုပ်တို့ ကြီးမှူးကျင်းပမည့် (၃၄)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း စစ်တုရင်ပြိုင်ပွဲကို လာမည့်အောက်တိုဘာ ၂၅ရက်မှ နိုဝင်ဘာ ၈ရက်အထိ အောင်ဆန်းအားကစားပြိုင်ဝင်း မိုးလုံလေလုံအားကစားရုံ၌ ကျင်းပမည်ဖြစ်ပြီး ယင်းပြိုင်ပွဲနှင့်အတူ မြန်မာ့ရိုးရာစစ်တုရင် တစ်ဦးချင်းပြိုင်ပွဲနှင့် မြန်မာအိုးပင်းစစ်တုရင်ပြိုင်ပွဲများလည်း ကျင်းပမည်ဖြစ်ရာ မည်သူမဆို ပါဝင်ယှဉ်ပြိုင်နိုင်သည်။

အလေးမသက်ကြီးများအား ဂုဏ်ပြုပူဇော်မည်

မြန်မာနိုင်ငံအလေးမအဖွဲ့ချုပ်က အသက် ၇၅နှစ်နှင့်အထက် မြန်မာ့လက်ရွေးစင် အလေးမအားကစားသမားကြီးများနှင့် အလေးမအားကစားတိုးတက်ရေးဆောင်ရွက်ပေးခဲ့ကြသော ပုဂ္ဂိုလ်များအား သက်ကြီးဂုဏ်ပြုပူဇော်ပွဲကို ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ဝင်းရှိ မြန်မာနိုင်ငံအလေးမအဖွဲ့ချုပ် လေ့ကျင့်ရေးရုံ၌ အောက်တိုဘာ ၂ရက် နံနက် ၉နာရီတွင်ကျင်းပမည်ဖြစ်ရာ ဖုန်း-၃၈၈၁၆၀သို့ ဆက်သွယ်စုံစမ်းနိုင်သည်။

မွေး/ကုတက္ကသိုလ်(ရန်ကုန်)မြတ်ဆရာပူဇော်မည်

၁၉၇၃-၇၉ခုနှစ် မွေး/ကုတက္ကသိုလ်(ရန်ကုန်)တွင် ပညာသင်ကြားခဲ့ကြသော ကျောင်းသား ကျောင်းသူဟောင်းများ၏ မြတ်ဆရာပူဇော်ပွဲနှင့် ဘွဲ့ရနှစ်(၃၀)ပြည့် ပုလဲရတုမိတ်ဆုံပွဲကို အောက်တိုဘာ ၂၅ ရက်(တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် M-3 Food Centre ၌ ကျင်းပမည်ဖြစ်ရာ တက်ရောက်ကြရန် နှိုးဆော်ထားသည်။

မော်လမြိုင်ကောလိပ်/တက္ကသိုလ် အာစရိယပူဇော်မည်

မော်လမြိုင်ကောလိပ်/တက္ကသိုလ်ကျောင်းသား ကျောင်းသူဟောင်းများ၏ အာစရိယပူဇော်ပွဲကို လာမည့်ဒီဇင်ဘာ ၂၀ရက်တွင် ရွှေတိဂုံအနောက်ဘက်မုခ်ရှိ မော်လမြိုင်မွှာရုံ၌ ကျင်းပမည်ဖြစ်ပြီး ဆရာကြီး ဆရာမကြီးများ အမည်စာရင်းကို ဖုန်း-၀၉-၅၀-၃၃၆၉၃၊ ၀၉-၅၁-၁၈၁၈၄နှင့် ၀၅၇-၂၄၆၄၄တို့သို့ ဆက်သွယ်ပေးပို့နိုင်သည်။

စာရင်းစစ်ချုပ်ရုံး သင်တန်းတက်ရောက်နိုင်

မြန်မာနိုင်ငံစာရင်းကောင်စီက နေပြည်တော်ရှိ အစိုးရရုံးဌာနဝန်ထမ်းများအတွက် ဒီပလိုမာစာရင်းကိုင် ပထမပိုင်းသင်တန်းကို ၂၀၁၀ပြည့်နှစ် ဖေဖော်ဝါရီ ၈ရက်မှစ၍ ၁၀လကြာ စာရင်းစစ်ချုပ်ရုံးသင်တန်းကျောင်းရုံးအမှတ် (၁၂) နေပြည်တော်၌ ဖွင့်လှစ်မည်ဖြစ်ပြီး သိရှိလိုသည်များကို ဖုန်း-၀၆၇-၄၀၇၂၀၁သို့ ဆက်သွယ်စုံစမ်းနိုင်သည်။

ငွေတံခါးကြီးဖွင့်ကြမယ် စာအုပ်ဖြန့်ချိထား

စာရေးဆရာ မောင်မြင့်ကြွယ်ရေးသားသည့် ငွေတံခါးကြီးဖွင့်ကြမယ် စာအုပ်ကို အမှတ်၃၂၉ ဗိုလ်အောင်ကျော်လမ်း ကျောက်တံတားမြို့နယ် ဖုန်း-၂၄၆၆၆၅ ရွှေပြည်စံစာပေက ထုတ်ဝေဖြန့်ချိထားသည်။

စက်မှု/နည်းပညာတက္ကသိုလ် အာစရိယပူဇော်ပွဲ

ရန်ကုန်စက်မှု/နည်းပညာတက္ကသိုလ် (လျှပ်စစ်စွမ်းအား၊ အီလက်ထရွန်နစ်) ကျောင်းသား ကျောင်းသူဟောင်းများ၏ အာစရိယပူဇော်ပွဲကို လာမည့်နိုဝင်ဘာ၁၅ရက် နံနက်၈နာရီခွဲတွင် MICT Park(Function Hall) ၌ ကျင်းပမည်ဖြစ်ရာ ဖုန်း-၀၉-၉၀-၃၀၂၅၃နှင့် ၀၉-၅၅-၁၀၃၃၃တို့သို့ ဆက်သွယ်နိုင်သည်။

အလက(၁) မရမ်းကုန်း မြတ်ဆရာပူဇော်မည်

အလက(၁) မရမ်းကုန်း ၁၉၈၇-၁၉၉၆ ကျောင်းသား ကျောင်းသူဟောင်းများ၏ မြတ်ဆရာပူဇော်ပွဲကို အောက်တိုဘာ၃ရက်(စနေနေ့) နံနက် ၉နာရီတွင် အဆိုပါကျောင်း၌ ကျင်းပမည်ဖြစ်ရာ ဆက်သွယ်လှူဒါန်းလိုက ဖုန်း-၆၆၀၆၀၃နှင့် ၀၉-၅၁-၇၃၅၉၄ တို့သို့ဆက်သွယ်နိုင်သည်။

အခြေခံယာဉ်မောင်းသင်တန်းတက်ရောက်နိုင်

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် အမျိုးသမီးများလူနေမှုဘဝမြှင့်တင်ရေးလုပ်ငန်းအဖွဲ့နှင့် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ရွှေမြင်သာယာဉ်မောင်းသင်တန်းတို့ ပူးပေါင်းစီစဉ်မှုဖြင့် အမျိုးသမီးသီးသန့် အခြေခံယာဉ်မောင်းသင်တန်းကို အောက်တိုဘာ ၃ရက်တွင် ရန်ကုန်တိုင်း ရွာသာကြီးကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနရုံး အမှတ်-၂ လမ်းမကြီး၌ သင်ကြားမည်ဖြစ်ရာ တက်ရောက်လိုက ဖုန်း-၂၂၉၅၉၅ သို့အသေးစိတ်စုံစမ်းနိုင်သည်။ ။ **(မြန်မာ့အလင်း)**

စုစည်းရေးသားသူ-ဝင်းကျော်

✱ ကျောဖုံးမှ

အေးမြ သာယာလျက် ရှိသည်။ မန္တလေးမြို့မှ ပြင်ဦးလွင်မြို့သို့ ကားဖြင့်တက်လျှင် တစ်နာရီခွဲနှင့် ရောက်သည်။ ပြင်ဦးလွင်မှ မန္တလေးမြို့ကို လှမ်းကြည့်လျှင် ဧရာဝတီမြစ်နှင့် မန္တလေးမြို့အား လွင်ပြင်တစ်ခုတည်း အနေအထားဖြင့် မြင်တွေ့နိုင်သည်။ ပြင်ဦးလွင်မြို့မှ အရှေ့ဘက်သို့ ခရီးဆက်လျှင် နောင်ချို၊ ကျောက်မဲ၊ သီပေါမြို့များကို ဖြတ်သန်းသွားပြီး ရှမ်းပြည်နယ်(မြောက်ပိုင်း)၏ အဓိကမြို့ဖြစ်သော လားရှိုးသို့ ခရီးဆက်နိုင်မည်ဖြစ်သည်။ ထိုမှတစ်ဆင့် တရုတ်ပြည်နယ်စပ် ဝင်ပေါက် မူဆယ်အထိ ခရီးပေါက်နေပြီဖြစ်သည်။

လွန်ခဲ့သောနှစ်လကျော်က မြန်မာ့အလင်းသတင်းအဖွဲ့သည် ရှမ်းပြည်နယ်(မြောက်ပိုင်း)သို့ သွားရောက်သတင်းဆောင်းပါးများ ရေးသားခဲ့သည်။ ထိုစဉ်က ပြင်ဦးလွင်မြို့ကို ဖြတ်သွားဖြတ်လာ အဖြစ်သာ လေ့လာခွင့်ရခဲ့သည်။ သို့သော်လည်း မကြာမီက မန္တလေးတိုင်း ဒေသဖွံ့ဖြိုးတိုးတက်ရေး သတင်းဆောင်းပါးများ ရေးသားရန် ရောက်ရှိခဲ့ရာမှ မန္တလေးတိုင်းအတွင်း ခရိုင်တစ်ခုအဖြစ်ပါဝင်သည့် ပြင်ဦးလွင်ခရိုင်သို့ သွားရောက်လေ့လာနိုင်ခဲ့တော့သည်။

ပန်းမြို့တော်

ပြင်ဦးလွင်မြို့ကို တချို့က ပန်းပေါင်းစုံ ဖူးပွင့်ရာ မြို့ဖြစ်ခြင်းကြောင့် ပန်းမြို့တော်ဟူ၍ လည်းကောင်း၊ မန္တလေးနှင့် ပြင်ဦးလွင်ကြား တောင်အထပ်ထပ်ကိုပတ်၍လမ်းဖောက်လုပ်ထားခြင်းကြောင့် တောင်လေ့ကားမြို့တော်ဟူ၍လည်းကောင်း ခေါ်ဝေါ်ခဲ့ကြသည်။ ပြည်တွင်းပြည်ပခရီးသွားအများအပြားလာရောက်ရာမြို့ဖြစ်ခြင်းကြောင့်လည်း ခရီးသွားမြို့တော်ဖြစ်လာသည်။ မည်သို့ပင်ဆိုစေကာမူ ပြင်ဦးလွင်မြို့သည် တည်ငြိမ်အေးချမ်းမှုနှင့်အတူ တိုးတက်ပြောင်းလဲခဲ့ပြီဖြစ်သည်။

သစ်သီးယိုစုံ

ပြင်ဦးလွင်မြို့ကို အခြားမြို့များနှင့်မတူ ပန်းမြို့တော်ဟု တင်စားခေါ်ဝေါ်ကြသည်မှာ မြို့တွင်းလမ်းများ၊ လမ်းဆုံ၊ လမ်းမကြီးများတွင် ပန်းအလှစိုက်ခင်းများနှင့် သာယာလှပနေသည်။ ပြင်ဦးလွင်၏ မြို့တွင်းလမ်းများမှာ သပ်ရပ်ကောင်းမွန်သကဲ့သို့ မြေယာရှုခင်းပြုလုပ်၍လည်း ပို၍ အလှတိုးစေခဲ့သည်။

ပညာရေး၊ ကျန်းမာရေး

ပြင်ဦးလွင်မြို့၏ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးအခြေအနေမှာ တစ်ချိန်ကထက် တိုးတက်ပြောင်းလဲလာသည်။ ပညာရေးကဏ္ဍတွင် အခြေခံပညာကျောင်းများဥပမိရုပ် တိုးတက်ကောင်းမွန်လာသကဲ့သို့ တက္ကသိုလ်ဝင်တန်းအောင်ချက်မှာလည်း ထူးခြားမြင့်မားသော မြို့ဖြစ်သည် အေးချမ်းသာယာလှသော ပြင်ဦးလွင်မြို့၌ အဆင့်မြင့် စာကျက်ဝိုင်းများလည်း အများအပြားရှိကြောင်း သိရသည်။

မန္တလေး-လားရှိုးလမ်းပေါ်ရှိ ပြင်ဦးလွင်မြို့ အနီးစခန်းအနီး အောင်ချမ်းသာ ပန်းတန်း…။ (မြန်မာ့အလင်း)

ပြင်ဦးလွင်မြို့သည် ခရီးသွားမြို့ဖြစ်ခြင်းကြောင့် ဟိုတယ်၊ မိုတယ်များ၊ တည်းခိုခန်းများ၊ စားသောက်ဆိုင်များ၊ စတိုးဆိုင်ကြီးများကလည်း အများအပြားရှိနေသည်။ ပြင်ဦးလွင်မြို့နယ်သည် မြို့ပေါ်ရပ်ကွက် ၂၁ရပ်ကွက်၊ ကျေးရွာအုပ်စု ၃၇ စု၊ ကျေးရွာပေါင်း ၁၁၆ ရွာရှိကြောင်းသိရသည်။

ပြင်ဦးလွင်သို့ ရောက်တုန်းရောက်ခိုက် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ စီစဉ်ပေးမှုကြောင့် ပြင်ဦးလွင်၏အဓိက ထွက်ကုန် ပစ္စည်းများဖြစ်သည့် ပန်းတန်း၊ ဆွယ်တာလုပ်ငန်းနှင့် သစ်သီးယိုစုံလုပ်ငန်းများအကြောင်းကိုလည်း တစေ့တစောင်းသွားရောက်လေ့လာခဲ့သည်။

ပြင်ဦးလွင်မြို့ ပန်းတန်းသည် မန္တလေး-လားရှိုးကားလမ်းမကြီးပေါ်ရှိ အောင်ချမ်းသာရွာတွင်ရှိသည်။ ယင်း ပန်းတန်းရွာသည် တစ်ရွာလုံးနီးပါး ပန်းစိုက်ပြီး ကားလမ်းမကြီးတစ်လျှောက် ပန်းဆိုင်များခင်းကျင်းရောင်းချလျက်ရှိသည်။ စုစုပေါင်းပန်းဆိုင် ၄၀ နီးပါးရှိသည်။ ရောင်းချသော ပန်းအမျိုးအစားများမှာ သစ္စာပန်း၊ ကီလိုပန်း၊ ဂန္ဓမာပန်း၊ မေမြို့ပန်း၊ ဒေစီပန်း၊ ပန်းထိမ်မနိုင်ပန်းစသည်ဖြင့် အဖြူ၊ အနီ၊ အပြာ၊ အဝါ၊ ခရမ်း အရောင်စုံလှသည်။

တင်ပို့ရောင်းချ

"ကျွန်မတို့ဒီရွာလေးဟာ ပြင်ဦးလွင်ရဲ့ အဓိကပန်းဆိုင်တန်း ရွာလေးပါ။ ဒီပန်းဆိုင်တန်းရွာလေးက ရန်ကုန်နှင့် မန္တလေးမြို့ကြီးများ အပါအဝင် မြို့များသို့ နေ့စဉ် နေ့စဉ်ပန်းများတင်ပို့ရောင်းချကြပါတယ်။ နေ့စဉ်ကားကြီးငါးစီးမှ ၁၀စီးအထိ တင်ပို့ရောင်းချနေပါတယ်"ဟု ပန်းဆိုင်ပိုင်ရှင်ဒေါ်မြင့်မြင့်အောင်က မြန်မာ့အလင်းသို့ရှင်းပြသည်။

ပန်းစိုက်ရာသီ

ပြင်ဦးလွင်မြို့ အနီးဝန်းကျင်တွင် နှစ်စဉ်ပန်းစိုက်ရာသီများ၌ ဂန္ဓမာပန်းစိုက်ဧက ၈၀၀ကျော်၊ သစ္စာပန်းစိုက်ဧက ၆၀၀ကျော်နှင့် မေမြို့ပန်းစိုက်ဧက ၉၀၀ကျော်ရှိကြောင်း သိရသည်။

ယင်းမြို့၏ အဓိကထွက်ကုန်တစ်မျိုးမှာ သိုးမွေးဆွယ်တာများဖြစ်ပြီး လက်ထိုး၊စက်ထိုး အမျိုးမျိုးထုတ်လုပ်ကာ မြန်မာနိုင်ငံအနှံ့ တင်ပို့ရောင်းချသည်။ ပြင်ဦးလွင်မြို့၏ အဓိက လမ်းမကြီးများပေါ်တွင် ဆွယ်တာဆိုင်ကြီးများကို တွေ့ရမည်ဖြစ်သည်။

"ကျွန်မတို့ ဒီဆွယ်တာလုပ်ငန်းက ဒေသခံအမျိုးသမီးများအတွက် အလုပ်အကိုင် အခွင့်အလမ်းအများကြီး ရစေပါတယ်။ ပြင်ဦးလွင်မြို့မှာ ဆွယ်တာရက်လုပ်ငန်း အများအပြားရှိပါတယ်။ တချို့ရွာတွေမှာဆိုရင် ဆွယ်တာလက်ထိုးလုပ်ငန်းကို ရွာလုံးကျွတ် လုပ်ကိုင် ကြပါတယ်။ ဆွယ်တာများကို အမျိုး သားဝတ်၊ အမျိုးသမီးဝတ်၊ ကလေးဝတ်ဆိုက်စုံကို လက်ထိုး၊ စက်ထိုး နှစ်မျိုးစလုံး လုပ်ကိုင်ကြပါတယ်" ဟု ပုလဲဖြူဆွယ်တာလုပ်ငန်းမှ ဒေါ်လင်းလင်းက မြန်မာ့အလင်းသို့ ရှင်းပြသည်။

အခြေခံစီးပွားရေး

ပြင်ဦးလွင် မက်မန်းသီးပေါင်း ထုတ်လုပ်ရေးလုပ်ငန်းမှာလည်း ဒေသ၏ အခြေခံစီးပွားရေးတစ်ရပ်ပင်ဖြစ်သည်။

ပြင်ဦးလွင်တစ်ခွင် မက်မန်းစိုက်ဧက ၉၀၀ကျော်ရှိကြောင်း သိရသည်။ ပြင်ဦးလွင်မြို့မှ ရွှေမင်းသမီး မက်မန်းလုပ်ငန်းသည် မက်မန်းစိုက်တောင်သူများထံမှ မက်မန်းသီးများ ဝယ်ယူပြီး အဆင့်မြင့် ထုတ်ကုန်ပစ္စည်းအဖြစ် ထုတ်လုပ်ဖြန့်ဖြူးနေကြောင်း သိရသည်။

အများအပြားထွက်ရှိ

ပြင်ဦးလွင်မြို့သည် ရာသီဥတုကောင်းမွန်သဖြင့် အခြားသော သစ်သီးဝလံများဖြစ်သည့် စတော်ဘယ်ရီ၊ နာနတ်၊ လက်ဖက်၊ လိမ္မော်သီး၊ ထောပတ်သီး၊တညင်းသီးနှင့် ကော်ဖီတို့လည်း အများအပြားထွက်ရှိကြောင်း သိရသည်။

ရေးသားဖော်ပြ

သို့ပါ၍ ပြင်ဦးလွင်မြို့သည် တစ်ချိန်ကနှင့်မတူဘဲ ပညာရေး၊ကျန်းမာရေး၊ လူမှုရေးနှင့် စီးပွားရေးလုပ်ငန်းများအဘက်ဘက်မှ တိုးတက်ပြောင်းလဲလျက်ရှိပါကြောင်းနှင့် နိုင်ငံတော်၏ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းအတွက် အရေးပါလှသော မြို့တစ်မြို့အဖြစ် ပိုမိုတောက်ပ နေရာရလျက်ရှိပါကြောင်း ကွင်းဆင်းလေ့လာရေးသားဖော်ပြလိုက်ရပါသည်။ ။

(မြန်မာ့အလင်း)

မြို့မြင်ကွင်း

တိုးတက်ပြောင်းလဲနေသော ပြင်ဦးလွင်မြို့ တစ်စိတ်တစ်ဒေသကို နန်းမြင့်မျှော်စင်ပေါ်မှ ဤသို့ တွေ့ရသည်။ (မြန်မာ့အလင်း)

ပန်းမြို့တော်

စည်ပင်ဖွံ့ဖြိုးနေသော ပန်းမြို့တော် ပြင်ဦးလွင်တွင် မြို့တွင်းလမ်းများ ကောင်းမွန်လာသကဲ့သို့ မြေယာရှုခင်းများကလည်း အလှတိုးလျက်ရှိသည့် မြို့မြင်ကွင်းတစ်နေရာ။ (မြန်မာ့အလင်း)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၂-၉-၂၀၀၉

(အင်္ဂါနေ့)

နံနက်ပိုင်း

- ၅း၀၀ MRTV-4 အဖွင့် Logo ပဌာန်းပါဠိတော်+မေတ္တာသုတ်
- ၅း၁၅ MRTV-4 သတင်း
- ၆း၀၀ **အရှာပြင်ပါ** တရားတော် (ဆရာတော် ဘဒ္ဒန္တဝေပုလ္လဇောတိ)
- ၇း၀၀ MRTV-4 သတင်း
- ၇း၄၅ MRTV-4 ကာတွန်းအစီအစဉ်
- ၈း၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ရင်ခုန်သံများဆုံစည်းရာ** (အပိုင်း-၁၃)
- ၈း၃၀ Sports World (Final Aquadics World)
- ၈း၅၅ ပဒုမ္မာကြာနွယ်ရိုးမှသည်…
- ၉း၁၅ Electronic & Living 09
- ၉း၃၀ Sunday Talk
- ၁၀း၂၀ ပြည်တွင်းပုလဲ ရောင်းချပွဲအကြို ပြင်ဆင်မှုများ (နေပြည်တော်)
- ၁၀း၄၀ ရှေးမူမပျက် ထိန်းသိမ်းဖို့ရာ မြန်မာ့ရွှေချည်ထိုးပညာ
- ၁၀း၅၀ Cartoon Show Time (Open Season 2)
- ၁၁း၂၀ မင်းလှရေလှောင်တမံ
- ၁၁း၂၅ ရလဒ်ကောင်းများနှင့် Organic
- ၁၁း၄၀ သင်ကြားရေးလမ်းညွှန် (YAG ပန်းချီသင်တန်းကျောင်း)
- ၁၂း၀၅ JICA Myanmar ၏ မေတ္တာ ကွန်ရက်များဆီသို့… (နားမကြားသူများ လူမှုအသိုင်း အဝိုင်းဝင်ဆံ့နိုင်မှု မြှင့်တင်ဆောင်ရွက်ရေး စီမံချက်)
- ၁၂း၃၀ တေးဂီတအစီအစဉ်
- ၁၂း၅၀ **ကျော်သွားမှာလား… ဖော်စားမှာလား** ခန့်စည်သူ၊ဦးစောနိုင်(ရှမ်းပြည်)၊ ပုလဲဝင်း၊ သက်မွန်မြင့်၊ မယ်လိုဒီ၊ ဟေမာန်အောင်အောင် (ဒါရိုက်တာ -အကယ်ဒမီ မလိခစိုးထိုက်အောင်)
- ၁း၀၀ **အရှာပြင်ပါ** တရားတော် ဆရာတော် ဘဒ္ဒန္တဝေပုလ္လဇောတိ)
- ၂း၀၀ MRTV-4 သတင်း
- ၂း၄၅ Fashion Music Festival (DJ Fashion)
- ၃း၃၅ Electronic & Living 09
- ၃း၅၅ ပဒုမ္မာကြာနွယ်ရိုးမှသည်…
- ၄း၁၅ ပြည်တွင်းပုလဲ ရောင်းချပွဲအကြို ပြင်ဆင်မှုများ(နေပြည်တော်)
- ၄း၄၀ World of Knowledge (Super Rig)
- ၅း၃၅ Celebrity Style (ပြည့်ဖူးခိုင်နှင့်တွေ့ဆုံခြင်း)
- ၆း၀၀ MRTV-4 သတင်း
- ၆း၂၀ သင်ကြားရေးလမ်းညွှန် (YAG ပန်းချီသင်တန်းကျောင်း)
- ၆း၄၅ Fashion Music Festival (DJ Fashion)
- ၇း၃၅ Cartoon Show Time (Open Season 2)
- ၈း၀၀ MRTV-4 သတင်း
- ၈း၃၀ ဟိုတယ်လမ်းညွှန် (Dusit Inya Lake Hotel)
- ၉း၁၀ Celebrity Style (ပြည့်ဖူးခိုင်နှင့် တွေ့ဆုံခြင်း)
- ၉း၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ရင်ခုန်သံများဆုံစည်းရာ** (အပိုင်း-၁၃)
- ၁၀း၀၀ ကဏ္ဍစုံလင် အားကစားအစီအစဉ်
- ၁၁း၄၅ သွေးပြန်ကြောအားနည်းရောဂါ အကြောင်းသိကောင်းစရာ (အပိုင်း-၂) (ပါမောက္ခဒေါက်တာခင်မောင်အေး)
- ၁၂း၀၀ Ecotourism ဆွဲဆောင်ဖို့ သဘာဝကိုထိန်းသိမ်းစို့ **ဖိုးကျားဆင်စခန်း** (အပိုင်း-၁)
- ၁၂း၂၀ ရှေးမူမပျက် ထိန်းသိမ်းဖို့ရာ မြန်မာရွှေချည်ထိုးပညာ
- ၁၂း၂၅ စိတ်ဝင်စားဖွယ်ရာ မျက်လှည့်ပညာ
- ၁၂း၅၀ အလှဆင်စရာ ပရိဘောဂကမ္ဘာ (Inner Space)
- ၁း၀၀ အစီအစဉ်ပြီး။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

ရှမ်းပြည်နယ်(မြောက်ပိုင်း) လောက်ကိုင်မြို့နယ်မှ မူးယစ်ဆေးပြားထုတ်လုပ်ရာတွင် အသုံးပြုသော ဓာတုဆေးဝါးနှင့် ဆက်စပ်ပစ္စည်းများ သိမ်းဆည်းရမိ

နေပြည်တော် စက်တင်ဘာ ၂၁

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကွမ်းလုံမူးယစ်(အထူး)အဖွဲ့နှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည်သတင်းအရ စက်တင်ဘာ ၁၉ရက် မွန်းလွဲ ၂နာရီခွဲခန့်တွင် လောက်ကိုင်မြို့ အမှတ်(၃)ရပ်ကွက်ရှိ ဖုန်ကြားကျိန်ဆိုသူ၏ နေအိမ်ဂိုဒေါင်အတွင်းနှင့် ၄င်းနေအိမ်နှင့်ကပ်လျက် နေအိမ်တစ်လုံးတို့အတွင်းမှ မြင်းရုပ်တံဆိပ်ပါ ဆေးပြားရိုက်သံချောင်းတစ်ချောင်း၊ တံဆိပ်မပါ သုံးချောင်း၊ WY စာတန်းပါဆေးပြားရိုက် သံချောင်း ၁၄ချောင်း၊ စာတန်းမပါ အချောင်း ၂၀၊ ဆေးပြားမွှေစက် တစ်လုံး၊ ဆလင်ဒါအိုးအသေးနှစ်လုံး၊ ကလိုရိုဖောင်း ၂၄လီတာ၊ ဖော့စဖောရစ်အက်စစ် ၂၀လီတာ၊ သိုင်အိုနိုင်းကလိုရိုက် ၅၀၀မီလီမီတာ ဝင်ပုလင်း ၅၀၊ အက်စီတုန်း ၅၈လီတာ၊ အီသာ ၁၆ လီတာ၊ ဟိုက်ဒရိုကလိုရစ် အက်စစ် ၁၇၂လီတာတို့ကို သိမ်းဆည်းရမိခဲ့ကြောင်းနှင့် ထိုမူးယစ်ဆေးများသည် မူးယစ်တရားခံပြေးများနှင့် ဆက်နွယ်ပတ်သက်လျက်ရှိကြောင်း၊ သတင်းအရ ရှာဖွေသိမ်းဆည်းရမိခြင်း ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



ရှမ်းပြည်နယ်(မြောက်ပိုင်း) လောက်ကိုင်မြို့နယ်မှ သိမ်းဆည်းရမိသော မူးယစ်ဆေးပြားထုတ်လုပ်ရာတွင် အသုံးပြုသည့် ဓာတုဆေးဝါးနှင့် ဆက်စပ်ပစ္စည်းများကို တွေ့ရစဉ်။ (သတင်းစဉ်)

အသိတရားနှင့်ယှဉ် သတိထားဆင်ခြင်

ဒေါက်တာမြင့်

စာအုပ်လေးတစ်အုပ်၊ အလျားရှည်ရှည် အနံတိုတို၊ ငယ်ငယ်တုန်းက ဖတ်ဖူး မြင်ဖူးပြီး အခုအရွယ်အထိ စွဲလမ်းနှစ်ခြိုက်စွာ ကြည့်မြင်လိုစိတ် အမြဲရှိနေသော ပန်းချီဦးဘကြည်ရေးဆွဲခဲ့သည့် ဗုဒ္ဓဝင်ရုပ်စုံကိုသတိရချင်စရာ။ အရောင်အသွေး စိုစိုပြည်ပြည်၊ စာရွက်သားကောင်းကောင်း အဆင့်မီမီ ကိုင်ကြည့်ချင်စရာလေးမို့ ကောက်ကိုင်ကြည့်ဖြစ်သည်။

ကြော်ငြာများဖြင့်ပြည့်နေသော နောက်ကျောဖုံးမှစ၍ ရှေ့သို့ အကြမ်းဖျင်းကြည့်သည်။ အသက်ဝင် လက်ရာမြောက်သော ရောင်စုံအရုပ်လေးများ၊ ကာတွန်းရုပ်ပြထင်ရဲ့၊ နောက်ဆုံးစာမျက်နှာ "ကျေးဇူးတင်လွှာ"တဲ့၊ အလို… ကာတွန်းစာအုပ်က ဘယ်သူ့ကို ကျေးဇူးတင်နေပါလိမ့်။

ဤသင်ခန်းစာ စာအုပ်ကို ကျောင်းနေအရွယ် ကလေးသူငယ်များ၊ ကျောင်းသူ၊ ကျောင်းသားများနှင့် ပြည်သူများ၏အသိထဲတွင် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ဗဟုသုတများကြွယ်ဝလာစေပြီး ယာဉ်အန္တရာယ်များ လျော့နည်းကျဆင်းသွားစေရန် ရည်ရွယ်၍…

လေးနက်ဝင်စားသော အာရုံဖြစ်လာသည်။ သတင်းထဲမှာ မြို့ကြီးတွေ တစ်မြို့ပြီးတစ်မြို့ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း၊ အလုပ်ရုံဆွေးနွေးပွဲတွေ ပြုလုပ်နေသည့် သတင်းဓာတ်ပုံများ နေ့စဉ်မပြတ်ဆိုသလို တွေ့နေရဆဲ။ သို့သော် ဒီလို ကျောင်းသင်ခန်းစာ စာအုပ်အဖြစ် ပြုစုထုတ်ဝေ၍ ကျောင်းများမှာ ဘာသာရပ်တစ်ခုအနေဖြင့် သင်ပေးရမှာဟု ထင်တောင်မှ မထင်မိပါ။

စာအုပ်ကို ဆက်လက်လှန်လှော၍ ဟိုသည်ကျော်လွှားဖတ်ရင်း နေ့ခင်းက ဆေးရုံအစည်းအဝေးမှာ ကမ္ဘာ့လူဦးရေသေဆုံးနှုန်း ကျန်းမာရေးစာရင်းအရ ယာဉ်မတော်တဆ ထိခိုက်မှုကြောင့် သေနှုန်းက ကူးစက်ရောဂါများကြောင့် သေဆုံးနှုန်းများကိုကျော်ပြီး ပထမနေရာသို့ ခြိမ်းခြောက်လာနေတာ သတိရမိသည်။ နောက်တစ်ဆက်တည်း မကြာခင်က သူငယ်ချင်းတွေနဲ့ ရန်ကုန်လမ်းမပေါ် ကားတစ်စီးဖြင့်သွားရင်း လမ်းစည်းကမ်း၊ ယာဉ်စည်းကမ်း အတော်များများကို အပေါ်ယံရုပ်ရုပ်လေးလောက်သာ မိမိတို့သိကြကြောင်း အမှတ်ထင်ထင် ပြောမိကြတာ သတိရလာသေးသည်။ လမ်းဘေးပလက်ဖောင်းကို အဖြူ/အနီ၊ အဖြူ/အနက်၊ အဝါ/အနက် အဲဒီအရောင်တွေကို တစ်နေရာတစ်မျိုးခြယ်ထားတာ ငါက ကြည့်ကောင်းအောင် အလှခြယ်ထားတာလို့ကို အောက်မေ့ခဲ့တာ၊ အခုမှ "လုံးဝမရပ်ရ"တို့ "ခေတ္တရပ်ရန်"တို့လို အဓိပ္ပာယ်မှန်းသိတာ ကျွန်မတို့ အလေးမထား အမှတ်တမဲ့နေမိသော၊ လုံးဝမသိသော လမ်းအမှတ်အသားများ၊ အချက်ပြဆိုင်းဘုတ်များ အများကြီးရှိသေးမှန်း ပေါ်လာပါတော့သည်။

ကြည့်လက်စ စာအုပ်လေး၏မျက်နှာဖုံးပေါ်မှ "ကျွန်တော့်နာမည် မီးပွိုင့်လေးပါ"၊ "မိုးတိမ်လေးကပြောသော သံစဉ်"၊ "အသိလေးနဲ့ သတိပေးပါ" စသည်ဖြင့် ခေါင်းစဉ်ငယ်လေးများနှင့် လိုက်ဖက် ထိရောက်သော ရုပ်ပုံတို့ကြောင့် ဘယ်လောက်ပြည့်ပြည့်စုံစုံ ပြုစုထားပါလိမ့်ဟု သိချင်လာသည်။ ရှေ့ဆုံးမှစ၍ ပြန်ကြည့်၏။

မျက်နှာဖုံးပုံမှာ ကျောင်းသား၊ ဆရာမ၊ ယာဉ်ထိန်းရဲမေ အသီးသီးက ဦးဆောင်၍ လူကူးမျဉ်းကျားကို ကျောင်းသားလေးများ၊ ပြည်သူများ ဖြတ်ကူးနေကြပုံတွေ အစီအရီ၊ ဦးဆောင်သူတွေလက်ထဲမှာ "ရပ်"ဟု ရေးထားသော အဝါရောင်အလံလေးတွေကိုင်လျက် တွေ့ရသည်။ စာအုပ်ထောင့်မှာ ၂၀၀၉ ခုနှစ်ဟု ရေးထားသည်။ သည်နှစ်မှ အရှိန်အဟုန်နှင့် စတင်လာသည့် စာအုပ်ပါလား၊ မာတိကာအောက်မှာ ၁ မှ ၁၅အထိ ပါသည်။ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၏ "ဥယျောဇဉ်"တွင် ပါရှိသော စာကြောင်းလေးများက ယခုအရွယ်တိုင် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းကို အခြေခံကျကျ မသိသေးသော၊ မလေ့လာမိသောသူများအတွက် စေတနာစကားများကဲ့သို့ ဖြစ်နေသည်မို့ ဝမ်းသာကြည်နူးစွာ ဖတ်ကြည့်ပါသည်။

အရုပ်လေးများက သပ်ရပ်၍ အသက်ဝင်သည်။ "ကျွန်တော့်နာမည် မီးပွိုင့်လေးပါ" ခေါင်းစဉ်အောက်တွင် ယာဉ်အတွက် မီးပွိုင့်တာဝန်၊ လူကူးမျဉ်းကျားအတွက် မီးပွိုင့်လေးကို ဂရုစိုက်နည်းတွေ ပြောပြပြီးနောက်မှာ လေ့ကျင့်ခန်းအဖြစ် "ဒီအဖြေလေးဖြေကြည့်ပါ"ဟု မေးခွန်းတွေဖြင့် လမ်းကူးတတ်ဖို့၊ မီးပွိုင့်ကြည့်တတ်ဖို့၊ ယာဉ်အန္တရာယ်လွတ်ကင်းဖို့ သရုပ်ဖော်ပုံအမျိုးမျိုးဖြင့် ရှုထောင့်အမျိုးမျိုးမှ ဘယ်အချိန်မှာ သင်လမ်းကူးမလဲ။ သင်လမ်းကူးရင် ဘယ်နေရာကကူးပါသလဲ။ ဘာကြောင့်မပြေးသင့်တာလဲ စသည်ဖြင့် မေးပြ၊ ဖြေပြပေးထားသည်မှာ စုံလင်လှ၏။ "မိုးတိမ်လေးကပြောသောသံစဉ်" အထိ ရှေ့ဆုံးသုံးခုမှာ ကလေးတွေအတွက် အကျိုးလည်းရှိ အဆင်လည်းပြေ စိတ်ဝင်စား အနှစ်သက်ဆုံးဖြစ်ပေသည်။ တစ်မြို့လုံး လမ်းများပေါ် ဖြစ်ပျက်နေသမျှကို ကောင်းကင်မှ ဟိုသည်သွားရင်း အပေါ်စီးမှမြင်နေရသော မိုးတိမ်လေးအား ဇာတ်လိုက်လုပ်၍ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ပြောပြ ထိန်းသိမ်းသူအဖြစ် ရေးဆွဲထားသည်မှာ ထိလည်းထိမိ၊ လွတ်လပ်၍ ချစ်ခင်နှစ်သက်စဖွယ်လည်း ဖြစ်သည်။

အသိလေးနဲ့ သတိပေးပါ ခေါင်းစဉ်အောက်မှာတော့ ကလေးတွေအတွက်သာမက ကျွန်မသိချင်နေသောအရာများ တန်းစီ၍ပါလာပြီး စာမျက်နှာ ၃၈ တွင် "သင်လမ်းသွားစဉ် ဘယ်အချက်တွေကို သိထားသင့်သလဲ" အမေး၏ အောက်မှာ အန္တရာယ်သတိပေးလမ်းညွှန်များ၊ တားမြစ်ခြင်းနှင့် ကန့်သတ်ခြင်း လမ်းညွှန်များနှင့် အမိန့်ပေးခြင်းလမ်းညွှန်များကို နမူနာအဖြစ် ပြထားသည်။ အချို့မှာ သိပြီးသားမို့ တော်ပါသေးသည်။

"ဘယ်လိုစည်းကမ်းတွေလိုက်နာမလဲ" ခေါင်းစဉ်အောက်မှာ တစ်ခါမျှ မကြားဖူးသည့် "နှစ်စက္ကန့်စည်းမျဉ်း"ဆိုသည့် စိတ်ဝင်စားစရာတစ်ခု တွေ့ရသည်။ "မော်တော်ယာဉ်တစ်စီးနောက်မှ ကပ်လိုက်လျှင် အရှိန်သတ်နိုင်ရန် အနည်းဆုံး နှစ်စက္ကန့်ကြာသည့် အကွာအဝေးရှိရမည်။ နှစ်စက္ကန့်ဆိုသည်မှာ မှန်မှန်လေးအသံထွက်ဆိုလျှင် တစ်ထောင့်တစ်၊ တစ်ထောင့်နှစ်၊ ဒါပါပဲ။ ဒီနှစ်စက္ကန့်လေးမျှ အချိန်မရလိုက်ကြတော့လို့ "ဒိန်း"ဆို ကွဲကြ၊ ပဲ့ကြ၊ ကျိုးပဲ့ကြ၊ သေကြရတာပါကလား၊ နောင်လမ်းပေါ်ထွက်လျှင် မိမိယာဉ်ကို နှစ်စက္ကန့် အချိန်လေး စည်းလိုချထားဖို့ သတိထားရပါမည်။ ယာဉ်ကွေ့လျှင် အောက်ပါအချက်များကို သတိပြုပါ။ "ဆိုင်ကယ်ကို အဓိကထား၍ ပုံဆွဲပြထားသော်လည်း ယာဉ်မောင်းသူများအားလုံးအတွက် အရေးပါတန်ဖိုးရှိသော အချက်များ ဖြစ်နေသည်။ အမြန်နှုန်း၊ မိုးရွာခြင်း၊ လေတိုက်ခြင်း စသည့် ရာသီဥတု အခြေအနေ၊ တာယာအခြေအနေ၊ လမ်းအခြေအနေ၊ လမ်းကွေ့၏ အနေအထား၊ ဆိုင်ကယ်ကွေ့ဖို့ ဆိုင်ကယ်နှင့်လူကြားရှိ ထောင့်ပမာဏ"ဟူ၍ စုံလင်စွာ ဖော်ပြထားသည်။ အရေးကြီးဆုံးမှာ အမြန်နှုန်းဟုပင် ယုံကြည်ပါသည်။ မောင်းနှင်သောအာရုံတွင် သတိပါနေလျှင် မိမိတာယာအခြေအနေလည်း စိတ်ထဲမှာမလွတ်၊ လမ်းအခြေအနေလည်း အကဲခတ်ချိန်ရသဖြင့် အမြန်နှုန်းသည် မိမိယာဉ်ကို မိမိထိန်းသိမ်းနိုင်ခြင်း၏ အတိုင်းအတာအတွင်းရှိနေမှာအမှန်၊ ဒါဆိုလျှင် ကျန်အချက်အလက်များအနက် အန္တရာယ်အများဆုံး တောင်အတက်၊ အဆင်း မြင်ကွင်းပိတ်နေသော လမ်းကွေ့မှာ မိုးရွာနေလျှင်သော်မှ အန္တရာယ်ကို ကျော်ဖြတ်ဖို့ အင်အားအပြည့် ဖြစ်နေပါသည်။

ဆိုင်ကယ်စီးလျှင် လိုက်နာရန် လိုအပ်ချက်များ၌ လိုအပ်ချက်များ မလိုက်နာသူမှာ ဆိုင်ကယ်မောင်းရင်း အရိုးစုလေးဖြစ်နေပုံ ဆွဲပြထားသည်။ ရှင်းလိုက်လက်တွေ့ကျလိုက်သည့် သရုပ်ဖော်ပုံတကား။ မန္တလေးရောက်စဉ်က လမ်းမကြီးပေါ်တွင် ရှေ့သို့ကျော်တက်၍ အားကုန်ကုန်းရင်း မောင်းသွားသော ဆိုင်ကယ်သမားလေး ၁၀စက္ကန့်မှမပြည့်မီ မျက်နှာချင်းဆိုင်ကားဖြင့် တိုက်မိ…လေထဲ ဆိုင်ကယ်စီးဦးထုပ်တခြား၊ လူတခြား မြောက်တက်သွားပြီး လမ်းပေါ်ခေါင်းဖြင့် ပြန်ပြုတ်အကျ… ဖန်ခွက်လေးတစ်ခုအလား… ထိတ်လန့်သံဝေဂရစရာ၊ မေ့မရသည့် မြင်ကွင်းတစ်ခုပါ။

ငယ်စဉ်က Readers Digest မှာ ဖတ်ဖူးတာလေး သတိရသည်။ လန်ဒန်မှ အသက် ၈၀အရွယ်ထိ ကားမောင်းနေသူ အဘိုးတစ်ဦး ယာဉ်မောင်းလိုင်စင်တွင် ပြစ်ချက်တစ်ခုမှမရှိ၊ သန့်ရှင်းနေ၍ ဘယ်လိုပညာနဲ့များ မောင်းနှင်ခဲ့ပါသလဲဟုမေးရာ တိုတိုလေးပဲဖြေသည်။ "သည်းခံခြင်းပါပဲတဲ့" သင့်ခရီးသာယာစေရန် ခေါင်းစဉ်အောက်တွင်ပြထားသည့် အချက်လေးချက်ကိုကြည့်၍ လျှို့ဝှက်ချက်လေးမှာ ၂၁ရာစုလမ်းပေါ်တွင်လည်း လတ်ဆတ်နေဆဲပါလား၊ ကပ်မလိုက်ရ၊ လမ်းဘေးချမောင်းပါ၊ ကြိုတင်အချက်ပြပါ၊ လုမမောင်းပါနဲ့တဲ့ သည်းခံစိတ်ရှိမှ လုပ်နိုင်စွမ်းမည့် အချက်များ မဟုတ်ပါလား။

သရုပ်ပြနှင့်ကစားနည်း နမူနာများ စာမျက်နှာတွင်ပါသော သရုပ်ဖော်ပုံအတိုင်း ကျောင်းများ၌ တကယ်တမ်း စိတ်ဝင်တစား ကစားကြမည်ဆိုပါက ဘာမျှ အကုန်အကျမရှိဘဲ ကိုယ်လက်လှုပ်ရှားပြီးသားလည်းဖြစ်၊ ဉာဏ်လည်း သွက်လက်ဖျတ်လတ်ကာ ပျော်ပျော်ရွှင်ရွှင်ဖြင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းကို စွဲစွဲမြဲမြဲ မှတ်မိနားလည်သွားစေမည့် ကစားနည်းအဖြစ် တွေ့ရသည်။ ချဲ့၍၊ ထည့်၍၊ ထွင်၍ အုပ်စုလိုက်ကစားနည်းအဖြစ် ပွားနိုင်၊ များနိုင်၊ ယှဉ်ပြိုင်နိုင်သော ကစားနည်းကောင်းအဖြစ် တွေ့ရပါသည်။ ဤကစားနည်း အသစ်အဆန်းကို ကျောင်းသားထု၊ လူငယ်ထုအကြား အောင်မြင်စွာ အကောင်အထည်ပေါ်၊ ရေပန်းစားလာစေဖို့ ပြုလုပ်နိုင်သောအခွင့်ထူးက PIONER ဖြစ်ဖို့ အရည်အချင်းပြည့်ဝနေသော ဆရာ၊ ဆရာမလေးများ၏ စေတနာ၊ ဝါသနာ၊ အနစ်နာဦးစီးသည့် နှလုံးသားပေါ်တွင် ရွာချတော့မည့်မိုးတိမ်ကဲ့သို့ ဟန်တပြင်ပြင် ဖြစ်နေပါရော့မည်။

လမ်းပေါ် ဆေးရေးအမှတ်အသားများ၊ လမ်းပေါ် စိုက်ထူတည်ဆောက်ထားသော အမှတ်အသားများတွင် စုံနေအောင်ဖော်ပြထားပြီး ပုံများက ရှင်းလင်းပြတ်သားသဖြင့် ကြည့်မှတ်ရသည်မှာ အလွန်အဆင်ပြေ၏။ တစ်အုပ်လုံး

အကြိုက်ဆုံးကတော့ "အရှိန်များလျှင် သူနာတင်ယာဉ် လိုက်လာလိမ့်မယ်" ဆိုသော သရုပ်ဖော်ပုံကလေးပါ။ ဆိုင်ကယ်အမြန်စီးနေသူ၏ ကိုယ်တစ်ဝက်က သူနာတင်ယာဉ်ထဲ ရောက်နေသည့်ပုံပင် ဖြစ်ပါသည်။ သူနာတင်ယာဉ်ဆိုလျှင် တော်သေးတာပေါ့။ ဒီစာအုပ်ထဲမပါပေမယ့် ဆေးရုံ ဆေးခန်းနှင့် လမ်းမပေါ် ကြုံရ မြင်ရသည့် အတွေ့အကြုံများစွာအရ ကျွန်မမြင်ယောင်နေသည်က နိဗ္ဗာန်ယာဉ်ထဲ ကိုယ်တစ်ဝက် ဝင်နေတာပါပဲ။

တကယ်တော့ ယာဉ်ကို အရှိန်များစွာ မြန်မြန်မောင်းလိုခြင်းသည် မှန်မှန်သွားနေရသော သေမင်းထံ မြန်မြန်ရောက်ဖို့ပဲ ဖြစ်သွားတတ်ကြပါသည်။ လူ့စိတ်သည် လက်တစ်ဖျစ် (တစ်စက္ကန့်၏ ငါးပုံတစ်ပုံမျှ) အချိန်အတွင်း ကုဋေတစ်သိန်း ဖြစ်ပျက်သည်တဲ့၊ မြေပြင်ပေါ်သွားယာဉ်တွေမှာ တပ်ထားသည့် စက်၏အရှိန်က တစ်နာရီလျှင် ကီလိုမီတာ ၁၂၀ထိ ပြေးတာပြေးပါသည်။ သည်ယာဉ်ပေါ် သည်စိတ်တင်၍ မောင်းပြီဆိုလျှင် ကုဋေတစ်သိန်းစလုံး မြန်မြန်ရောက်ချင်သည့်လောဘ၊ အကျော်မခံနိုင်သည့်ဒေါသ၊ အကျောမခံချင်သည့် မာနတွေနဲ့ ပြည့်နေလျှင်…ရဲစခန်း၊ ဆေးရုံ၊ ရင်ခွဲရုံ…. မတွေ့ချင်တာတွေနဲ့ချည်း တွေ့ရပါမည်။ ကုဋေတစ်သိန်းမှာ သတိတွေ တဖျပ်ဖျပ်လက်နေမှ မိမိရော သူတစ်ပါးပါ ကိုယ်စိတ်ဘေးကင်း ချမ်းသာကြရပါမည်။

ဖတ်ရင်း ကျေးဇူးတင်ရင်းဖြင့် တစ်အုပ်လုံး ဖတ်ပြီးသွားပါသည်။ အားလုံး စာမျက်နှာ ၇၃အထိ ပုံတစ်ပုံမျှ၊ စာတစ်လုံးမျှ အပိုမပါ။ နောက်ပိုင်းရောက်လေ အချက်အလက်များက ပြည့်စုံတန်ဖိုးရှိလာလေ။ ဘေးကင်းခြင်းကို ပေးဝေလိုသည့် စေတနာကို မြင်ရသည်။ ဘယ်လိုပေးလျှင် အားလုံးအကျိုးရှိစွာ ရယူနိုင်ကြမှာလဲဟု ကြံကြံဆဆ တွေးကာပေးသော (ကျောင်းသင်ခန်းစာအဖြစ် နှစ်စဉ်မဖြစ်မနေ သင်ကြားပေးရန်) ပေးဝေပုံကို သိရသည်။ ကျေးဇူးတင်ပါသည်။ ကြည်နူးစွာ သာဓုခေါ်ပါသည်။

နိုင်ငံတော်က တည်ဆောက်ပြီး၊ တည်ဆောက်ဆဲ တံတားအစင်းပေါင်းများစွာနှင့်အတူ သည်တံတားက မမြင်ရသောတံတား၊ ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီနှင့် အခြေခံပညာဦးစီးဌာနတို့၏ ပေါင်းကူးတံတား၊ ယာဉ်အန္တရာယ်ချောက်ကမ်းပါးကို ဖြတ်ကျော်သော ဤတံတား တည်ဆောက်ခြင်း၊ အသုံးချခြင်းများ အထမြောက် အောင်မြင်ပါစေ။ ။

တကယ်တော့ ယာဉ်ကို အရှိန်များစွာ မြန်မြန်မောင်းလိုခြင်းသည် မှန်မှန်သွားနေရသော သေမင်းထံ မြန်မြန်ရောက်ဖို့ပဲ ဖြစ်သွားတတ်ကြပါသည်။ လူ့စိတ်သည် လက်တစ်ဖျစ် (တစ်စက္ကန့်၏ ငါးပုံတစ်ပုံမျှ) အချိန်အတွင်း ကုဋေတစ်သိန်း ဖြစ်ပျက်သည်၊ ကုဋေတစ်သိန်းမှာ သတိတွေ တဖျပ်ဖျပ်လက်နေမှ မိမိရော သူတစ်ပါးပါ ကိုယ်စိတ်ဘေးကင်း ချမ်းသာကြရပါမည်။

ကမ္ဘာ့တစ်လွှားအားကစား ကမ္ဘာ့တစ်လွှားအားကစား ကမ္ဘာ့တစ်လွှားအားကစား ကမ္ဘာ့တစ်လွှားအားကစား ကမ္ဘာ့တစ်လွှားအားကစား

နောက်ဆုံးအချိန်အထိကြိုးစားခဲ့ရတယ် — ဖာဂူဆန်

အသင်းတိုင်းကိုအလေးထားကစားနေလို့ပါပဲ — အန်ချယ်လော့တီ

မောင်မောင်မြင့်ဆွေရေးသား၍ ဇင်မင်းသန့် (မြန်မာ့အလင်း) စာမျက်နှာဖွဲ့စည်းသည်

လန်ဒန် စက်တင်ဘာ ၂၁

ပရီမီယာလိဂ်ပွဲစဉ်(၆)ရဲ့ ပွဲစဉ်အချို့ကို စက်တင်ဘာ ၂၀ရက်က ကစားပြီးသွားတဲ့အခါ မန်ယူက တစ်မြို့တည်းသား မြို့ခံပြိုင်ဘက် မန်စီးတီးကို အနိုင်ရရှိခဲ့သလို ချယ်လ်ဆီးကလည်း စပါးကို အနိုင်ရရှိခဲ့ကြတာမို့ ချယ်လ်ဆီးက ရှုံးပွဲမရှိ တန်းစီဇယားထိပ်ကို ဦးဆောင်နေပြီး မန်ယူက တန်းစီဇယားဒုတိယနေရာက လိုက်နေပါတယ်။ ဒါကြောင့် ဒီပွဲတွေအပြီးမှာ နည်းပြများရဲ့ ပြောစကား အချို့ကို ဖော်ပြလိုက်ရပါတယ် -

မန်ယူနည်းပြဖာဂူဆန်

"ခက်ခဲတဲ့ပွဲစဉ်ပါပဲ။ ကျွန်တော့်လူတွေ နောက်ဆုံးအချိန်အထိ ကြိုးစားခဲ့ကြလို့ အနိုင်ရခဲ့တာပါ။ ဒီပွဲမှာ အနိုင်ဂိုးသွင်းပေးခဲ့တဲ့အိုဝင်ဟာ မန်ယူအတွက် အများကြီး အကျိုးပြုပေးသွားဦးမယ်လို့ ယုံကြည်နေပါတယ်။ အမှန်အတိုင်းဝန်ခံရရင် သရေပွဲအဖြစ်နဲ့ အဆုံးသတ်သွားမယ်လို့ ထင်နေခဲ့တာပါ။ မန်စီးတီးကစားသွားတာ ပြောစရာမရှိပါဘူး။ ကျွန်တော်တို့အတွက် ပွဲကောင်းတစ်ပွဲကစားခဲ့ရတာပါပဲ။ ဒီပွဲမှာ ကျွန်တော့်ကစားသမားတွေ အားထည့်ကစားကြရတာကတော့ ပြောစရာမလိုပါဘူး။ မန်ယူဟာ ဒီနှစ်ပရီမီယာလိဂ်ဖလား ကာကွယ်ဖို့အတွက် ခက်ခက်ခဲခဲ ဖြတ်သန်းရမယ်ဆိုတာ ကျွန်တော် မှန်းဆထားပြီးသား ဖြစ်ပါတယ်"ဟု မန်ယူနည်းပြ ဖာဂူဆန်က ပြောကြားသွားပါတယ်။ မန်ယူဟာ လက်ရှိအနေအထားအရ ရှုံးပွဲထပ်မကြုံအောင် သတိထားပြီး ကြိုးစားကစားနေရတဲ့ အခြေအနေပါပဲ။

မန်စီးတီးနည်းပြ မာ့ဟုချ်

"ဒီပွဲရလဒ်ကို သိပ်ပြီးဘဝင်မကျပါဘူး။ ကွင်းလယ်ဒိုင်လူကြီးဟာ အပိုထပ်ဆောင်းပေးချိန်သတ်မှတ်တာဟာ ပြိုင်ဘက်ကို နည်းနည်းဦးစားပေးလိုက်သလို ဖြစ်နေပါတယ်။ တကယ်ဆိုရင် ဒီပွဲစဉ်ဟာ သရေရလဒ်နဲ့အဆုံးသတ်ရမှာပါ။ ဒီပွဲမှာ လေလွင့်ချိန်အတွက် လေးမိနစ် ထပ်ဆောင်းပေး

တယ်လို့ သတ်မှတ်ပေမယ့် တကယ်တမ်းလက်တွေ့မှာ ငါးမိနစ်နှင့် ၂၆စက္ကန့် ဖြစ်နေပါတယ်။ ဒါမျိုးမဖြစ်သင့်ဘူးလို့ ထင်ပါတယ်။ ဒီပွဲမှာ ကျွန်တော့်ကစားသမားတွေရဲ့ခြေစွမ်းက မန်ယူကို ကောင်းကောင်း ကစားနိုင်ခဲ့တာပါ။ အခုတော့ ကျွန်တော့်အသင်းရဲ့ အဖိုးတန်ရမှတ်ဆုံးရှုံးခဲ့ရပါတယ်"ဟု မန်စီးတီးနည်းပြ မာ့ဟုချ်က မချင့်မရဲ ပြောကြားခဲ့ပါတယ်။ မန်စီးတီးအသင်းဟာ ဒီနှစ် နွေရာသီဘောလုံးသမားအပြောင်းအရွှေ့ကာလမှာ ငွေကြေးအများဆုံးသုံးခဲ့ပေမယ့် ခြေစွမ်းအကောင်းဆုံးအနေအထားတော့ မရောက်သေးပါဘူး။

ချယ်လ်ဆီးနည်းပြအန်ချယ်လော့တီ

"ကျွန်တော့်အသင်းက စပါးကိုသုံးဂိုးပြတ်အနိုင်ယူခဲ့တာဟာ ကြိုးစားမှုရဲ့ရလဒ်ပါပဲ။ အသင်းတိုင်းကို အလေးထားကစားသွားရမယ်ဆိုတဲ့ အသိစိတ်ဓာတ်ကို ကစားသမားတိုင်း စိတ်ထဲစွဲနေအောင် မှာကြားထားလို့ အကောင်းဆုံး ကစားသွားနိုင်ခဲ့ကြတာပါ။ စပါးဟာအသင်းကောင်းတစ်သင်းဖြစ်တာမို့ လျှော့မတွက်ခဲ့ပါဘူး။ ဂိုးရသမျှ သွင်းယူနိုင်ဖို့ ကျွန်တော့်လူတွေကို မှာခဲ့ပြီး နောက်ဆုံးအချိန်အထိ ဂိုးရရှိရေး ကြိုးစားခိုင်းခဲ့တာ ဖြစ်ပါတယ်။ ဒီနှစ်မှာ

ပရီမီယာလိဂ်ဖလားရရှိရေးဆိုတဲ့ မျှော်မှန်းချက်ကို အကောင်အထည်ဖော်နိုင်ဖို့အတွက် ကျွန်တော်တို့ အမှားလုပ်လို့မရပါဘူး"လို့ နည်းပြအန်ချယ်လော့တီက ပြောကြားပါတယ်။ ချယ်လ်ဆီးဟာ ပရီမီယာလိဂ်မှာတော့ ပွဲစဉ်ခြောက်ပွဲ ကစားပြီးချိန်အထိ ရှုံးပွဲမရှိသေးဘဲ တန်းစီဇယားကိုဆက်လက်ဦးဆောင်နေတဲ့အသင်းအဖြစ် ရပ်တည်နေပါတယ်။

စပါးနည်းပြရက်နက်

"ဒီပွဲမှာ အနည်းဆုံးတစ်မှတ်ရယူဖို့ ကြိုးစားခဲ့ပေမယ့် အရာမထင်ခဲ့ပါဘူး။ ကျွန်တော့်ကစားသမားတွေ အပေးအယူအချိတ်အဆက်တွေလည်း လွဲမှားမှုတွေ ရှိခဲ့တယ်။ ဒါပေမယ့် ချယ်လ်ဆီးအသင်း ကစားသွားတာ သိပ်ကောင်းပါတယ်။ ဒီနှစ် သူတို့အခြေအနေ ကောင်းသွားနိုင်ပါတယ်။ ကျွန်တော့်အသင်း ဒီပွဲမှာချေပဂိုးတစ်ဂိုးတောင် မသွင်းနိုင်ခဲ့တာကတော့ စိတ်ပျက်စရာပါပဲ"လို့ စပါးနည်းပြ ရက်နက်က ပြောကြားသွားခဲ့ပါတယ်။ ။

(အင်တာနက်)

ရီးရဲမက်ဒရစ်၏အကြွေး ပေါင် ၂၉၆သန်းအထိရှိ

မက်ဒရစ် စက်တင်ဘာ ၂၁

စပိန်လာလီဂါကလပ် ရီးရဲမက်ဒရစ်၏ ရာသီအသစ်ဘတ်ဂျက်သည် ပေါင်၃၈၁သန်း ရှိရာတွင် ပေါင်၂၉၆သန်း အကြွေးရှိကြောင်း ၎င်းကလပ်က ထုတ်ပြန်ပြောကြားသည်။

ထုတ်ပြန်ပြောကြား

ယင်းကလပ်သည် အလွန်ဆို၊ ကာကာ၊ စီရိုနယ်ဒိုနှင့် ဘင်ဇီမာတို့ကို ဝယ်ယူခဲ့ရာ ပေါင်၂၂၆သန်းသုံးစွဲခဲ့သည်။ ရီးရဲမက်ဒရစ်၏ ယခင်နှစ်အကြွေးမှာ ပေါင်သန်း ၁၀၀ ခန့်ရှိသည်။ ယင်းဘတ်ဂျက်မှာ ပြိုင်ဘက်ဘာစီလိုနာထက် ပေါင်သန်း၂၀ ပိုသည်။ ဘာစီလိုနာ၏ဘတ်ဂျက်မှာ ပေါင် ၃၆၁သန်းရှိသည်။ (အင်တာနက်)

ဘာလင်မာရသွန် ချန်ပီယံဆု အီသီယိုးပီးယား အပြေးသမား လေးကြိမ်မြောက်ဗိုလ်စွဲ

ဘာလင် စက်တင်ဘာ ၂၁

အီသီယိုးပီးယားအပြေးချန်ပီယံ ဂျီဘာဆယ်လက်စ်ဆီးသည် ဘာလင်မာရသွန်ပြိုင်ပွဲတွင် စတုတ္ထအကြိမ်မြောက် အနိုင်ရဗိုလ်စွဲခဲ့သည်။ သို့သော် သူသည်ယခင်နှစ်က တင်ထားသည့်စံချိန်ကို မကျော်နိုင်ခဲ့ပေ။

ပန်းဝင်ခဲ့

ဂျီဘာဆယ်လက်စ်ဆီးသည် အဆိုပါပြိုင်ပွဲတွင် စံချိန် ၂နာရီ ၆မိနစ် ၈စက္ကန့်ဖြင့် ပန်းဝင်ခဲ့သည်။ ၎င်းသည် ပြီးခဲ့သည့်နှစ်က ၂နာရီ ၄မိနစ်အောက် ပန်းဝင်ခဲ့သည့် ပထမဆုံး ဘာလင်မာရသွန်ချန်ပီယံဖြစ်ခဲ့သည်။

ယင်းမာရသွန်ပြိုင်ပွဲတွင် ကင်ညာမှ ဖရန့်စစ်ကီပရော့(ပ်)က စံချိန် ၂နာရီ ၇မိနစ် ၄စက္ကန့်ဖြင့် ဒုတိယပန်းဝင်ပြီး တစ်နိုင်ငံတည်းသား နီဂါရီတာဖာက စံချိန် ၂နာရီ၊ ၇မိနစ်၊ ၄၁စက္ကန့်နှင့် တတိယပန်းဝင်ခဲ့သည်။ (အင်တာနက်)

တစ်ကျော့ပြန်မေဝဲသား မားကွက်ဇ်အား အလဲထိုး

လက်စ်ဗီးဂတ်စ် စက်တင်ဘာ ၂၁

အမေရိကန် လက်ဝှေ့သမား ဖလွိုက် မေဝဲသားနှင့် မက္ကဆီကို လက်ဝှေ့သမား ဂျူအန်မာနျူရယ် မားကွက်ဇ်တို့သည် လက်စ်ဗီးဂတ်စ်မြို့၌ ယှဉ်ပြိုင်ထိုးသတ်ခဲ့ကြရာ မေဝဲသားက အမှတ်ဖြင့်နိုင်ခဲ့သည်။

စိုးမိုးထား

မေဝဲသားသည် ၂၁လကြာ လက်ဝှေ့လောကမှ အနားယူခဲ့ပြီးနောက် တစ်ကျော့ပြန် ကြိုးဝိုင်းအတွင်းသို့ ဝင်ရောက်လာခဲ့ပြီးနောက် ပထမဆုံးအကြိမ် အနိုင်ရလိုက်ခြင်းဖြစ်သည်။ သူသည် ၂၀၀၇ခုနှစ်က ရစ်ကီးဟတ်တန်အား ထိုးသတ်အနိုင်ယူခဲ့ပြီးနောက် လက်ဝှေ့ထိုးသတ်ခြင်းမှ အနားယူခဲ့ခြင်း ဖြစ်သည်။ ကမ္ဘာ့ဝိတ်တန်း သုံးမျိုးတွင် ငါးကြိမ်တိုင် စိုးမိုးထားသူလည်း ဖြစ်သည်။

မေဝဲသားက ဒုတိယအချီတွင် ကြမ်းပြင်သို့ အလဲထိုးချနိုင်ခဲ့သည်။ ၎င်းတို့သည် ၁၂ချီထိုးသတ်ခဲ့ကြရာ နောက်ဆုံးပွဲအပြီး မေဝဲသားအား ဒိုင်လူကြီးများက ၁၁၈-၁၀၉၊ ၁၂၀-၁၀၇နှင့်၁၁၉-၁၀၈ မှတ်ဖြင့် အနိုင်ပေးလိုက်သည်။ (အင်တာနက်)

လေးကြိမ်မြောက် ဒေးဗစ်ဖလားတင်းနစ်ပြိုင်ပွဲ စပိန်အသင်းဆွတ်ခူးရန် ချိန်ရွယ်

မက်ဒရစ် စက်တင်ဘာ ၂၁

ဒေးဗစ်ဖလားလက်ရှိချန်ပီယံ စပိန်အသင်းသည် ၂၀၀၉ခုနှစ် ဒေးဗစ်ဖလားတင်းနစ်ဗိုလ်လုပွဲတွင် ချက်အသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

အနိုင်ရထား

အကြိုဗိုလ်လုပွဲတွင် စပိန်အသင်းက အစ္စရေးကို အနိုင်ကစားခဲ့ခြင်းဖြစ်သည်။ ပိုလန်နိုင်ငံ မာစီယာမြို့၌ ကျင်းပသော ယင်းအကြိုဗိုလ်လုပွဲတွင် ကမ္ဘာ့နံပါတ်နှစ်အဆင့်ရှိ ရာဖေးလ်နာဒယ်ပါဝင်ကစားပေးခဲ့သည်။ ဗိုလ်လုပွဲကို ဒီဇင်ဘာ ၄ရက်မှ ၆ရက်အထိ စပိန်နိုင်ငံ၌ လက်ခံကျင်းပမည်ဖြစ်သည်။ စပိန်အသင်းသည် ဒေးဗစ်ဖလားပြိုင်ပွဲတွင် (၁၇)ကြိမ်ဆက်တိုက် အနိုင်ရထားသည့်အသင်းဖြစ်သည်။ စပိန်တင်းနစ်အသင်းသည် ဗိုလ်လုပွဲတွင် အနိုင်ရဗိုလ်စွဲပါက လေးကြိမ်မြောက်အဖြစ် ဆွတ်ခူးနိုင်မည်ဖြစ်သည်။ (အင်တာနက်)

အားကစားသတင်း အတိုအထွာများ

အာကာဟိန်း စုစည်းတင်ပြသည်

ဘရာဇီးအသင်းအား နည်းပြအဖြစ် စကိုလာရီ တာဝန်ယူမည်ပြောကြား

လာမည့် ၂၀၁၄ခုနှစ် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ၌ ဘရာဇီးလက်ရွေးစင်အသင်း၏ နည်းပြအဖြစ် ပြန်လည်တာဝန်ယူလိုကြောင်း နည်းပြဟောင်း စကိုလာရီက စက်တင်ဘာ ၂၁ရက်တွင် ထုတ်ဖော်ပြောကြားလိုက်သည်။

ဥရောပဘတ်စကက်ဘောပြိုင်ပွဲ ပြင်သစ်အသင်းအနိုင်ရရှိ

ပိုလန်နိုင်ငံ ဝါဆောမြို့၌ စက်တင်ဘာ ၂၁ရက်က ကျင်းပသော ဥရောပဘတ်စကက်ဘောချန်ပီယံရှစ်ပြိုင်ပွဲတွင် ပြင်သစ်က ခရိုအေးရှားအသင်းကို ၆၉-၆၂ ဖြင့် အနိုင်ရရှိသွားသည်။

လက်ရှိချန်ပီယံ မန်ယူအတွက် အကောင်းဆုံး စွမ်းဆောင်ပေးမည်ဟု အိုဝင်ပြောကြား

မန်ယူက မန်စီးတီးကို လေးဂိုး-သုံးဂိုးဖြင့် အနိုင်ရခဲ့သောပွဲ၌ အနိုင်ဂိုးသွင်းယူခဲ့သော အိုဝင်က မန်ယူအသင်း ပရီမီယာလိဂ်ဖလား ကာကွယ်နိုင်ရေးအတွက် မိမိ အကောင်းဆုံး စွမ်းဆောင်ပေးသွားမည်ဖြစ်ကြောင်း ဖွင့်ဟပြောကြားသည်။

ဥရောပချန်ပီယံ စားပွဲတင်တင်းနစ်ပြိုင်ပွဲ ဩစတြီးယားမှ အက်ရှလာဂါအနိုင်ရ

ဂျာမနီနိုင်ငံ စတုဂတ်မြို့တွင် စက်တင်ဘာ ၂၁ရက်က ကျင်းပသော ဥရောပချန်ပီယံ စားပွဲတင်တင်းနစ်ပြိုင်ပွဲ အမျိုးသားတစ်ဦးချင်းပြိုင်ပွဲ၌ ဩစတြီးယားမှ ဝါနာအက်ရှလာဂါက ဒိန်းမတ်မှ မိုက်ကယ်မာစီအား အနိုင်ရရှိခဲ့သည်။

မန်စီးတီးနောက်ခံလူဟောင်း မိုက်ကယ်ဘဲလ် ပို့စ်မောက်က စာချုပ်ချုပ်ဆိုမည်

ပို့စ်မောက်အသင်းက မန်စီးတီးနောက်ခံကစားသမားဟောင်း မိုက်ကယ်ဘဲလ်အား စာချုပ်ချုပ်ဆို ခေါ်ယူမည်ဖြစ်ကြောင်း ပို့စ်မောက်ကလပ်က စက်တင်ဘာ ၂၁ရက် ၌ သတင်းထုတ်ပြန်သည်။

ဖာဘရီပင်ဘရီတေးအား ရှက်ဖ်ဖီးခေါ်ယူမည်

ပြင်သစ်ကွင်းလယ်ကစားသမား ဖာဘရီပင်ဘရီတေးအား ရှက်ဖ်ဖီးယူနိုက်တက်ကခေါ်ယူရန် ဆွေးနွေးမှုများ စတင်ပြုလုပ်နေပြီဖြစ်ကြောင်း ယင်းကလပ်က စက်တင်ဘာ ၂၁ရက်တွင် သတင်းထုတ်ပြန်သည်။

ချယ်လ်ဆီး ပရီမီယာလိဂ်ဖလားဆွတ်ခူးနိုင်ရေး ဂိုးများများသွင်းပေးမည်ဟု နောက်ခံလူ အက်ရှ်လေကိုးပြောကြား

ချယ်လ်ဆီးအသင်း ပရီမီယာလိဂ်ဖလားရယူနိုင်ရေးတွင် မိမိသွင်းဂိုးများဖြင့် အထောက်အကူပြုပေးသွားမည်ဖြစ်ကြောင်း နောက်ခံလူ အက်ရှ်လေကိုးက စက်တင်ဘာ ၂၁ရက်၌ ထုတ်ဖော်ပြောကြားသည်။

အနယ်လ်ကာနှင့် ဂျိုကိုးလ်တို့အား ချယ်လ်ဆီး နှစ်ရှည်စာချုပ်သွားမည်

လန်ဒန် စက်တင်ဘာ ၂၁

ဂျိုကိုးလ်နှင့် တိုက်စစ်မှူးအနယ်လ်ကာတို့အား ချယ်လ်ဆီးအသင်း ကစားသမားအသစ်များခေါ်ယူမှု ပိတ်ပင်ထားခြင်းခံရသည့် ၁၈လတာ ကာလအတွင်း ချယ်လ်ဆီးအသင်းကို ဆက်လက်အောင်မြင်မှုများရရှိစေရန် စွမ်းဆောင်ပေးနေမှုကြောင့် ယင်းတို့နှစ်ဦးအား နှစ်ရှည်စာချုပ်သွားမည်ဖြစ်ကြောင်း အန်ချယ်လော့တီက ပြောကြားသည်။

နှစ်ရှည်စာချုပ်မည်

ချယ်လ်ဆီးက ပြီးခဲ့သည့် နွေရာသီကာလအတွင်း ဒရော့ဘာ၊ အက်ရှ်လေကိုးနှင့် ဂျွန်တယ်ရီတို့အား နှစ်ရှည်စာချုပ်ထားပြီးဖြစ်သည်။ အနယ်လ်ကာနှင့် ဂျိုကိုးလ်တို့ကိုလည်း နှစ်ရှည်စာချုပ်မည်ဟုဆိုသည်။ (အင်တာနက်)

အမျိုးသားတံခွန်စိုက်နှင့် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲအတွက် လူရွေးချယ်သည့် လက်ဝှေ့ပြိုင်ပွဲ ကျင်းပပြီးစီး

ထက်အောင်နှင့် နှင်းမို့မို့နိုင်တို့ အကောင်းဆုံး လက်ဝှေ့သမားဆု ဆွတ်ခူး

ရန်ကုန် စက်တင်ဘာ ၂၁

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ အားကစားဝန်ကြီးဌာန မြန်မာနိုင်ငံ လက်ဝှေ့အဖွဲ့ချုပ်က ကြီးမှူးကျင်းပသော ၂၀၀၉ခုနှစ် အမျိုးသားတံခွန်စိုက် လက်ဝှေ့ ပြိုင်ပွဲနှင့် (၂၅)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲအတွက် နောက်ဆုံးလူရွေးပွဲ ဗိုလ်လုပွဲများကို ယနေ့ ညနေ ၃နာရီက အောင်ဆန်းအားကစားပြိုင်ဝင်းရှိ မိုးလုံလေလုံပြိုင်ပွဲရုံ၌ ပွဲစဉ်ပေါင်း ၁၁ပွဲဖြင့် ကျင်းပသည်။

၄၈ ကီလိုတန်း

အမျိုးသမီး ၄၈ကီလိုတန်းတွင် ကြူကြူသင်း(လယ်ယာ/ဆည်မြောင်း)က နန်းသက်ထားစံ(အား/ကာ သိပ္ပံ-ရန်ကုန်)ကို အမှတ် ၂၄-၁၀ဖြင့်၊ ၅၄ကီလိုတန်းတွင် နှင်းမို့မို့နိုင်(အား/ကာ သိပ္ပံ-မန္တလေး)က နယ်လီ(အား/ကာ သိပ္ပံ-မန္တလေး)ကို အမှတ် ၁၉-၉ဖြင့် အနိုင်ရရှိသွားကြသည်။

ပင်းဝိတ်တန်း

အမျိုးသား ပင်းဝိတ်တန်းတွင် ထက်ပိုင်ဝင်း(ပြည်ထဲရေး)က ရန်မျိုးအောင် (ပြည်ထဲရေး)ကို အမှတ် ၁၆-၈ဖြင့်၊ လိုက်ဖလိုင်းဝိတ်တန်းတွင် ထက်အောင်(အား/ကာသိပ္ပံ) ရန်ကုန်က ဝေဖြိုးထွန်း(ပြည်ထဲရေး)ကို အမှတ် ၁၄-၃ဖြင့်၊ ဖလိုင်းဝိတ်တန်းတွင် ကျော်စွာမြင့်(ပြည်ထဲရေး)က မောင်ငယ် (ကာကွယ်ရေး)ကို အမှတ် ၂၂-၁၃ဖြင့်၊ ဘင်တန်ဝိတ်တန်းတွင် ကျော်ကျော်လတ် (မြို့တော်စည်ပင်)က လင်းချိုဟိန်း (ပြည်ထဲရေး)ကို ပထမအချီတွင် ဒိုင်ပွဲရပ်ဖြင့်၊ ဖယ်သာဝိတ်တန်းတွင် ရန်နောင်စိုး(လယ်ယာ/ဆည်မြောင်း)က ကျော်ကျော်လတ်(မြို့တော်စည်ပင်)ကို အမှတ်(၁၄-၃)ဖြင့်၊ လိုက်ဝိတ်တန်းတွင် ပြည့်ဖြိုးဟိန်း (လယ်ယာ/ဆည်မြောင်း)က ဝေလင်းအောင် (ကာကွယ်ရေး)ကို အမှတ်(၂၁-၅) ဖြင့်၊ လိုက်ဝယ်လ်တာ ဝိတ်တန်းတွင် မျိုးမင်းလတ်(ကာကွယ်ရေး)က နေလင်းအောင် (ပြည်ထဲရေး)ကို အမှတ်(၉-၂)ဖြင့်၊ ဝယ်လ်တာဝိတ်တန်းတွင် အောင်သူရ (မြို့တော်စည်ပင်)က အောင်ကိုအေး (ကာကွယ်ရေး)ကို အမှတ် (၁၀-၅)ဖြင့် မစ်ဒယ်ဝိတ်တန်းတွင် အောင်ကိုကို (ပြည်ထဲရေး)က ဝင်းဌေး (ကာကွယ်ရေး)ကို ဒုတိယအချီတွင် အလဲထိုးဖြင့် အသီးသီးအနိုင်ရရှိကြသည်။

ချီးမြှင့်

အမျိုးသမီးအကောင်းဆုံး လက်ဝှေ့သမားဆုကို နှင်းမို့မို့နိုင်(အား/ကာသိပ္ပံ-မန္တလေး)ကရရှိပြီး၊ အမျိုးသားအကောင်းဆုံးလက်ဝှေ့သမားဆုကို လိုက်ဖလိုင်းဝိတ်တန်းမှ ထက်အောင်(ကာကွယ်ရေး)က ရရှိသည်။ အကောင်းဆုံးဆုများကို မြန်မာနိုင်ငံ လက်ဝှေ့အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးမြင့်စိုး **(အပေါ်ဝဲပုံ)**က ချီးမြှင့်ပေးပြီး ကျန်ဆုများကို အတွင်းရေးမှူး ဦးနေဇော်နှင့်တာဝန်ရှိသူများက ချီးမြှင့်ပေးအပ်ကြသည်။ **(မြန်မာ့အလင်း)**

စာရေးဆရာ ကမ္ဘောဇခင်လှိုင်၏ မနားရသော သမားတစ်ဦး၏ ဘဝခရီး စာအုပ်ထုတ်ဝေဖြန့်ချိ

ရန်ကုန် စက်တင်ဘာ ၂၁

ကမ္ဘောဇခင်လှိုင်၏ မနားရသော သမားတစ်ဦး၏ ဘဝခရီး စာအုပ်ကို ထုတ်ဝေဖြန့်ချိလိုက်ပြီ ဖြစ်သည်။ **(ယာပုံ)**

ရှမ်းပြည်နယ်တွင် မွေးဖွားကြီးပြင်းပြီး ဒေသခံတိုင်းရင်းသားများ၏ ကျန်းမာရေး၊ လူမှုရေး၊ ပညာရေးလုပ်ငန်းများကို စေတနာ မေတ္တာထားကာ တစိုက်မတ်မတ် ဆောင်ရွက်ခဲ့သော စာရေးဆရာ၊ လားရှိုးဆေးရုံအုပ်(အငြိမ်းစား) ခွဲစိတ်ကု ဆရာဝန်ကြီး ကိုယ်တိုင် မှတ်တမ်းတင်ရေးသားထားသော စာအုပ်ကောင်းတစ်အုပ် ဖြစ်သည်။

မှတ်တမ်းတင်

စာရေးသူ ဖြတ်သန်းခဲ့သော ဆေးပညာလေ့လာမှုခရီးတွင် ပညာဒါန လက်တွေ့ပြခဲ့ကြသည့် ပြည်တွင်းပြည်ပ ဆရာကြီးများနှင့်အတူ ဆေးပညာရပ်ကို သင်ယူခဲ့ကြသည့် မိတ်ဆွေရောင်းရင်းများ၏ ရုပ်ပုံလွှာများကို တသအောက်မေ့ မှတ်တမ်းတင်ထားသည်။

အတွေ့အကြုံ

ဆေးပညာ ဗဟုသုတရှာမှီးလိုသူများ၊ ဆက်လက် သင်ယူလိုက်စားကြမည့် မျိုးဆက်သစ်များအတွက် ဗဟုသုတပေးရာရောက်သည့်အပြင် ရောဂါကိုစွခရီးသွားဟန်လွဲ ပညာပေးရာ၌ ရောဂါတစ်ခုချင်း၏ အမည်ခေါင်းစဉ်တပ်၍ ရေးသားထားသကဲ့သို့ ထိမိလှသည်ဖြစ်ရာ အတွေ့အကြုံရယူလိုသူများအတွက် လကစွဲဆောင်ထားရမည့် စာအုပ်ကောင်း တစ်အုပ်ဖြစ်သည်။

ဖြန့်ချိ

ယင်းစာအုပ်ကို မျိုးဆက်သစ်စာပေ ဖြန့်ချိရေး အမှတ် ၁၈၂၊ ၂၀၂၊ အခန်း-၃၂ (ပထမထပ်) ၃၄လမ်း (အပေါ်ဘလောက်) ရန်ကုန်မြို့ ဖုန်း-၃၇၇၃၆၉ မှ ဖြန့်ချိလိုက်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

သွယ်လျလှပ အဆီကျစေသည့် Lobese ဆေးဝါး Zifam Pinnacle Pty Ltd. မှတင်သွင်းဖြန့်ချိ

ရန်ကုန် စက်တင်ဘာ ၂၁

ကိုယ်အလေးချိန် ရှိသင့်သည်ထက်မပိုစေရန် နေ့စဉ်ကိုယ်လက်လှုပ်ရှားမှု လေ့ကျင့်ခန်းများ ပုံမှန်လုပ်ခြင်းဖြင့် ကိုယ်အလေးချိန်လျှော့ချရန်သာမက ခန္ဓာကိုယ် ကျန်းမာရေးအတွက်ပါ အထောက်အကူပြုစေသည်။ အဝလွန်ခြင်းသည် ကယ်လိုရီစားသုံးခြင်းနှင့် ကိုယ်ခန္ဓာမှ ကယ်လိုရီသုံးစွဲခြင်း အချိုးမညီမှုကြောင့် ခန္ဓာကိုယ်အတွင်း အဆီဖြစ်ပေါ်စေပြီး အဝလွန်ခြင်း ဖြစ်ပေါ်လာရသည်။

ယခုအခါ အစားအစာများကို ပုံမှန်ထက် လျှော့စားရန်မလိုဘဲ ကိုယ်အလေးချိန်ကျစေမည့် Lobese Carbohydrate Blocker ဆေးဝါးကို Australia နိုင်ငံမှ ထုတ်လုပ်လျက်ရှိသည်။ Lobese ဆေးဝါးသည် သဘာဝပစ္စည်းဖြစ်ပြီး White Kidney Bean ခေါ်သည့် ပဲတစ်မျိုးမှ သန့်စင်ထားသည့် Phascolus Vulgaris 500-mg ပါဝင်သည်။ နိုင်ငံတကာတွင် Kidney Bean ကို ကျန်းမာရေးအတွက် အကောင်းဆုံးအစာ (World's Healthiest Food) အဖြစ် စံပြုထားသည်။

တားဆီးပေး

Lobese သည် အစားစားချင်စိတ်လျော့ကျ၍ ခံတွင်းပျက်အောင်လုပ်ဆောင်ခြင်းမရှိ၊ စားသုံးသည့်အစာတွင် ပါရှိသည့် Carbohydrate များကို ခန္ဓာကိုယ်ထဲမှ စုပ်ယူမှုနည်းအောင် တားဆီးပေးခြင်းဖြစ်သည်။ Lobese သောက်သုံးပြီး ကယ်လိုရီ ၃၀၀ ပါဝင်သည့် ထမင်းတစ်ပန်းကန်စားသုံးသည့်အခါ ကယ်လိုရီ ၅၀သာရရှိမည်ဖြစ်သည်။ အစားအစာများကို ပုံမှန်ထက်လျှော့စားရန်မလိုဘဲ ကိုယ်အလေးချိန်ကျဆင်းအောင် Lobese က ဆောင်ရွက်ပေးခြင်းဖြစ်သည်။ Lobese သောက်သုံးခြင်းကြောင့် သုတေသနပြုလုပ်တွေ့ရှိချက်အရ တစ်လလျှင် ကိုယ်အလေးချိန် ခြောက်ပေါင်မှ ခုနစ်ပေါင်ခန့်အထိ ကျဆင်းသည်ကိုတွေ့ရှိရသည်။ အစာမစားမီ ၁၅ မိနစ်ခန့်အလိုတွင် Lobese တစ်လုံး (သို့မဟုတ်) နှစ်လုံးကို တစ်နေ့ နှစ်ကြိမ်သောက်သုံးနိုင်ပြီး ရေရှည်တွင် ဘေးထွက်ဆိုးကျိုးမရှိကြောင်း သိရှိရသည်။

ဖြန့်ချိ

ဩစတြေးလျနိုင်ငံထုတ် Lobese ကို Zifam Pinnacle Pty Ltd. ရန်ကုန်မြို့ ဗဟန်းမြို့နယ် ရွှေဂုံတိုင်လမ်း ဒဂုံတာဝါ အခန်းအမှတ် (၁၀၃) ဖုန်း-၅၅၈၂၄၈ နှင့် ၅၄၄၄၆၇၊ E-mail: Zifamltd @ mpt mail.net.mm.www.Zifampinnacle.com.က တင်သွင်းဖြန့်ချိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကဗျာဆရာ ညွှန့်ဝေ(ကသာ)၏ လည်ပြန်အင်္ကျီ ကဗျာစာအုပ်ထုတ်ဝေ

ရန်ကုန် စက်တင်ဘာ ၂၁

အမျိုးသားစာပေဆုရ ကဗျာဆရာကြီး ညွှန့်ဝေ(ကသာ)၏ကဗျာ ၉၅ပုဒ်ကို Eleven Media Group မှ စုစည်း၍ **'လည်ပြန်အင်္ကျီ'** အမည်ဖြင့် ထုတ်ဝေဖြန့်ချိထားသည်။ **(အပေါ်ပုံ)** ဤကဗျာ စာအုပ်တွင် ကဗ္ဗာကိုးရပ်ပါဝင်ပြီး ဘဝ၊ ဒဿန၊ စာပေနှင့် လူ့စရိုက်သဘာဝတို့ကို စုံလင်စွာ ဖွဲ့ဆိုတင်ဆက်ထားသည်။ မှတ်သုံကို နှုတ်ဆက်၊ ဆောင်းဦးရာသီကို ကြိုဆိုသောအားဖြင့် ထုတ်ဝေသော ယခုစာအုပ်ကို ကျောက်တံတားမြို့နယ် ၃၃လမ်း ဂုဏ်ထူးစာပေက တစ်ပြည်လုံးသို့ ဖြန့်ချိထားကြောင်း သိရသည်။ **(သတင်းစဉ်)**

မှတ်သားဖွယ်ရာမိုးရေချိန်

၂၁-၉-၂၀၀၉

နေပြည်တော်	၀ ဒသမ	၃၁ လက်မ
နောင်ချို	၂ ဒသမ	၀၁ လက်မ
တောင်ငူ	၁ ဒသမ	၈၁ လက်မ
သံတောင်ကြီး	၁ ဒသမ	၆၉ လက်မ
မိုးကုတ်	၁ ဒသမ	၆၆ လက်မ
ခန္တီး	၁ ဒသမ	၆၁ လက်မ
ဟားခါး	၁ ဒသမ	၃၈ လက်မ
ပူတာအို	၁ ဒသမ	၁၁ လက်မ
မကွေး	၀ ဒသမ	၃၆ လက်မ

တစ်ချက်တည်းကျင်းဝင်ခဲ့

ရေး စက်တင်ဘာ ၂၁

ရေးမြို့နယ် အဏ္ဏဝါဂေါက်ကွင်းတွင် စက်တင်ဘာ ၁၂ရက်က ဦးဆာလူး(ခ) ဦးမြင့်လွင်သည် ကစားဖော်များဖြစ်သည့် ဒုတိယဗိုလ်မှူးကြီး ရန်လင်းနိုင်၊ ဦးဝင်းကြည် (မြို့နယ်ငါးလုပ်ငန်းဦးစီးမှူး)၊ ဦးသိန်းဇံ၊ ဦးဝင်းညွန့်နှင့်အတူ ဂေါက်သီးရိုက်ကစားစဉ် ပရိုဗ်ဝမ်းနံပါတ်(၂)ဘောလုံးကို ပစ်ချင်းဝတ်ရာမာတို အမျိုးအစားသံတုတ်ဖြင့် တီခုံပေါ်မှ ရိုက်လိုက်ရာ ကိုက် ၁၂၀ အကွာအဝေးရှိ ကျင်းနံပါတ်-၆ (Green)သို့ တစ်ချက်တည်းဖြင့် ကျင်းဝင်သွားခဲ့ကြောင်း သတင်းရရှိသည်။ **(မြို့နယ် ပြန်/ဆက်)**

ဆေးတက္ကသိုလ်မန္တလေး(၁၉၈၀-၈၅)ကျောင်းသူ ကျောင်းသားများ

ငွေရတုအထိမ်းအမှတ် ဆရာကန်တော့ပွဲကျင်းပမည်

ရန်ကုန် စက်တင်ဘာ ၂၁

ဆေးတက္ကသိုလ်မန္တလေး၌ ၁၉၈၀ပြည့်နှစ်တွင် တက်ရောက်ခဲ့ပြီး ၁၉၈၅ခုနှစ်တွင် ဆရာဝန်ဖြစ်ခဲ့သော ကျောင်းသူ ကျောင်းသားများ (၂၅)နှစ်မြောက်ငွေရတုအထိမ်းအမှတ် ဆရာကန်တော့ပွဲကို ၂၀၁၀ပြည့်နှစ် ဇန်နဝါရီ ၁ရက်နှင့် ၂ရက်တို့တွင် မန္တလေး၌ ကျင်းပမည် ဖြစ်သည်။

ဆရာကြီး ဆရာမကြီးများအား ကိုယ်တိုင်ပါဝင်ကန်တော့ရင်း အနယ်နယ်အရပ်ရပ်ရှိ သူငယ်ချင်းအားလုံး ပြန်လည်ဆုံတွေ့ကြမည်ဖြစ်ရာ သူငယ်ချင်းအားလုံး စုံစုံညီညီတက်ရောက်နိုင်ရေး၊ ပျော်ရွှင်စွာကျင်းပနိုင်ရေးအတွက် မိမိတို့၏မိသားစုဓာတ်ပုံ၊ လက်ရှိနေရပ်လိပ်စာများအပြင် အကြံဉာဏ်များကို ဒေါက်တာမျိုးလွင် ဖုန်း-၀၉-၅၀-၀၈၉၀၂၊ ဒေါက်တာအောင်သိန်းအေး ဖုန်း-၀၉-၂၀-၁၀၂၄၀၊ ဒေါက်တာခင်မောင်မြင့် ဖုန်း-၀၉-၈၀-၃၄၀၄၆၊ ဒေါက်တာခင်လေးမော် ဖုန်း-၀၉-၅၀-၀၀၃၅၆၊ ဒေါက်တာလှဲလှဲဝင်း ဖုန်း-၀၁-၂၂၀၄၃၄၊ ဒေါက်တာတင်တင်ချို ဖုန်း-၀၉-၅၀-၀၁၈၄၅၊ ဒေါက်တာပြုံးပြုံးသန်း ဖုန်း-၀၉-၂၀-၀၁၈၄၅၊ ဒေါက်တာနန်းခင်မြ ဖုန်း-၀၉-၅၂-၆၀၂၇၁၊ ဒေါက်တာမာမာလွင် ဖုန်း-၀၉-၂၀-၀၂၇၅၀၊ ဒေါက်တာဝင်းသန့် ဖုန်း-၀၉-၆၈-၀၁၃၅၀၊ ဒေါက်တာမောင်မောင်ထွေး ဖုန်း-၀၉-၆၉-၇၁၁၂၀၊ ဒေါက်တာ မောင်မောင်ခိုင် ဖုန်း-၀၉-၂၀-၀၃၉၆၉တို့သို့ ဆက်သွယ်ပေးပို့နိုင်ကြောင်းသိရသည်။ *(သတင်းစဉ်)*

မြန်မာ့ရုပ်မြင်သံကြား

၂၂-၉-၂၀၀၉ ရက် (အင်္ဂါနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇:၁၅ ၂။ **အင်္ဂုဇယမင်္ဂလာ** (ယဉ်ဝေယံထွန်း၊ တေးရေး-ဂီတစာဆိုမျိုးနွယ်ဆွေ)
- ၇:၂၅ ၃။ ကျန်းမာဖို့အတူကစားစို့
- ၇:၃၀ ၄။ နံနက်ခင်းသတင်း
- ၇:၄၀ ၅။ သံသာချိုအေးမင်္ဂလာတေး
- ၇:၅၀ ၆။ အကပြိုင်ပွဲ
- ၈:၀၀ ၇။ နှောင်းခေတ်တေးပဒေသာ
- ၈:၁၀ ၈။ နိုင်ငံ့စီးပွားအလေးထား ကျေးလက်ထုတ်ကုန်များ
- ၈:၂၅ ၉။ **၂၀၀၉ ခုနှစ် (၁၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ပြိုင်ပွဲဝင်များလေ့လာနိုင်ကြရန် (ခေတ်အကြိုက်တေး) [ဝါသနာရှင်(ဒုတိယတန်း) အဆင့်] (အမျိုးသမီး)**
- ၈:၄၀ ၁၀။ International News
- ၈:၄၅ ၁၁။ **ကျွမ်းတိုင်း မကြမ်းနဲ့**
- ၉:၀၀ ၁၂။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄:၀၀ ၁။ Myanmar National League MNL (2009) ဘောလုံးပြိုင်ပွဲ ထုတ်လွှင့်မှုအစီအစဉ် (ဥဿာယူနိုက်တက် F.Cနှင့် ရတနာပုံF.C)
- ၄:၅၀ ၂။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ ဒုတိယနှစ် (အင်္ဂလိပ်စာထူးပြု) (အင်္ဂလိပ်စာ)
- ၅:၀၅ ၃။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
- ၅:၁၅ ၄။ ကြေးမုံရိပ်သွင်တေးနုယဉ်
- ၅:၂၅ ၅။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
- ၅:၃၅ ၆။ ရင်မှာစွဲထင်တေးအလှသံစဉ် (ခင်ဘုဏ်း)
- ၅:၄၅ ၇။ **၂၀၀၉ ခုနှစ် (၁၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ပြိုင်ပွဲဝင်များလေ့လာနိုင်ကြရန် (ခေတ်အကြိုက်တေး) [ဝါသနာရှင်(ဒုတိယတန်း) အဆင့်] (အမျိုးသမီး)**
- ၆:၀၀ ၈။ ညနေခင်းသတင်း
- ၆:၀၅ ၉။ မိုးလေဝသအခြေအနေ
- ၆:၂၀ ၁၀။ ကြယ်ပွင့်များရဲ့ရင်ခုန်သံ
- ၆:၄၀ ၁၁။ ဆိုလိုက်ကြစို့
- ၇:၀၀ ၁၂။ နိုင်ငံခြားဇာတ်လမ်းတွဲ **တစ်ရေးနိုးဖူးစာ** (အပိုင်း-၁၈)
- ၈:၀၀ ၁၃။ ပြည်တွင်းသတင်း
- ၁၄။ နိုင်ငံတကာသတင်းများ
- ၁၅။ မိုးလေဝသအခြေအနေ
- ၁၆။ နိုင်ငံခြားဇာတ်လမ်းတွဲ **မေ့မေတ္တာ** (အပိုင်း-၃၁)
- ၁၇။ အစီအစဉ်ပြီး၏။

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၉)၊ မြေကွက်အမှတ် ၃၄၉၊ မြေကွက်တည်နေရာ အမှတ်(၃၄၉)၊၉ရပ်ကွက်၊ တောင်ဥက္ကလာပ၊ ဒေါ်အေးမေ အမည်ပေါက် နှစ် (၆၀) ဂရန်မြေအား အမည်ပေါက် မိခင် ဒေါ်အေးမေနှင့် ဖခင် ဦးကျော်ခင် ကွယ်လွန်သဖြင့် ဒေါ်တင်တင်မြင့် ၁၂/ဥကတ(နိုင်)၀၂၅၃၈၁၊ ဒေါ်မြင့်မြင့်ကြည်၁၂/ဥကတ(နိုင်) ၀၃၀၄၀၃၊ ဒေါ်သန်းသန်းမြင့် ၁၂/ဥကတ (နိုင်) ၀၂၈၅၃၂၊ဒေါ်ဝင်းဝင်းမေ၁၂/ ဥကတ (နိုင်)၀၂၂၃၆၃၊ ဒေါ်မြသီတာမေ ၁၂/ ဥကတ(နိုင်) ၀၂၇၅၀၁တို့က သမီးများ တော်စပ်ကြောင်း ကျမ်းကျိမ်လွှာ တင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန်နှင့် အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်းကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ။

နီလာ အပြည်ပြည်ဆိုင်ရာ ခရီးသွားလာရေးလုပ်ငန်း မအေးအေးမော် ဦးစီးသော နီလာဗုဒ္ဓဂယာဘုရားဖူးအဖွဲ့

ဝါတွင်းကာလ ကုသိုလ်ပြု အထူးအစီအစဉ်

၁၁ ညအိပ် ၁၂ ရက်-ဗုဒ္ဓဂယာ-သံဝေဇနီယလေးဌာန(ဖွား-ပွင့်-ဟော-စံ) ကိုးသိန်း စရိတ်ငြိမ်း(အိန္ဒိယလေကြောင်းလိုင်း)
၁၀လပိုင်း (၅)၊ (၁၉)ရက်၊ (၁၁)လပိုင်း(၂)၊ (၁၆)၊ (၃၀)ရက်၊ (၁၂)လပိုင်း (၁၄)၊ (၂၈)ရက်၊ (၁)လပိုင်း (၁၁) (၂၅)ရက်၊ (၂)လပိုင်း(၈)(၂၂)ရက်၊(၃)လပိုင်း(၈)(၂၂)ရက်၊(၄)လပိုင်း(၅)၊(၁၉)ရက်တွင် ထွက်ခွာမည့် (၁၂)ရက်ခရီးစဉ်ကို (၁-၉-၂၀၀၉)ရက်မှ (၃၀-၉-၂၀၀၉)ရက်အတွင်း လာရောက်စာရင်းပေးသွင်းသူများအား နိုင်ငံကူးလက်မှတ်ရှိပြီးသူ တစ်ဦးလျှင် ကျပ်ငါးသောင်းတိတိနှင့် နိုင်ငံကူးလက်မှတ်မရှိသေးသူများကိုပြုလုပ်ပေးပြီး ကျပ်သုံးသောင်းတိတိ လျှော့ပေးမည်ဖြစ်ပါသည်။ ၁၆ဦး စုစည်းပြီး လာရောက် စာရင်းပေးသွင်းပါက တစ်ဦးကို အခမဲ့ ပို့ဆောင်ပေးမည်ဖြစ်ပါသည်။

၁၇ ညအိပ် ၁၈ ရက်-သံဝေဇနီယလေးဌာန-အဝိဇဟိတလေးဌာန-နယူးဒေလီ (3 Stars Hotel)-(တပ်ချုပ်မဟာ-ဝင်ကြေး)- ကိုလ်ကတ္တား ကျပ် ၁၀သိန်း၅သောင်း စရိတ်ငြိမ်း (အိန္ဒိယလေကြောင်းလိုင်း)

၂၀-၁၀-၂၀၀၉ရက်တွင် လိုက်ပါမည့် ဘုရားဖူးများအား တန်ဆောင်တိုင် မီးထွန်းပွဲတော်ကို မြေမြတ်မဟာ ဗုဒ္ဓဂယာတွင် ကျင်းပပေးပြီး ကံစမ်းမဲများလည်းထူးထူးခြားခြား ပြုလုပ်ပေးမည်ဖြစ်ပါသည်။ စားစရိတ်-တည်းခိုစရိတ်-Passport-Visa-Air Ticket-မိတ္တူ-စာရွက်စာတမ်းကြေးများ ပါဝင်ပြီးဖြစ်ပါသည်။ မည်သည့်အကြောင်းနှင့်မျှ ပြည်တွင်းပြည်ပတွင် ငွေကြေးထပ်မံကောက်ခံခြင်း မရှိကြောင်း အာမခံပါသည်။ မိမိကြိုက်နှစ်သက်သော ခရီးစဉ်နှင့် နေ့ရက်ကိုရွေးချယ်ပြီး စရန်ငွေ တစ်သိန်းသာပေးသွင်း၍ စာရင်းပေးသွင်းထားနိုင်ပါသည်။ **ခရီးစဉ်မလိုက်ဖြစ်ပါက စရန်ငွေ (လုံးဝ)မဆုံးရှုံးပါ။**

ထွက်ခွာမည့်ရက်-အောက်တိုဘာလတွင် ၂-၁၀-၂၀၀၉၊ ၉-၁၀-၂၀၀၉၊ ၁၆-၁၀-၂၀၀၉၊ ၂၃-၁၀-၂၀၀၉ရက်နှင့် ၃၀-၁၀-၂၀၀၉ရက် နိုဝင်ဘာလတွင် ၆-၁၁-၂၀၀၉၊ ၁၃-၁၁-၂၀၀၉၊ ၂၀-၁၁-၂၀၀၉၊ ၂၇-၁၁-၂၀၀၉ရက်။ ဒီဇင်ဘာလတွင် ၄-၁၂-၂၀၀၉၊ ၁၁-၁၂-၂၀၀၉၊ ၁၈-၁၂-၂၀၀၉ရက်နှင့် ၂၅-၁၂-၂၀၀၉ရက်။ ဇန်နဝါရီလတွင် ၈-၁-၂၀၁၀၊ ၁၅-၁-၂၀၁၀၊ ၂၂-၁-၂၀၁၀ရက်နှင့် ၂၉-၁-၂၀၁၀ရက်။ ဖေဖော်ဝါရီလတွင် ၅-၂-၂၀၁၀၊ ၁၂-၂-၂၀၁၀၊ ၁၉-၂-၂၀၁၀ရက်နှင့် ၂၆-၂-၂၀၁၀ရက်။ မတ်လတွင် ၅-၃-၂၀၁၀၊ ၁၂-၃-၂၀၁၀၊ ၁၉-၃-၂၀၁၀ရက်နှင့် ၂၆-၃-၂၀၁၀ရက်။ ဧပြီလတွင် ၂-၄-၂၀၁၀၊ ၉-၄-၂၀၁၀၊ ၁၆-၄-၂၀၁၀ရက်၊ ၂၃-၄-၂၀၁၀ရက်နှင့် ၃၀-၄-၂၀၁၀ရက်။

အမှတ် ၃၁၅၊ မြေညီထပ်၊ ရွှေဘုံသာလမ်း(အထက်)၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၁-၂၄၁၇၅၁၊ ၂၄၁၂၄၃၊ ၃၇၅၀၂၀၊ ၀၉-၉၉-၇၃၃၉၅၊ ၀၉-၈၆-၁၂၀၀၃။

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
မြန်မာ့စက်မှုလက်မှုဖွံ့ဖြိုးတိုးတက်ရေးကော်မတီ
ချိပ်ပိတ်တင်ဒါများခေါ်ယူခြင်း

၁။ မြန်မာ့စက်မှုလက်မှု ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၏ ခွင့်ပြုချက်ဖြင့် စက်မှုဇုန်ဂျစ်ကား၊ ဘတ်စ်ကားနှင့် ထရပ်ကားများ ထုတ်လုပ်နိုင်ရန် Reconditioned အင်ဂျင်နှင့်ဆက်စပ်ပစ္စည်းများကို ပြည်ပမှတင်သွင်း၍ စက်မှုဇုန်များအား မြန်မာကျပ်ငွေဖြင့် ရောင်းချပေးရေးဆိုင်ရာ အောက်ဖော်ပြပါတင်ဒါများအတွက် ချိပ်ပိတ်ဈေးနှုန်းလွှာများတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

စဉ်	တင်ဒါအမှတ်	တင်သွင်း/ရောင်းချပေးရန်စုံရေ
(က)	MIDC-01/2009 (MANDALAY)	မန္တလေးစက်မှုဇုန်အတွက် Reconditioned အင်ဂျင်နှင့် ဆက်စပ်ပစ္စည်းစုံရေ (၂၂၆၁)
(ခ)	MIDC-02/2009 (MONYWA)	မုံရွာစက်မှုဇုန်အတွက် Reconditioned အင်ဂျင်နှင့် ဆက်စပ်ပစ္စည်းစုံရေ (၈၉၇)
(ဂ)	MIDC-03/2009 (AYE THAR YAR)	တောင်ကြီး(အေးသာယာ)စက်မှုဇုန်အတွက် Reconditioned အင်ဂျင်နှင့် ဆက်စပ်ပစ္စည်းစုံရေ (၄၆၆)
(ဃ)	MIDC-04/2009 (MYIN CHAN & MEIKHTILA)	မြင်းခြံနှင့်မိတ္ထီလာစက်မှုဇုန်တို့အတွက် Reconditioned အင်ဂျင်နှင့် ဆက်စပ်ပစ္စည်းစုံရေ (၅၀၃)
(င)	MIDC-05/2009 (PAKOKKU, YENANGYA-UNG, KALAY & PYAY)	ပခုက္ကူ၊ ရေနံချောင်း၊ ကလေးနှင့် ပြည်စက်မှုဇုန်တို့အတွက် Reconditioned အင်ဂျင်နှင့် ဆက်စပ်ပစ္စည်းစုံရေ (၃၉၉)
(စ)	MIDC-06/2009 (MAWLAMYINE)	မော်လမြိုင်စက်မှုဇုန်အတွက် Reconditioned အင်ဂျင်နှင့် ဆက်စပ်ပစ္စည်းစုံရေ (၄၉၆)
(ဆ)	MIDC-07/2009 (MYAUNG MYA, HINTHADA, PATHEIN & MYEIK)	မြောင်းမြ၊ ဟင်္သာတ၊ ပုသိမ်နှင့် မြိတ်စက်မှုဇုန်တို့အတွက် Reconditioned အင်ဂျင်နှင့် ဆက်စပ်ပစ္စည်းစုံရေ (၄၃၆)
(ဇ)	MIDC-08/2009 (SHWE PYI THAR & HLAING THAR YAR)	ရွှေပြည်သာနှင့် လှိုင်သာယာစက်မှုဇုန်တို့အတွက် Reconditioned အင်ဂျင်နှင့် ဆက်စပ်ပစ္စည်းစုံရေ (၁၉၇၅)
(ဈ)	MIDC-09/2009 (SOUTH DAGON-1 & THARKETA)	တောင်ဒဂုံ(၁)နှင့် သာကေတစက်မှုဇုန်တို့အတွက် Reconditioned အင်ဂျင်နှင့် ဆက်စပ်ပစ္စည်းစုံရေ (၇၇၇)
(ည)	MIDC-10/2009 (SOUTH DAGON-2)	တောင်ဒဂုံ(၂)စက်မှုဇုန်အတွက် Reconditioned အင်ဂျင်နှင့် ဆက်စပ်ပစ္စည်းစုံရေ (၁၄၄၃)
(ဋ)	MIDC-11/2009 [DAGON (SEIKKAN)]	ဒဂုံ(ဆိပ်ကမ်း)စက်မှုဇုန်အတွက် Reconditioned အင်ဂျင်နှင့် ဆက်စပ်ပစ္စည်းစုံရေ (၁၇၄၉)
(ဌ)	MIDC-12/2009 [SOUTH DAGON & DAGON (EAST)]	တောင်ဒဂုံ(၃)နှင့် ဒဂုံ(အရှေ့)စက်မှုဇုန်တို့အတွက် Reconditioned အင်ဂျင်နှင့် ဆက်စပ်ပစ္စည်းစုံရေ (၉၁၇)
(ဍ)	MIDC-13/2009 [DAGON (NORTH)]	ဒဂုံ(မြောက်)စက်မှုဇုန်အတွက် Reconditioned အင်ဂျင်နှင့် ဆက်စပ်ပစ္စည်းစုံရေ (၇၉၉)
(ဎ)	MIDC-14/2009 (SOUTH OKKALAPA, NORTH OKKALAPA & SHWE PAUK KAN)	တောင်ဥက္ကလာပ၊ မြောက်ဥက္ကလာပနှင့် ရွှေပေါက်ကံစက်မှုဇုန်အတွက် Reconditioned အင်ဂျင်နှင့် ဆက်စပ်ပစ္စည်းစုံရေ (၆၆၆)

၂။ တင်ဒါပိတ်ရက်နှင့်အချိန် -၂၀၀၉ခုနှစ် အောက်တိုဘာ ၂၁ရက်၊ ၁၆း၀၀နာရီ

၃။ တင်ဒါပုံစံများကို ၂၀၀၉ခုနှစ် စက်တင်ဘာလ ၂၂ရက်မှစ၍ အောက်ပါဌာနတွင် ရုံးချိန်အတွင်း ဝယ်ယူနိုင်ပြီး အသေးစိတ်အချက်အလက်များကို သိရှိလိုပါက မေးမြန်းနိုင်ပါသည်။

မြန်မာ့စက်မှုလက်မှု ဖွံ့ဖြိုးတိုးတက်ရေးကော်မတီရုံးအဖွဲ့ အဆောက်အအုံအမှတ်(၃၇)၊ နေပြည်တော်၊ ဖုန်းအမှတ်-၀၆၇-၄၀၈၃၆၇။

မွေးနေ့ဆုတောင်း

ဖေဖေ၊ မေမေတို့ရဲ့ စက်တင်ဘာ မောင်နှမ၊ သမီးကြီး ဆုမွန်မောင်မောင်နှင့် သားငယ်လေး မိုးမြင့်မောင်မောင်တို့ ကျရောက်တဲ့ မွေးနေ့ရက် များမှာသည် နောင်နှစ်ပေါင်း ၁၀၀ကျော်တိုင်အောင် ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာ ပျော်ရွှင်မှု အပေါင်းနှင့် ပြည့်စုံပါစေ-

ချစ်ဖေဖေ - ဦးမောင်မောင်သန်း
ချစ်မေမေ - ဒေါ်ခင်ဌေးမြင့်။

ကွမ်းခြံကုန်းမြို့နယ် အမျိုးသားကျောင်း အထက(၂) နဝမအကြိမ် မြတ်ဆရာပူဇော်ပွဲ ကျင်းပမည်

ကွမ်းခြံကုန်းမြို့နယ် အမျိုးသားကျောင်းအထက(၂)၌ တာဝန်ထမ်းဆောင်ခဲ့ကြသော အငြိမ်းစား ဆရာကြီး ဆရာမကြီး ၅၂ ဦးအား နဝမအကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲနှင့် ကျောင်းသား ကျောင်းသူဟောင်းများ ပြန်လည်တွေ့ဆုံပွဲကို ၂၀၀၉ခုနှစ် ဒီဇင်ဘာ၂၆ရက် (၁၃၇၁ခုနှစ် ပြာသိုလဆန်း ၁၁ရက်)တွင် ကွမ်းခြံကုန်း အထက(၂) မြက်ခင်းပြင်၌ ကျင်းပမည်ဖြစ်သည်။

တပည့်ဟောင်း ကျောင်းသား ကျောင်းသူများအနေဖြင့် နဝမအကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲအတွက် ပါဝင်လှူဒါန်းလိုပါက ရန်ကုန်မြို့ရှိ ဦးကျော်ခိုင် ဖုန်း-၂၄၆၁၄၀၊၀၉-၅၂-၀၀၅၆၁၊ ဦးစိုးညွန့် ဖုန်း-၅၄၁၆၈၆၊ ဗိုလ်မှူးမြင့်သူ ဖုန်း-၃၉၈၂၀၀၊ ၀၉-၈၇-၆၁၄၁၁၊ ကွမ်းခြံကုန်းမြို့တွင် ဦးသန်းထွန်း ဖုန်း-၂၆၅၁၁၈၊ ၀၉-၈၆-၄၀၆၈၈၊ ဦးစံရွှေ ဖုန်း-၂၆၅၀၅၈၊ ၀၉-၈၆-၄၀၇၅၅၊ ဦးစန်းရွှေ ဖုန်း-၂၆၅၁၆၈၊ ၀၉-၈၆-၄၀၅၇၅ တို့သို့ ဆက်သွယ်လှူဒါန်းကြရန် နှိုးဆော်အပ်ပါသည်။

ဖခင်အမည်မှန်

တောင်ဥက္ကလာပ၊ အထက-၄၊ တက္ကသိုလ်ဝင်တန်း(ဃ)မှ မောင်ဆန်းထွန်း ဦး၏ ဖခင်အမည်မှန်မှာ ဦးဆန်းမြင့်(ခ) ဦးသန်းဝင်း ၇/ကတခ(နိုင်) ၀၉၉၃၂၆ ဖြစ်ပါကြောင်း။

ဦးဆန်းမြင့်(ခ)ဦးသန်းဝင်း။

နှစ်ထပ်အိမ်နှင့်ခြံရောင်းမည်

ပိုင်ရှင်ကိုယ်တိုင်၊ ညိုနိုင်းဈေး မ/ဥက္ကလာခုံးဆင်း၊ ၁ ရပ်ကွက်၊ ဘတ်စ်ကားမှတ်တိုင်နီး၊ ကမ္ဘာအေးစွယ်တော်အနီး (၂၅ပေ×ပေ၅၀) ရေမီးစုံခြံဝင်းခတ် (ပွဲစားမလို)

ဖုန်း-၅၂၇၁၃၅၊ ၇၂၃၉၀၆။

အများသိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်တိုင်း၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၀၊ မြေကွက်အမှတ်၂၁(ခ)၊ ဧရိယာ(၁၂၀၀) စတုရန်းပေ အကျယ်အဝန်းရှိသော နှစ်(၆၀) မြေငှားဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသည့် နေအိမ် အဆောက်အအုံအပါအဝင် ဆက်နွယ်ပတ်သက်သည့် အကျိုးခံစားခွင့်အရပ်ရပ် များ အားလုံးတို့အား တရားဝင် အမည်ပေါက်ဆက်ခံပိုင်ဆိုင်ခွင့်ရှိသူ ဒေါ်ခင်မြအုန်း (EMDY - ၃၁၃၀၉၉) ၏ ကိုယ်စား အထွေထွေကိုယ်စားလှယ်လွှဲစာ အမှတ်-၁၃၅၅၄/၂၀၀၈ အရ တရားဝင် ရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုလာသူ ဦးနေမျိုးထွန်း ၁၂/သဃက(နိုင်)၀၁၀၆၁၆ ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန် ညှိနှိုင်းသဘောတူညီချက်အရ ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသအား ငွေပေးချေပြီး ဖြစ်ပါ၍ အဆိုပါပစ္စည်း အရပ်ရပ်တို့နှင့် ပတ်သက်ပြီး ပိုင်ရေးဆိုင်ခွင့်ရှိကြောင်း ပြောဆိုကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ အထောက်အထားခိုင်လုံစွာဖြင့် လာရောက်တင်ပြ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိခဲ့ပါက အရောင်းအဝယ်အား ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားတော့မည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးစိန်ဝင်း (စဉ်-၆၀၈၂)
B.A, H.G.P, C.B.L, D.B.L, D.M.L ဥပဒေအကျိုးဆောင်၊
အမှတ်-၁၀/၁၂၊ ပထမထပ် (အေ-၅)၊
၃၅လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉-၉၉-၂၅၇၃၆၊ ၀၉-၅၀-၇၀၆၇၇။

(ဦးအာချွန်)၏ဇနီး ဒေါ်ခင်စန်းတင့်(ခ)အန်တီစန်း၏

စန်းရတနာ ရွှေဆိုင်သစ်ကြီးကို

အမှတ်၃၅ အရှေ့ဘက်တန်း ဗိုလ်ချုပ်အောင်ဆန်းဈေးမှာ

၁-၄-၂၀၀၉ ရက်တွင် ဖွင့်လှစ်လိုက်ပါပြီ။

မိတ်ဟောင်း၊ မိတ်သစ်များအား ပစ္စည်းမှန်၊ ဈေးနှုန်းမှန်ဖြင့် ရောင်းချပေးနေပါပြီ။

၂၀၀၉ မတိုင်မီက ဝယ်ယူထားသော အာချွန်တံဆိပ်ပါသည့် ရွှေထည်များလည်း ပြန်လည်ရောင်းချနိုင်ပါသည်။

ပွင့်ဖူးပါတိတ်တစ်ဆိုင်ကျော်
ပန်းချီပြခန်းမျက်နှာချင်းဆိုင်
ဖုန်း-၂၄၆၆၀၆၊ ၂၄၀၉၆၆ Ex. (၄၆၈)

အားလုံးကိုကြိုဆိုလျက်
စန်းရတနာရွှေဆိုင်
ဦးစိန်ထွန်း(ခ)ဦးအာချွန်
ဇနီးအန်တီစန်း။

ကွင်းဆင်းစစ်ဆေး

အုတ်တွင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ မြို့သန့်ရှင်းသာယာလှပရေး စီမံချက်အရ အဖွဲ့ပိုင်ပျိုးဥယျာဉ်အတွင်း ပျိုးထောင်ထားရှိသော ပန်းအလှပင်များ၊ အရိပ်ရပင်များ ပျိုးထောင်ထားရှိမှုကို စက်တင်ဘာ ၁၇ရက်က ပဲခူးတိုင်းစည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးတင်ဝင်းနှင့်အဖွဲ့ ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးတင်ရှိန်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးထွန်းသန့်တို့က ရှင်းလင်းတင်ပြကြစဉ်။

(မြို့နယ်စည်ပင်)

အမက(၁၆) ဒဂုံမြို့သစ် (မြောက်ပိုင်း) ပညာရည်ချွန်ဆုပေးပွဲကို စက်တင်ဘာ ၁၉ရက်က ကျင်းပရာ ငါးနှစ်ဆက်တိုက် ပညာရည်ချွန်ဆု၊ မြို့နယ်ဘက်စုံထူးချွန်ဆု၊ ကျောင်းမိသားစု စာပေထူးချွန်ဆု၊ မြို့နယ်သင်္ချာထူးချွန်(မ) ဆုများရရှိသော မဆုပြည့်စုံအား ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်ခင်ရီက ဂုဏ်ပြုဆုပေးအပ်စဉ်။

(ပညာရေး)

(၁၀-၉-၂၀၀၉)ရက်ထုတ် မြန်မာ့အလင်း သတင်းစာပါ ဒေါ်ချောကလျာ၊ ဦးကျော်စွာဟိန်းတို့၏လွှဲအပ်ညွှန်ကြားချက်အရ တရားရုံးချုပ်ရှေ့နေ ဦးလှမျိုး၏ အများသိစေရန် ကြေညာခြင်းအပေါ်

ရှင်းလင်းကြေညာခြင်း

ရန်ကုန်တိုင်း၊ ပုဇွန်တောင်မြို့နယ်၊ အမှတ်(၁)ရပ်ကွက်၊ လမ်း ၅၀၊ အမှတ် ၁၀၆ (မြေညီထပ်) (၂)လွှာ အခန်းသည် ကွယ်လွန်သူ ဦးလှနီနှင့် ဒေါ်မြင့်မြင့်စိန် တို့ ပိုင်ဆိုင်သည့်တိုက်ခန်းမဟုတ်ပါ။ ဒေါ်မြင့်မြင့်စိန်၏မိခင် သက်ရှိထင်ရှားရှိနေသူ ဒေါ်ခင်စိန် ပိုင်ဆိုင်သည့်အခန်းဖြစ်ပြီး ဒေါ်ခင်စိန်မှ ယင်းအခန်းကို မြေပိုင်ရှင်ထံမှ တိုက်ရိုက်ဝယ်ယူစဉ်က ဒေါ်ခင်စိန်သည် အသက်အရွယ်အရ ရုံးပြင်ကနားသို့ ကိုယ်တိုင်သွားလာဆောင်ရွက်နိုင်ရန် အခက်အခဲရှိနေသဖြင့် ယင်းကိစ္စများကို ဆောင်ရွက်နိုင်ရန်အတွက် တစ်ဦးတည်းသောသမီး ဒေါ်မြင့်မြင့်စိန်၏အမည်ကို တိုက်ခန်းအရောင်းအဝယ်စာချုပ်၌ ပူးတွဲထည့်သွင်း ဝယ်ယူခဲ့ခြင်းသာ ဖြစ်ပါသည်။ သို့ဖြစ်၍ ယင်းတိုက်ခန်းသည် ဦးလှနီနှင့်ဒေါ်မြင့်မြင့်စိန်တို့ ကွယ်လွန်ရာ၌ ကျန်ရစ်သည့် အမွေပစ္စည်းမဟုတ်ဘဲ ပိုင်ရှင်အဘွားဒေါ်ခင်စိန်ကိုယ်တိုင် နေထိုင်လျက်ရှိပြီး အကျိုးအကြောင်းကို အဘွားဒေါ်ခင်စိန်အား တိုက်ရိုက်မေးမြန်းနိုင်ပါလျက်နှင့် ထိုသို့ မေးမြန်းခြင်းမပြုဘဲ သတင်းစာတွင် ထည့်သွင်းခဲ့သည့် ကြော်ငြာ၌ပါရှိသည့် အတိုင်း ယင်းတိုက်ခန်းမှာ ဦးသူရထွဋ်အောင်၊ ဒေါ်ချောကလျာ၊ ဦးကျော်စွာဟိန်းနှင့် ဒေါ်ကေခိုင်ဦးတို့ မောင်နှမလေးဦး ပူးတွဲပိုင်ဆိုင်သည့် အမွေဆိုင်တိုက်ခန်း မဟုတ်ပါကြောင်း ပြန်လည်ရှင်းလင်းကြေညာအပ်ပါသည်။ အထက်ပါတိုက်ခန်း အရောင်းအဝယ်နှင့် စပ်လျဉ်း၍ ကန့်ကွက်လိုပါက ခိုင်လုံသည့် အထောက်အထားများနှင့်တကွ ကျွန်ုပ်ထံသို့ ဤရှင်းလင်းချက် ကြော်ငြာပါရှိသည့်ရက်မှ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် အထောက်အထားခိုင်လုံမှုမရှိပါက ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

ဒေါ်ခင်စိန်နှင့် မြေး ဦးသူရထွဋ်အောင်တို့၏ လွှဲအပ်ညွှန်ကြားချက်အရ -

ဦးဇင်ထွန်း
တရားရုံးချုပ်ရှေ့နေ
အမှတ် ၃၁/၃၃၊ (၅)လွှာ
၃၅လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်။



အားကစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး

သီးနှံများ အောင်မြင်ဖြစ်ထွန်းရေးနှင့် စိုက်ပျိုးရေးရရှိရေး စနစ်တကျဆောင်ရွက် မြေလွတ်မြေရိုင်းတွင် သီးနှံများ သီးညှပ်စိုက်ပျိုး

မန္တလေး စက်တင်ဘာ ၁၈

မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ် ဖုန်းဇော်ဟန်နှင့်အဖွဲ့သည် ဩဂုတ် ၂၈ရက် ညနေ ၄နာရီခွဲက ရေတံခွန်တောင်ဒေသရှိ အမှတ်(၁)နှင့် အမှတ်(၂) ဘက်စုံစိုက်ပျိုးရေးနှင့် မွေးမြူရေးခြံများသို့သွားရောက် ကြည့်ရှုစစ်ဆေးသည်။ (ယာပုံ)

ရှင်းလင်းတင်ပြ

ရှေးဦးစွာ မြို့တော်ဝန်နှင့်အဖွဲ့သည် ရေတံခွန်တောင်ဒေသ အမှတ်(၂)ဘက်စုံ စိုက်ပျိုးရေးနှင့်မွေးမြူရေးခြံသို့ ရောက်ရှိ စစ်ဆေးရာ စိုက်ပျိုးရေးနှင့်မွေးမြူရေးဌာန ဌာနမှူးနှင့် တာဝန်ရှိသူများက ရေမှော်ပင်၊ ဇေဒါ၊ ကောက်ရိုးရောစပ်၍ပြုလုပ်ထားသော သဘာဝမြေဩဇာ ၁၅ပိဿာဝင်အိတ် တစ်သောင်း ထုတ်လုပ်ရန် လျာထားချက် စတင်အကောင်အထည်ဖော် ဆောင်ရွက်နေမှု၊ ဧရိယာ ၁၈ဒသမ ၅၇ ဧကအတွင်း သီးနှံစိုက်ခင်း နယ်မြေပေါ်တွင် သဘော်ပင်စိုက်ခင်း စိုက်ပျိုးထားရှိမှု၊ ကညွတ်၊ ငှက်ပျောနှင့်ခရမ်းပင်များ စိုက်ပျိုးထားရှိမှု အခြေအနေများ၊ ဒေသန္တရတိုင်ထောင် ခရမ်းချဉ်ပင်များ ဆက်လက်စိုက်ပျိုးထားရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

သီးညှပ်စိုက်ပျိုးရေး

ထို့နောက် မြို့တော်ဝန်နှင့်အဖွဲ့သည် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ၊ သဘာဝမြေဩဇာထုတ်လုပ်မှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး သီးနှံများအောင်မြင်ဖြစ်ထွန်းရေးနှင့် စိုက်ပျိုးရေးရရှိရေးအတွက် စနစ်တကျ ဆောင်ရွက်ထားရှိရေး၊ မြေလွတ်၊ မြေရိုင်းများကို အကျိုးရှိစွာသုံးစွဲရေး၊ ရာသီပေါ်သီးနှံများအား သီးညှပ်စိုက်ပျိုးရေးနှင့် အခြားလိုအပ်ချက်များကို စိုက်ပျိုးရေးနှင့် မွေးမြူရေးဌာန ဌာနမှူးနှင့် တာဝန်ရှိသူများအား မှာကြားသည်။

ဖြည့်ဆည်းဆောင်ရွက်

ဆက်လက်၍ မြို့တော်ဝန်နှင့်အဖွဲ့သည် အမှတ် (၁) ဘက်စုံ စိုက်ပျိုးရေးနှင့်မွေးမြူရေးခြံသို့ရောက်ရှိပြီး ပျိုးခြံများမှ ပိန္နဲ၊ သရက်၊ စိန်ပန်းနီ၊ သဘော်၊ မရမ်းပင်များနှင့် ရာသီအလိုက်သီးနှံများ စိုက်ပျိုးထားရှိမှု အခြေအနေများကိုလည်းကောင်း၊ နို့စားနွားမွေးမြူရေးလုပ်ငန်းများမှ နို့စားနွားမကြီးများ မွေးမြူထားရှိမှု အခြေအနေများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး စိုက်ပျိုးရေးနှင့်မွေးမြူရေးဌာန ဌာနမှူးနှင့် တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့သည်။ **(၃၁၃)**



တက္ကသိုလ်ဝင်တန်းစာမေးပွဲ အောင်ချက်မြင့်မားရေး ဘာသာရပ်အလိုက်ပို့ချမှု သင်တန်းဖွင့်ပွဲ ပြည်၌ကျင်းပ

ပြည် စက်တင်ဘာ ၁၆

ပဲခူးတိုင်း (အနောက်ပိုင်း) ၂၀၁၀ ပြည့်နှစ် တက္ကသိုလ်ဝင်တန်း စာမေးပွဲ အောင်ချက်မြင့်မားရေး ဘာသာရပ်အလိုက် ပို့ချမှု သင်တန်း (ပထမအကြိမ်)နှင့် ၂၀၀၉ ခုနှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲ အောင်ချက်အကောင်းဆုံး မြို့နယ်နှင့် ကျောင်းများအား ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဩဂုတ် ၁၁ ရက် နံနက်၈နာရီက ပြည်မြို့ အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။

တင်ပြ

ရှေးဦးစွာ ပဲခူးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဗိုလ်မှူးချုပ်စိန်မြင့်က ဂုဏ်ပြုအမှာစကားပြောကြားပြီး တိုင်းပညာရေးမှူး ဦးဇော်ဝင်းက သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်နှင့် ၂၀၀၉ ခုနှစ် တက္ကသိုလ်ဝင်တန်း စာမေးပွဲတွင် မြို့နယ်အလိုက် အောင်ချက်ရရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆုချီးမြှင့်

ထို့နောက် ပဲခူးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဗိုလ်မှူးချုပ်စိန်မြင့်နှင့် ပဲခူးတိုင်း (အနောက်ပိုင်း) ပညာရေးကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးမောင်မောင်အောင်တို့က ၂၀၀၉ ခုနှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် အောင်ချက်အကောင်းဆုံးဆုရ မြို့နယ်နှင့် ကျောင်းများကို ဆုများချီးမြှင့်ကြသည်။ **(အပေါ်ပုံ)**

(တိုင်း ပြန်/ဆက်)

ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များအတွက် သတင်းစာ၊ စာအုပ်စာစောင်များလှူဒါန်းပွဲ လင်းခေး၌ကျင်းပ

လင်းခေး စက်တင်ဘာ ၁၈

လင်းခေးခရိုင်အတွင်းရှိ ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များအတွက် DTH စနစ်စလောင်း၊ သတင်းစာနှင့်စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ဩဂုတ် ၂၇ရက် နံနက် ၈ နာရီက လင်းခေးခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနရုံးခန်းမ၌ ကျင်းပသည်။

ရှင်းလင်း

အခမ်းအနားတွင် လင်းခေးခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်ဆန်းက အမှာစကား ပြောကြားပြီး ရှမ်းပြည်နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဒေါ်မေမေနီက လှူဒါန်းပေးအပ်ပွဲ ကျင်းပရခြင်းအကြောင်း ရှင်းလင်းပြောကြားသည်။

အဆိုပါ လှူဒါန်းပွဲကို ဆက်လက်ကျင်းပရာ ခရိုင်ဥက္ကဋ္ဌ ဦးကျော်ဆန်းက ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီမှ လှူဒါန်းသော သတင်းစာ ၃၄ စောင်ကို ပေးအပ်လှူဒါန်းရာ ခရိုင်ဦးစီးအရာရှိ ဦးအယ်လ်စိုးထန်တူးက လက်ခံယူသည်။ ဆက်လက်ပြီး ပြည်နယ်ဦးစီးမှူး ဒေါ်မေမေနီက လင်းခေးခရိုင်အတွင်းရှိ ကျေးရွာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များအတွက် DTH စနစ် စလောင်းများကို ပေးအပ်လှူဒါန်းသည်။

လှူဒါန်း

ဆက်လက်၍ ရှမ်းပြည်နယ် ပြည်နယ်ဦးစီးမှူးက DTH စနစ် စလောင်းများကို ခရိုင်အတွင်းရှိ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးများသို့ ပေးအပ်လှူဒါန်းရာ လင်းခေးခရိုင် ဦးစီးမှူးက လက်ခံယူသည်။ ဆက်လက်ပြီး ရှမ်းပြည်နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မေမေနီက ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များအတွက် စာအုပ်များ ပေးအပ်လှူဒါန်းရာ လင်းခေးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်ကျော်က လက်ခံယူသည်။

(ပြည်နယ် ပြန်/ဆက်)

ရပ်စောက်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ မိုးရာသီ ရေစီးရေလာ ကောင်းမွန်ရေးအတွက် ရပ်စောက်မြို့ ဥတ္တံတားရပ်ကွက်နေ ပြည်သူများ ရေမြောင်းများ တူးဖော်ဆောင်ရွက်နေမှုနှင့် ရပ်ကွက်အတွင်းရေစီးရေလာ ကောင်းမွန်ရေးအတွက် ဆောင်ရွက်မှုများကို ဩဂုတ် ၂၉ရက်က အမှုဆောင်အရာရှိ ဦးသောင်းညွန့်၊ အငယ်တန်းအင်ဂျင်နီယာ(၂) ဦးခင်မောင်ကျော်တို့နှင့် ရပ်ကွက်ဥက္ကဋ္ဌ ဦးစိန်ကံမြိုင်တို့ ကြပ်မတ်ဆောင်ရွက်စဉ်။

(မြို့နယ် ပြန်/ဆက်)

အခွန်ဆိုင်ရာ ရှင်းလင်းဆွေးနွေးပွဲ စစ်ကိုင်း၌ကျင်းပ

စစ်ကိုင်း စက်တင်ဘာ ၁၅

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ပြည်တွင်းအခွန်များဦးစီးဌာန စစ်ကိုင်းမြို့နယ် အခွန်ဦးစီးဌာနမှူးရုံး၌ စားသောက်ဆိုင်လုပ်ငန်းရှင်များအား အခွန်ဆိုင်ရာ ရှင်းလင်းဆွေးနွေးပွဲအခမ်းအနားကို ဩဂုတ် ၃၁ရက် နံနက်၁၁နာရီက ကျင်းပရာ စစ်ကိုင်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်မိုး၊ မြို့နယ်စည်ပင်သာယာ အုပ်ချုပ်ရေးမှူး ဦးဝင်းဆွေ၊ မြို့နယ်အခွန်ဦးစီးဌာနမှူး ဦးမြင့်ဆွေနှင့် စားသောက်ဆိုင်လုပ်ငန်းရှင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှင်းလင်းဆွေးနွေး

*ရှင်းလင်းဆွေးနွေးပွဲတွင် မြို့နယ်ဥက္ကဋ္ဌက အမှာစကားပြောကြားပြီး မြို့နယ်အခွန်ဦးစီးဌာနမှူးက စားသောက်ဆိုင်လုပ်ငန်းရှင်များ လိုက်နာဆောင်ရွက်ရမည့် ကုန်သွယ်လုပ်ငန်းခွန်ဥပဒေပါ အချက်များကို ရှင်းလင်းဆွေးနွေးသည်။ **(အောက်ပုံ)** ထို့နောက် တက်ရောက်လာကြသော စားသောက်ဆိုင်လုပ်ငန်းရှင်များက သိရှိလိုသည့် မေးမြန်းချက်အပေါ် တာဝန်ရှိသူများက ပြန်လည်ရှင်းလင်း ဆွေးနွေးကြသည်။*

(ခရိုင် ပြန်/ဆက်)

သွေးလွန်တုပ်ကွေးကာကွယ်

ကျိုက်ထိုမြို့နယ် စည်ပင်သာယာရေးအဖွဲ့ သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်ရေးအတွက် ရပ်ကွက်များအတွင်း ခြင်ဆေးဖျန်းစက်ဖြင့် ဆေးဖျန်းခြင်းလုပ်ငန်း ဆောင်ရွက်မှုကို အမှုဆောင်အရာရှိ ဦးနေထက်ရှိန်နှင့် အငယ်တန်းအင်ဂျင်နီယာ(၂) ဦးမျိုးသူတို့ ကြီးကြပ်ဆောင်ရွက်ပေးစဉ်။

(မြို့နယ်စည်ပင်)

အမြို့မြို့ အနယ်နယ်သတင်းများ

ပခုက္ကူမြို့နယ် စည်ပင်သာယာရေးအဖွဲ့ သွေးလွန်တုပ်ကွေးကြိုတင်ကာ ကွယ် ရေးအတွက် ခြင်ဆေးဖျန်းခြင်းလုပ်ငန်းကိုဒုတိယဦးစီးမှူး (သန့်)ဦးဆန်းဝင်း ဆောင်ရွက်ရာသို့ အင်ဂျင်နီယာမှူး ဦးသိန်းဇော် ကွင်းဆင်းကြီးကြပ်ပေးစဉ်။

(မြို့နယ်စည်ပင်)

★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။
★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

ပြည်သူ့ဆန္ဒ သဘောထား

■ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
■ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
■ ဆူပူအကြမ်းဖက်မှုကို မလိုလား။
■ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ- ဝိုင်းဝန်းဖယ်ရှား။

✳ VOA, BBC - ရန်တိုက်ပေးနေသည်။
✳ RFA, DVB - သွေးထိုးနေသည်။
✳ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံများ။
✳ နားမယောင်လေနဲ့ သတိထား။

မန္တလေးတိုင်း ပြင်ဦးလွင်မြို့တွင် ပန်းပေါင်းစုံဖြင့် အလှခြယ်မှုန်းထားသော အဝိုင်းတစ်နေရာ။
ဓာတ်ပုံမှတ်တမ်း-မျိုးမင်းသိန်း(မရမ်းကုန်း)

စည်ပင်ဖွံ့ဖြိုး အလှတိုးနေသော ပန်းမြို့တော်

သတင်းခရီးသည်
မြင့်မောင်စိုး
ဓာတ်ပုံမှတ်တမ်း
မျိုးမင်းသိန်း(မရမ်းကုန်း)
စာမျက်နှာဖွဲ့စည်းမှု
ဝင့်မာသွင် (မြန်မာ့အလင်း)

ပြင်ဦးလွင် စက်တင်ဘာ ၂၁

ပြင်ဦးလွင်မြို့သည် သာယာလှပလွန်းလှသော သဘာဝရေမြေတောတောင်နှင့် အေးမြသာယာသော ရာသီဥတုကြောင့် ခရီးသွားများ လာရောက်အပန်းဖြေရာမြို့အဖြစ် ထင်ရှားသည်။ မြို့၏ အထင်ကရနေရာများဖြစ်သည့် အမျိုးသားကန်တော်ကြီးဥယျာဉ်၊ မဟာအံ့ထူးကံသာ ဆုတောင်းပြည့်မြတ်စွာဘုရား၊ ပိတ်ချင်းမြောင်နန္ဒမူလိုဏ်ဂူ၊ ပွဲကောက်ရေတံခွန်၊ နန်းမြင့်မျှော်စင်၊ ဓာတ်တော်ချိုင့်ရေတံခွန်၊ နီးဘုရားတို့ကလည်း ခရီးသွားများအား ဆွဲဆောင်လျက်ရှိပေသည်။

အချက်အချာ

မြို့တည်နေရာဒေသမှာ စီးပွားရေးအချက်အချာကျသည့် မန္တလေးမြို့၏အရှေ့ဘက် ၄၂မိုင်အကွာ ပင်လယ်ရေမျက်နှာပြင်အထက် ၃၅၃၈ပေတွင် ရှိခြင်းကြောင့်ရာသီဥတုမှာ *စာမျက်နှာ ၉ ကော်လံ ၁ ✳*

မြန်မာ့အလင်း အင်တာနက်ကျန်းမာရေး

သံပရာသီးကို ပုံမှန်စားသုံးပေးပါလျှင် ရုတ်တရက်လေဖြတ်ခြင်းကို ကာကွယ်ပေးနိုင်ဟုဆို



သံပရာသီးသည် ဗီတာမင်စီဓာတ် ပေါများစွာ ပါဝင်သော အသီးဖြစ်သည်။ ဓာတ်တိုးပစ္စည်း ချေဖျက်မှုနှင့် အန္တရာယ်ကြီးသည့် ဗိုင်းရပ်စ်များကို ချေဖျက်နိုင်သော အစွမ်းရှိသည်။

ဖျက်ဆီးနိုင်

သံပရာသီးတွင် ပါဝင်သော ဓာတ်များ၌ ဝမ်းရောဂါပိုးကို ဖျက်ဆီးနိုင်စွမ်းရှိပြီး ခန္ဓာကိုယ်တွင်းရှိ ရောဂါဗိုင်းရပ်စ်များကိုလည်း ချေဖျက်တားဆီးနိုင်ကြောင်း သိရသည်။

ကာကွယ်နိုင်

သံပရာသီး သို့မဟုတ် သံပရာရည်ကို နေ့စဉ် ပုံမှန်သောက်သုံးပေးပါက ရုတ်တရက် လေဖြတ်ခြင်း၊ နှလုံးရောဂါ၊ သွေးပေါင်မြင့်တက်ခြင်းနှင့် သွေးအတွင်း ကိုလက်စထရောများခြင်းကို ဟန့်တားကာကွယ်နိုင်သည်ဟု ဗြိတိသျှ ဆေးသိပ္ပံပညာရှင်များက ပြောကြားသည်။

ဖယ်ရှားနိုင်

ထို့အပြင် သံပရာဖျော်ရည်ကို နေ့စဉ် ပုံမှန်သောက်သုံးပေးပါက ခန္ဓာကိုယ်တွင်း ပျက်စီးနေသောဆဲလ်များနှင့် အဆိပ်ဓာတ်များကို ဖယ်ရှားနိုင်ပြီး ကျန်းမာရေးကို အထောက်အကူပြုစေကြောင်း သိရသည်။ ။